တက္ကသိုလ်

ဖန်လင်းဖဒေါင်

ချစ်ခြင်းမေတ္တာလိမ်
သွေးစီးအိမ်

၇

အခန်း (၅၂)

ဝိညာဉ်နှင့် စေတမန်များ

ဟုန်ဟုန်သည် ဆင့်ခြင်းလုံရှင်၏ သိုင်းပညာကို ရယူထားရုံမက လင်ကြူဆရာကြီး၏ သိုင်းပညာကိုပါ ရယူထားသူ ဖြစ်သဖြင့် သိုင်းလောကဌ ထိပ်သီးသိုင်းသမားအဖြစ် သတ်မှတ်နိုင်သူ ဖြစ်သည်။

ဝမ်ယွင်ချောင်မှာ သိုင်းပညာတတ်ထားသူ မဟုတ်သော်လည်း ကြီးမားသော အတွင်းအားပညာကို ရရှိထားသဖြင့် သူလည်း သာမန် သိုင်းသမားထက်တော့ အဆင့်မြင့်သည်။

ထို့ကြောင့် လျှပ်တစ်ပြက် တိုက်နိုက်လာသည့် ဟူတန်းရသေ့များ၏ တိုက်ကွက်များကို ဘေးကင်းစွာ ရှောင်တိမ်းနိုင်ခဲ့ကြ၏။

ရသေ့ရှစ်ဦးသည် .... ပထမတိုက်ကွက် လွဲချော်သွားသည်နှင့် ဒုတိယတိုက်ကွက်ကို ဆက်တိုက် ထုတ်လာသည်။

ဘေးရှစ်ချောင်းသည် တဝင်းဝင်း တလက်လက် ဖြစ်လာပြီး ဝမ်ယွင်ချောင်တို့ကို အုပ်မိုးလာသည်။

ဟူတန်းအဖွဲ့သည် ဘေးသိုင်းပညာတွင် နာမည်ကျော်သော အဖွဲ့ဖြစ်၏။

ဟူတန်းဂိုဏ်း၏ သံမဏိယပ်တောင်ကိုင် ဝါစဉ်ကြီး ရသေ့ကြီး သုံးဦးမှာ တပည့်ရှစ်ယောက် လွှင့်ထွက်လာသည်ကို ကြည့်ပြီး မျက်မှောင်ကုတ်လိုက်မိသည်။

"ဘေးဖယ်နေကြ .... "

ရသေ့ကြီးတစ်ဦးက အော်လိုက်၏။

ရသေ့ကြီးများသည် ပြိုင်တူ တိုင်ပင်ထားသလို ရှေ့သို့ ခုန်ထွက်လာကြသည်။

သူတို့သည် ဝမ်ယွင်ချောင်တို့နှင့် ဆယ်ပေမျှအကွာတွင် တန်းစီရပ်လိုက်ကြပြီး ယပ်တောင်များကို ရင်ဝဲ၌ ကာထားလိုက်၏။

သံမဏိယပ်တောင်မှ အပြားကလေးများသည် တဝင်းဝင်း တလက်လက် တောက်ပနေသည်။

ဤလက်နက်မှာ လှပသော်လည်း လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော လက်နက်ဖြစ်သည်။

ရသေ့ကြီး သုံးဦးထဲမှ ဝါအကြီးဆုံး ရွှင်ကျီးကြည်က ဝမ်ယွင်ချောင်ကို စိုက်ကြည့်ပြီး အေးစက်စက် ပြောလိုက်၏။

"မင်းရဲ့ အတွင်းအားကတော့ အံ့မခန်း အတွင်းအားပါပဲ ....

သူတို့၏ ပူးပေါင်းတိုက်ကွက်များသည်လည်း လွန်စွာကြောက်မက်ဖွယ် ကောင်းလှသည်။

ဝမ်ယွင်ချောင် ရသေ့များနှင့် ရန်မဖြစ်ချင်သဖြင့် ပထမတိုက်ကွက်ကို ရှောင်ပေးခဲ့၏။

သို့သော် ....

ဒုတိယတိုက်ကွက် ဝင်လာသောအခါ ရှောင်၍ မရတော့ချေ။

လက်နှစ်ဖက်ကို ဝှေ့ယမ်းပြီး တရကြမ်း တွန်းထုတ်လိုက်သည်။ ဟုန်ဟုန်ကလည်း တစ်ပြိုင်နက်တည်းလိုလို လက်ဝါးရိုက်ချက်ကို တွန်းလွှတ်လိုက်သည်။

နှစ်ယောက်ပေါင်း တွန်းအားသည် တစ်စည်းတစ်လုံးတည်း ဖြစ်သွားလေ၏။

ဓားကိုင်ရသေ့များသည် နောက်သို့ လန့်ထွက်သွားသည်။

ရသေ့နှစ်ဦးသည် နောက်အဆုတ် နှေးသွားသဖြင့် လက်ဝါးဒဏ်ကို ခံလိုက်ရသည်။

ဝေ့ခနဲ သွေးများ ထိုးအန်သည်။ လက်ထဲမှ ဓားနှစ်ချောင်းလည်း လွတ်ကျသွား၏။

ဝမ်ယွင်ချောင်သည် လင်ကြူတောင်ရှာ တိုက်ပွဲတွင် လီဝိုင်မေနှင့်တွဲပြီး ဂိုဏ်းကြီးရှစ်ဂိုဏ်းမှ ဂိုဏ်းချုပ်ဆယ်ယောက်ကို ယှဉ်နိုင်ခဲ့သူ ဖြစ်၏။

ဟူတန်းဂိုဏ်းသားများကို ဤသို့ လွှင့်ထွက်သွားအောင် တိုက်နိုက်နိုင်ခြင်းမှာ အဆန်းမဟုတ်တော့ချေ။

❐○❐

မင်း ဒီတော့ ဟူတန်းသုံးဖော်နဲ့ ယှဉ်ကြည့်ကြတာပေါ့ .... "

ရသေ့ကြီး သုံးဦးသည် အသက်ရှစ်ဆယ်ခန့်စီ ရှိကြ၏။

ဝါစဉ်ကြီးရသေ့ကြီးများဖြစ်၍ ဟူတန်းဂိုဏ်း၏ ဂုဏ်သိက္ခာကို ကာကွယ်ရန် ပို၍ တာဝန်ရှိနေကြသည်။

ဝမ်ယွင်ချောင်သည် မလိုအပ်ဘဲ ယှဉ်ပြိုင်တိုက်ခိုက်လိုခြင်း မရှိသဖြင့် အကျိုးသင့်အကြောင်းသင့် ထပ်မံ ရှင်းပြသည်။

"ဆရာရသေ့ကြီးတို့ကို ကျွန်တော် ထပ်ပြီး ရှင်းပြပါရစေ .... ကျွန်တော်တို့ဟာ ဝိညာဉ်နှတ်ဒေဝီလည်း မဟုတ် .... ဝိညာဉ်နှတ်စေတမန်လည်း မဟုတ်ဘူး .... တစ်ယောက်နဲ့တစ်ယောက် သွေးထွက်သံယိုဖြစ်ပြီးမှ နောင်တရတယ်ဆိုတာ မကောင်းပါဘူး ခင်ဗျာ"

ရွှင်ကျိုးကြည့် ရသေ့ကြီးက မချိုပြုံး ပြုံးပြီး ဆက်ပြောလာသည်။

"အခုမှတော့ အပိုစကားတွေ လာပြောမနေနဲ့တော့ .... အချိန်ကုန်တယ် .... မင်းတို့နှစ်ယောက်သာ ကျုပ်တို့ တိုက်ကွက်ကို ထိုးဖောက်နိုင်ရင် လိုရာကို သွားခွင့်ပြုမယ် .... "

"တကယ်လို့ ဆရာရသေ့ကြီးတို့ရဲ့ တိုက်ကွက်ကို ထိုးဖောက်မထွက်နိုင်ရင်ကော .... "

"အဲဒီလို ဆိုရင်တော့ မင်းတို့နှစ်ယောက်စလုံး ဟူတန်းတောင်ပေါ်ကို အေးအေးဆေးဆေး လိုက်ခဲ့ရုံပေါ့ .... "

ဝမ်ယွင်ချောင်သည် ဟုန်ဟုန်အား လှမ်း၍ ကြည့်လိုက်၏။

တိုက်ခိုက်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ပြီဟူသော အကြည့်ပင်။

ဝမ်ယွင်ချောင်က ....

"ကဲ....ရှင်းပြလို့မှလက်မခံနိုင်ရင်လည်းရသေ့ကြီးတို့သဘောပဲ"

ဝမ်ယွင်ချောင်၏ စကားဆုံးသည်နှင့် ယပ်တောင်လှုပ်ရှားသံများ တဟူးဟူး မြည်လာ၏။

ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့သည် တရိပ်ရိပ် ဝင်လာသော ယပ်တောင်တိုက်ကွက်များကို ဖျတ်ခနဲ ဖျတ်ခနဲ ရှောင်တိမ်းလိုက်ကြရသည်။

လက်ဝါးရိုက်ချက်များကို တန်ပြန်ရိုက်ထုတ်လွှတ်ကြရသည်။

သို့သော် နှစ်ယောက်စလုံး၏ တွန်းအားသည် လေကိုသာ တွန်းမိသွားသည်။

အကြောင်းမူ ဟူတန်းသုံးယောက်တိုက်ကွက်သည် ဟန်ပြတိုက်ကွက်သာ ဖြစ်သောကြောင့်တည်း။

❐○❐

နှင့် တန်ပြန်တိုက်ခိုက်ကြရသည်။

သို့သော် သူတို့၏ တိုက်ကွက်များသည် လေကိုသာ တိုက်မိနေကြသည်။ ရသေ့များ၏ ယပ်တောင် အနှတ်အသိမ်းမှာ လွန်စွာလျင်မြန်နေ၏။

လေးငါးကြိမ်မျှ ဤအတိုင်း ဖြစ်နေသောအခါ ဝမ်ယွင်ချောင်ကော ဟုန်ဟုန်ပါ စောချွေးပြန်လာတော့သည်။

ရသေ့ကြီးသုံးဦးသည် ဝမ်ယွင်ချောင်တို့ကို ဖိတိုက်နေရာမှ ယပ်တောင်တိုက်ကွက်များကို တစ်ကွက်ပြီးတစ်ကွက် ပြောင်းလာကြသည်။

ကြာသော် ယပ်တောင်သုံးချောင်းသည် ကန့်လန့်ကာကြီးလို ဖြစ်ပြီး လွှမ်းခြုံလာတော့သည်။

ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့မှာ အသက်ရှူကျပ်လာကြပြီး အားကုန်လာကြရ၏။

ဝမ်ယွင်ချောင်မှာ ဤရသေ့သုံးဦးနှင့်ကျမှ သူ တွန်းထုတ်နိုင်ခြင်း မရှိသည်ကို အဘယ်ကြောင့် ဖြစ်ရသနည်းဟု စဉ်းစားနေ၏။

သို့သော် ဤပုံစံအတိုင်း ဆက်သွားပါက သူတို့အတွက် အခြေအနေမကောင်းကြောင်း ရိပ်မိလာ၏။

ထိုစဉ် ဟုတန်းသုံးဖော်၏ တဟားဟား ရယ်သံများ ပေါ်လာသည်။

"မင်းတို့ ကြောက်နေပြီလား .... နောက်ထပ် သုံးကွက်တိုက်ပြီးရင် မင်းတို့ ဒူးထောက်ရတော့မှာပေါ့။ ဟား ဟား ဟား .... "

ဝမ်ယွင်ချောင် အံကြိတ်မိသည်။ ဟုန်ဟုန်သည်လည်း ကိုယ့်ကိုယ်ကိုယ် အားမလို အားမရ ဖြစ်လာသည်။

သူတို့သည် ရှေ့တိုးဟန်နှင့် နောက်သို့ ပြန်ဆုတ်သွားကြသည်။

ဝမ်ယွင်ချောင်တို့ အုံအားသည့် အခိုက်တွင်မှ ဝုန်းခနဲ ခုန်ပျံဝင်လာကြသည်။

သည်တစ်ကြိမ်တွင်လည်း တိုက်ခိုက်သည် မဟုတ်ပေ။ နေရာချင်း လဲလှယ်ပြီး ဖိခုံလောက်ဆိုင် ဝိုင်းထားလိုက်ခြင်းသာ ဖြစ်သည်။

ထို့နောက် သုံးဦးပြိုင်တူ စက်ဝိုင်းလို လည်ပတ်နေကြသည်။

ဝမ်ယွင်ချောင်တို့သည် မိမိတို့ကို ဝိုင်းပတ်လျှောက်နေသော ရသေ့ကြီးသုံးဦးကို သတိထားပြီး ကြည့်နေရသည်။

ဟူတန်းရသေ့ကြီး သုံးဦး၏ လှည့်ပတ်မှုသည် တဖြည်းဖြည်း မြန်လာပြီး ရဟတ်လို ဖြစ်လာသည်။

စက်ဝိုင်းလည်း ကျဉ်းလာ၏။ လေသံလည်း တဟူးဟူး ထလာသည်။

ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့သည် ကျောချင်းကပ် ရပ်နေကြရသည်။

သူတို့အား လှည့်ပတ်နေသည့် စက်ဝိုင်းထဲမှ လျှပ်တစ်ပြက် ထိုးထွက်လာသော ယပ်တောင်တိုက်ကွက်များကို လက်ဝါးရိုက်ချက်

လက်နက်ကို လက်နက်ဟု မမြင်ရဘဲ တိုက်ခိုက်နေရသည်မှာ ရင်မောဖွယ် ကောင်းလှသည်။

ရသေ့ကြီးသုံးဦး၏ သိုင်းပညာအဆင့်သည် ထိပ်တန်းရောက် အဆင့်ဖြစ်မှန်း ယခုမှ သဘောပေါက်လာသည်။

ဝမ်ယွင်ချောင်က အော်လိုက်၏။

"ပွဲပြီးအောင်လည်း စောင့်ကြည့်ပါဦးလေ .... ရသေ့ကြီးတို့ ထင်သလို မဖြစ်နိုင်ပါဘူး .... "

သို့သော် တန်ပြန်ရိုက်ချက်များသည် လေကိုသာ ရိုက်မိသည်။ စင်စစ် သူတို့သည် သိုင်းလောက အတွေ့အကြုံ နည်းပါးသူများ ဖြစ်ကြသည်။

ရသေ့ကြီးများက သိုင်းလောကထဲ၌ နှစ်ပေါင်းခြောက်ဆယ်မျှ ကျင်လည်ပြီးခဲ့ကြသူများ ဖြစ်လေ၏။

တိုက်ပွဲချိန် ကြာလာသည်နှင့်အမျှ အန္တရာယ်နှင့် ပိုနီးလာသည်။

သည်ထက် အချိန်ပိုကြာလျှင် ဒုက္ခရောက်မှာ သေချာနေသည်။

ထိုစဉ် ကြောက်စရာကောင်းသော မာန်သွင်းသံတစ်ခု ပေါ်လာသည်။

တစ်ပြိုင်တည်းလိုလိုမှာပင် သံ,သံချင်း ထိမိသံနှင့် တစ်စုံတစ်ရာ ပြတ်ကျသံများ မြည်ထွက်သွားသည်။

ဟူတန်းရသေ့ကြီး သုံဦးသည် ဝမ်ယွင်ချောင်တို့ကို တိုက်ခိုက်နေရာမှ ကစဉ့်ကလျားဖြစ်ပြီး နောက်သို့ ခုန်ဆုတ်သွားကြသည်။

ဝိုင်းပတ်နေသော စက်ဝိုင်းတိုက်ကွက်လည်း ပျက်သွားလေသည်။

ရသေ့ကြီးနှစ်ဦး လက်ထဲမှ .... သံမဏိယပ်တောင်နှစ်ခုသည်

ထက်ဝိုင်းပြတ်နေပြီး လက်ကိုင်သာ ရှိတော့သည်။

ဝမ်ယွင်ချောင်ကော ဟုန်ဟုန်မပါ ငေးကြောင်ကြောင်ကြီး ဖြစ်သွား၏။

မည်သူများသည် ဤတိုက်ပွဲ စည်းဝိုင်းအတွင်းသို့ ရောက်ရှိလာနုသနည်း။

မျက်နှာဖုံးကိုယ်စီ စွပ်ထားသော လူစိမ်းသုံးယောက်သည် ကောင်းကင်မှ ကျလာသူများပမာ ရုတ်တရက် ရောက်ရှိလာ၏။

သူတို့သည် ဟူတန်းရသေ့ကြီးသုံးဦး၏ 'စက်ဝိုင်းကွန်ခြာ' တိုက်ကွက်ကို ဖျက်ဆီးပစ်လိုက်ကြ၏။

မည်သို့ပင်ဖြစ်စေ ဝမ်ယွင်ချောင်ကတော့ အသက်ရှူချောင်သွားသည်။

နောက်ထပ် အချိန်အနည်းငယ်အတွင်း သူတို့ ရှုံးနိမ့်သွားနိုင်သည်။

ရုတ်တရက် ရောက်လာသော လူသုံးယောက်သည် ဟူတန်းရသေ့များကို စိမ်းစိမ်းကြီး ကြည့်နေသည်။

ဟူတန်းရသေ့များကလည်း ထိုသုံးယောက်ကို စိမ်းစိမ်းပြန် ကြည့်နေကြသည်။

လူသုံးယောက်သည် ကျေးစိမ်းမျက်နှာဖုံးများ ဖုံးအုပ်ထားကြသဖြင့် ထူးခြားနေကြသည်။

ဟား ဟား ဟား .... "

ရယ်သံကား သေမင်းတမန် ရယ်သံပေတည်း။

ဝိညာဉ်နုတ်စေတမန်ဆိုသည့်အတိုင်း တကယ်လည်း အမည်နှင့် လိုက်ဖက်ပါပေ၏။

ထိုစဉ် ဟူတန်းသုံးဖော်ထဲမှ ဝါအကြီးဆုံး ရှမ်ကြည်ကျိုက အငယ်နှစ်ဦးကို အချက်ပြလိုက်၏။

ထို့နောက် တစ်ပြိုင်နက် ခုန်ပျံကာ ကျေးစိမ်းမျက်နှာဖုံးရှင် သုံးယောက်ကို ဝိုင်းတိုက်ကြတော့သည်။

ကျေးစိမ်းမျက်နှာဖုံးရှင် သုံးယောက်သည် နောက်ဆုတ်ရှောင်တိမ်းခြင်းမပြုကြဘဲ ဝုန်းခနဲ ဝင်လာသော တိုက်ကွက်ကို ထိပ်တိုက်ရင်ဆိုင်လိုက်ကြသည်။

"ဝုန်း .... "

ကျင်ကျိုးကြည်နှင့် မင်ကျိုးကြည်တို့သည် နောက်သို့ လွင့်ထွက်သွားကြသည်။

"ဝှစ် .... ဒွိုး .... "

အသံနှင့်အတူ သံလျက်ရောင် ဝင်းခနဲ ဖြစ်သွားသည်။

"အား .... "

ဝါစဉ်အကြီးဆုံး ရသေ့ကြီး ရှမ်ကြည်ကျိုမှာ ကြည့်မကောင်း ရှုမကောင်း သေဆုံးသွား၏။

တစ်ချက်တည်းနှင့် သေသည်။

ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်သည် လန့်ဖျပ်ပြီး နောက်သို့ ခုန်ထွက်လိုက်ကြသည်။

မြင်ကွင်းကား ယုံနိုင်စရာ မရှိ။

ခေါင်းဆောင်ဖြစ်ဟန်ရှိသည့် လူ၏လက်ထဲတွင်မူ ရှေးဟောင်းသံလျက်ရှည်ကြီးတစ်ချောင်းကို ဆွဲကိုင်ထား၏။

ရသေ့ကြီးနှစ်ပါးလက်ထဲမှ သံမဏိ ယပ်တောင်နှစ်ချောင်းထက်ပိုင်းပြတ်သွားခြင်းမှာ ဤသံလျက်ကြောင့်ပင်ဖြစ်လေသည်။

"တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ကောင်းတယ် .... စုစုပေါင်း ဆယ့်တစ်ဦး .... ဒီအတိုင်းဆိုရင် တို့ ညီအစ်ကိုတွေရဲ့ သွေးမှတ်တမ်းထဲမှာ ဂဏန်းတွေ အများကြီးတိုးလာမယ် .... ဒေဝီကလည်း တို့ကို အများကြီး ချီးကျူးလိမ့်မယ် .... ဟား ဟား ဟား .... "

သံလျက်ရှည်နှင့် လူက ဟူတန်းရသေ့များကို လက်ညှိုးထိုးရေတွက်ပြီး သူလူများကို လှည့်ပြောလာ၏။

လက်ကောက်ဝတ်မှ ပြတ်နေသော ရသေ့လေးသည် သံလျက်ကိုင်ထားသည့် လူကို လက်ညှိုးထိုး၍ ပြော၏။

"ခင် .... ခင်ဗျားတို့ ဝိညာဉ်နုတ် စေတမန်တွေ .... "

သံလျက်ရှည်နှင့်လူက ....

"ဟုတ်တယ် .... ဝိညာဉ်နုတ် စေတမန်တွေပဲ .... ကျုပ်က အမှတ်စဉ်လေး၊ သူက အမှတ်စဉ် ငါး၊ သူက အမှတ်စဉ် ခြောက်လေး

ဝိညာဉ်နတ် စေတမန် ခေါင်းဆောင်က ....

"နံပါတ်ငါးနဲ့ နံပါတ်ခြောက်၊ ကျွဲပ်ကတော့ တာဝန်ကျေပြီ၊ ... ကိုအလုပ်ပဲ ရှိတော့တယ် .... ဟဲ ဟဲ .... "

နံပါတ်ငါးနှင့် နံပါတ်ခြောက်က ....

"နှပဲ အဖြေပေါ်လာမှာပါ အစ်ကိုကြီး .... "

ဟု လှမ်းပြောသည်။

ကျင်ကျီးကြည်နှင့် မင်ကျီးကြည်တို့သည် ပြင်းထန်သော ဒဏ်ရာ ရထားပြီးဖြစ်သဖြင့် ထပ်မယှဉ်နိုင်မှန်း သိနေသည်။

သို့သော် ရသေ့ကြီးများသည် သေရမည်ကို မကြောက်ချေ။ မှတို့ မရှင်းလင်းသည့် အချက်များကိုသာ ပြန်လှန်မေးမြန်းသည်။

"ဝိညာဉ်နတ် စေတမန် မင်းတို့နဲ့ ဟူတန်းအဖွဲ့ဟာ ဘယ်လို ရန်ငြိုးရန်စတွေ ရှိနေလို့ ခုလို လုပ်ကြံရတာလဲ .... "

"ဟား ဟား ဟား .... ရန်ငြိုးရန်စတော့ ဘာမှ မရှိပါဘူးဗျာ၊ ... ပေမယ့် ဟူတန်းအဖွဲ့ဝင် တစ်ဦးကိုပဖြစ်ဖြစ် တစ်ယောက်ကိုပဖြစ် ... လောကကြီးထဲက မောင်းထုတ်နိုင်ခဲ့ရင် ကျွဲပ်တို့ရဲ့ မှတ်တမ်း ... အမှတ်တစ်မှတ် တိုးလေ့ရှိတယ်ဗျ .... ဒါကြောင့်ပါ .... "

အစွမ်းထက်လှသော ဟူတန်းရသေ့ကြီးသည် ယခုအခါ အစွမ်းမဲ့သွားချေပြီ။

ဟူတန်းသုံးဖော်သည် ဟူတန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးနှင့် ဝါချင်း ကွာလှသူများ မဟုတ်ချေ။

သို့ပင်ပညာ အရာတွင်လည်း တစ်ဆင့်လောက်သာ နိမ့်သူများဖြစ်သည်။

သို့ပါလျက် တိုက်ပွဲစသည်နှင့် တစ်ဦးသေပြီး နှစ်ဦး ဒဏ်ရာရသည်မှာ အံ့ဖွယ်ကောင်းသည်။

ကျေးစိမ်းမျက်နှာဖုံးနှင့် ဝိညာဉ်နတ်စေတမန်ဆိုသူများသည် အလွန်ကြောက်စရာကောင်းသော လူများပေတည်း။

❐○❐

သံလျက်ပိုင်ရှင် စကားကြောင့် ရသေ့ကြီး နှစ်ဦးမှာ ဒေါ
အမျက်ခြောင်းခြောင်း ထွက်လာသည်။

ကျင်ကျီးကြည်သည် အံကိုတင်းတင်းကြိတ်ထားရာက ခပ်မ
မာ ပြောသည်။

"ခြော် .... မင်းတို့က သွေးဆာနေတာကိုး .... သိုင်းလောက
မှာ အကြောင်းမဲ့သတ်တာ .... အောက်လမ်း သိုင်းလောကမှာပဲ
တယ်ဟေ့ .... မင်းတို့ရဲ့အပြစ်ကို ဟူတန်းဂိုဏ်းက လုံးဝ ခွင့်မလွတ်
ဘူး .... "

"ဟား ဟား .... ခွင့်မလွတ်လို့ ခင်ဗျားတို့က ဘာလုပ်နိုင်ဦ
မှာလဲ .... အဲဒီ ခွင့်မလွတ်ဘူးလို့ ပြောတဲ့စကားအတွက် ကျွန်ုပ်က
ခင်ဗျားတို့ကို အပြစ်ဒဏ်ပေးရဦးမယ် .... "

ဝိညာဉ်နတ်စေတမန် နံပါတ်ငါးသည် စကားဆုံးသည်နှင့် ဖျတ်
ခနဲ ခုန်ဝင်ပြီး လက်ဝါးဖြင့် ဝုန်းခနဲ ရိုက်သည်။

ကျင်ကျီးကြည်သည် အချိန်မီ တိမ်းရှောင်လိုက်သော်လည်း
ဆက်တိုက်ဝင်လာသော ရိုက်ချက်များကို မရှောင်နိုင်ပေ။

"ဝုန်း .... "

"ဖြောင်း .... "

ကျင်ကျီးကြည်မှာ လဲကျသွားသည်။

တစ်ချိန်တည်းမှာပင် ကျင်ကျီးကြည်လည်း သွေးများ အန်က
လဲကျသွား၏။

ကျေးစိမ်းမျက်နှာဖုံးရှင် သုံးယောက်သည် .... ဝိညာဉ်နတ်
စေတမန်ဆိုသည့် နာမည်နှင့်လိုက်အောင် ရက်စက်ကြမ်းကြုတ်သူများ
ဖြစ်နေချေသည်တကား။

ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့သည် မိမိတို့ကို အထင်လွဲပြီး
အစမှ သတ်ဖြတ်ရန် ကြိုးစားခဲ့ကြသော ရသေ့ကြီးများကို ယခင်က
မကျေမနပ် ဖြစ်ခဲ့သော်လည်း ယခုကဲ့သို့ မရှုမလှ သေဆုံးသည်ကို
မြင်ရသောအခါ၌ကား သနားကြင်နာမိကြပြန်သည်။

စောစောက ဝမ်ယွင်ချောင်တို့အား သတ်မည်ဖြတ်မည်ဟု
တကဲကဲ လုပ်နေကြသော ရသေ့ရှစ်ဦးသည် သူတို့၏ အထက်ဆင့်
ဆရာကြီးသုံးဦး၏ အဖြစ်ကိုကြည့်ပြီး မင်သက်ငေးကြောင်နေကြလေ
၏။

အတန်ကြာမှ သတိဝင်လာကြသည်။

သူတို့သည် တကယ့်သေမင်းနှင့် တွေ့နေပြီဖြစ်ကြောင်းကို
အားလုံးက သဘောပေါက်ကြ၏။

သို့သော် ရှစ်ဦးစလုံး လုံးဝ ကြောက်ရွံ့ဟန် မပြကြပေ။

ဟူတန်းဂိုဏ်းသား ဝီသပါပေသည်။

ဝိညာဉ်နတ်စေတမန် နံပါတ်လေးသည် သံလျက်ရှည်ကြီးကို
သံလျက်အိမ်ထဲသို့ ရွှပ်ခနဲ ပြန်ထည့်လိုက်ပြီး ရသေ့ရှစ်ဦးအား လှမ်း
ပြောလိုက်၏။

"ခင်ဗျားတို့ သုံးဦးလုံး တက်မလား .... အားလုံး တက်လာ
မလား .... ကြိုက်သလို တက်ခဲ့ကြပါ"

ရသေ့ရှစ်ဦးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး
သက်ပြင်းချကြသည်။

ထိုအထဲမှ သုံးဦးသည် ဖျတ်ခနဲ ရှေ့သို့ ခုန်ထွက်လာကြလေ
တော့၏။

❐○❐

အခန်း (၅၃)

ရမ္မက်ကေရီလော

ဟူတန်းတာအို ရသေ့ကြီး သုံးဦးသည် ကျေးစိမ်းမျက်နှာဖုံးရှင် တို့နှင့် နှစ်လအကွာတွင် ရပ်တန့်သွားကြသည်။

ဤရသေ့ကြီးသုံးဦးသည် ကျေးစိမ်းမျက်နှာဖုံး သုံးယောက်ကို မယှဉ်နိုင်မှန်း သိနေကြသော်လည်း ဟူတန်းဂိုဏ်း၏ ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်ရွယ်ထားသူများ ဖြစ်သဖြင့် လွန်စွာ ရဲရင့်နေကြသည်။

သုံးဦးထဲမှ တစ်ဦးသည် .... နံပါတ်လေးကို ရွံမုန်းတီးသော အကြည့်နှင့် ကြည့်လိုက်ပြီး ....

"မင်း ဘာပြောချင်သလဲ .... "

ဝိညာဉ်နတ် စေတမန် နံပါတ်လေးသည် အခြောက်တိုက် အော်ရယ်လိုက်ပြီး လက်တစ်ဖက်ကို မြှောက်လိုက်သည်။

ထို့နောက် လက်ညှိုးကလေးကိုကွေးပြီး ဆတ်ခနဲ ဆတ်ခနဲ တောက်ထည့်လိုက်သည်။

အလင်းတန်းသုံးခု ဝင်းခနဲ ဝင်းခနဲ ဖြစ်သွားပြီးနောက် ရသေ့

သုံးဦး၏ အော်သံထွက်လာ၏။

ထို့နောက် ၄က်ပျောပင်ကို ဝိုင်းချလိုက်သကဲ့သို့ ဝုန်းခနဲ လဲကျသွားတော့သည်။ ရသေ့သုံးဦး၏ နဖူးတွင် အစက်အပျောက်ကလေးများ ဖြစ်ပေါ်လာ၏။

မကြာမီ ထိုအစက်ကလေးဆီမှ သွေးများ ယိုစီးကျလာတော့သည်။ ဝမ်ယွင်ချောင်မှာ အုံကြွလွန်းသဖြင့် ဟုန်ဟုန်အား လှမ်းမေးမိသည်။

"ဒါ .... ဘာပညာလဲ၊ ဘယ်လို ဖြစ်သွားကြတာလဲ"

"အဲဒါ ဝိဇ္ဇာလက်ညှိုး လက်နက်ပုန်း တိုက်ကွက်ပဲ .... "

ဟုန်ဟုန်၏ စကားသံသည် အတော်ကလေး ကျယ်လောင်သွား၏။

ဝိညာဉ်နတ် စေတမန် နံပါတ်လေးသည် ဟုန်ဟုန်နှင့် ဝမ်ယွင်ချောင်တို့ရှိရာသို့ မျက်လုံးတစ်ချက် ဝေ့ကြည့်သည်။

ကျန်သော ရသေ့ငါးဦးသည် အံ့အားသင့်နေရာမှ ဝိညာဉ်နတ် စေတမန်များထံသို့ လျှပ်တစ်ပြက် ခုန်ဝင်သွားကြသည်။

"ဝိုး .... ဝုန် .... ဝုန် .... "

သူတို့၏ သံလျက် တိုက်ကွက်များသည် တဝိုးဝိုးမြည်ပြီး တဝင်းဝင်း ဖြစ်သွားသည်။

ဝိညာဉ်နတ် စေတမန်သုံးယောက်၏ လှုပ်ရှားမှုမှာ လွန်စွာ လျင်မြန်လှ၏။

ဝင်လာသော ရသေ့ ငါးဦးစလုံး ပုံပျက်ပန်းပျက် လဲကျကုန်သည်။

"အားလုံး ရပ်ကြ .... "

ဝမ်ယွင်ချောင်က သေဆုံးသွားကြသော ဟူတန်းဂိုဏ်းသား များကိုယ်စား မခံမရပ်နိုင် ဖြစ်လာသဖြင့် ကြိုး၍ အော်လိုက်သည်။

သူ့အသံသည် တောထဲတောင်ထဲ၌ ပဲ့တင်ထပ်သွား၏။

စောစောက အသက်ရှင်နေခဲ့ကြသော ရသေ့ဆယ်တစ်ဦးသည် ယခု တုံးလုံးပက်လက်ဖြစ်ပြီး အသက်ကင်းမဲ့နေကြလေပြီ။

"ဟေ့လူတွေ ခင်ဗျားတို့ကို ဘယ်သူ သတ်ခိုင်းလို့ အရမ်းသတ် နေကြတာလဲ .... ခင်ဗျားတို့မှာ အသည်းနှလုံးမှ ရှိကြရဲ့လား .... "

ဝိညာဉ်နှတ်စေတမန် သုံးယောက်သည် ဝမ်ယွင်ချောင်ကို လှည့်ကြည့်ကြသည်။

သူတို့မျက်နှာ၌ မျက်နှာဖုံး စွပ်ထားသဖြင့် မျက်နှာအမူအရာ ကိုမူ လုံးဝ မမြင်တွေ့ရချေ။

တို့နောက် ဝိညာဉ်နှတ် စေတမန် နံပါတ်လေးက အဖော်နှစ် ယောက်ကို လှမ်းကြည့်ပြီး ....

"ကျုပ်တို့ သွားကြမယ်" ဟု ဆိုကာ ပြေးထွက်သွားသည်။

ဝမ်ယွင်ချောင်သည် သူတို့၏ အပြုအမူကြောင့် ဒေါသပိုကြီး လာသည်။ သူတို့နောက်သို့ တရကြမ်း ပြေးလိုက်သွားပြီး အော်လိုက် သည်။

"ဟေ့လူတွေ .... ရပ်စမ်း .... "

ဝိညာဉ်နှတ် စေတမန်သုံးယောက်သည် တန့်ခနဲ ရပ်သွားပြီး နောက်သို့ လှမ်းကြည့်ကြသည်။

ဝိညာဉ်နှတ် နံပါတ်လေးက ဝမ်ယွင်ချောင်ကို မကျေမနပ် ကြည့်ပြီး ခပ်မာမာ မေးတော့သည်။

"မိတ်ဆွေက ဘာဖြစ်လို့ တားနေရတာလဲ .... "

"ကျုပ်မေးတာကို ဖြေစေချင်လို့ပဲ .... "

"ကိုယ်နဲ့မဆိုင်တဲ့ကိစ္စ ဝင်မရှုပ်စမ်းပါနဲ့ မိတ်ဆွေ .... "

"မရှုပ်လို့ မဖြစ်ဘူး ကိုယ့်လူ .... ကျုပ်မေးတာကို မဖြေရင် အသေအကြေ တိုက်ခိုက်ရမှာပဲ"

ဝမ်ယွင်ချောင်က မိုက်ကန်းကန်း ပြောသည်။

ဝိညာဉ်နှတ်စေတမန် နံပါတ်လေး ဒေါသထွက်လာ၏။

"ကျုပ် တစ်ခွန်းပဲ ပြောမယ် .... မဆိုင်တဲ့အလုပ်ကို ဝင်မလုပ်နဲ့ .... သူများကိစ္စထဲ ဝင်မရှုပ်နဲ့ .... ဒါပဲ .... "

"ခင်ဗျား မရှုပ်နဲ့ဆိုတာနဲ့ ကျုပ်က နောက်ဆုတ်သွားရမှာလား။ ကျုပ်ပြောတာကို နားထောင်ပါဦး ကိုယ့်လူ .... ကျုပ်က ခင်ဗျားတို့ ကိုယ်စား စားစာခံ ဖြစ်နေတဲ့လူဗျ .... ခင်ဗျားတို့က သိုင်းသမားတွေ ကို မတရားလိုက်သတ်နေတယ်၊ အသတ်ခံရတဲ့ အဖွဲ့သားတွေက ကျုပ် ကို သတ်တာလို့ စွပ်စွဲနေကြတယ် .... ဒါ ကောင်းသလား .... ခုပဲ ဟူတန်းအဖွဲ့က ကျုပ်ကို ဝိညာဉ်နှတ်စေတမန်ဆိုပြီး ဝိုင်းတိုက်နေတာ ကို တွေ့ပြီးပြီ မဟုတ်လား .... ဒီကိစ္စအတွက် ခင်ဗျားတို့မှာ တာဝန် ရှိနေတယ် .... ဒါကြောင့် ကျုပ် မေးတာကို ဖြေပါ .... "

ဝိညာဉ်နှတ် စေတမန် နံပါတ်လေးသည် လက်တစ်ဖက်ကို မြှောက်ပြီး လက်ညှိုးကို ဖြည်းဖြည်းချင်း ကွေးသည်။

ကျန်နှစ်ယောက်က သူ့ရှေ့သို့ ဖျတ်ခနဲ ရောက်လာပြီး တား ဖြစ်တားလိုက်သည်။ လက်မတင်ကလေး ဝမ်ယွင်ချောင်၏ အသက်ကို ကယ်တင်လိုက်ကြလေသည်။

သူတို့ ပြောသည်မှာလည်း ဟုတ်သည်။

သူတို့ ရောက်လာသည့်အတွက် ဟူတန်းရသေ့များ နောက် ဆုတ်သွားခြင်း ဖြစ်သည်။

ဝိညာဉ်နှတ် စေတမန် သုံးယောက်သည် တစ်ခဏတွင်းမှာ ပင် တောအုပ်အတွင်းသို့ ရောက်ရှိသွားပြီး ပျောက်ကွယ်သွားကြသည်။

ဝမ်ယွင်ချောင်သည် ဟင်းခနဲ သက်ပြင်းချလိုက်သည်။

ဟုန်ဟုန်က ဝမ်ယွင်ချောင်၏ လက်တစ်ဖက်ကို လှမ်းကိုင်ပြီး "စိတ်မပျက်နေနဲ့ အစ်ကို .... ကျွန်မ သူတို့အကြောင်းကို သိပါ တယ် .... "

ဝမ်ယွင်ချောင် အုံသြသွား၏။ ဟုန်ဟုန်ဒဲ့ ချက်ချင်း မျက်နှာ ချင်း ဆိုင်လိုက်သည်။

"ဘာပြောတယ် .... သူတို့အကြောင်းကို သိတယ် ဟုတ်လား"

"အင်း .... သူတို့ သုံးသွားတဲ့ ဝိဇ္ဇာလက်ညှိုး လက်နက်ပုန်း တိုက်ကွက်ဟာ လင်ကြူဆရာရဲ့ ထိပ်တန်းတိုက်ကွက်ပဲ .... "

"လင်ကြူဆရာကြီးရဲ့ ပညာ ဟုတ်လား .... "

ဟုန်ဟုန်က ခေါင်းညိတ်ပြသည်။

ဝမ်ယွင်ချောင်မှာ မယုံနိုင်အောင် ဖြစ်သွားသည်။ မယုံနိုင်စရာ အကြောင်းများကလည်း ရှိနေသည်ကိုး။

"မဟုတ်နိုင်ဘူး ဟုန်ဟုန် .... လင်ကြူဆရာကြီးဟာ တပည့် မွေးပြီး ပညာသင်ပေးခဲ့တဲ့ လူမှမဟုတ်ဘဲ .... ဒါကို ဟုန်ဟုန်အသိဆုံး ပဲ မဟုတ်လား .... "

"ဒါပေမယ့် သူမှာ သမီးတစ်ယောက်ရှိနေတယ် .... "

"လီပိုင်မေလား .... "

ထို့နောက် သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး တီးတိုးပြော ကြ၏။

နှုတ်ခမ်းလှုပ်ရုံ ပြောနေသောကြောင့် ဝမ်ယွင်ချောင် ဘာမှ မကြားရချေ။

ခေါင်းခါလိုက်၊ ခေါင်းညိတ်လိုက် လုပ်နေသည်ကိုသာ တွေ့နေ ရပေသည်။

အတန်ကြာသော် ဝိညာဉ်နှစ် စေတမန် နံပါတ်ငါးက ဝမ်ယွင် ချောင်တို့ကို လှမ်းပြောလိုက်၏။

"ဒီမှာ မိတ်ဆွေ .... ခင်ဗျားဟာ ကျုပ်တို့ သတ်ရမယ့်လူမဟုတ် လို့ အသက်ချမ်းသာရာ ရနေတယ်လို့ မှတ်ထားစမ်းပါ .... နောက် တစ်ချက်က ကျုပ်တို့ ရောက်လာလို့ ခင်ဗျား အသက်ချမ်းသာခဲ့တာ ကို သတိရဖို့ လိုပါတယ် .... ကျုပ်တို့မှာ ဒီထက် ပြောစရာ ဘာမှ မရှိတော့ဘူး .... သွားမယ်"

ဝိညာဉ်နှတ် စေတမန် သုံးယောက်သည် စကားဆုံးသည်နှင့် ပြေးထွက်သွားကြတော့သည်။

ဝမ်ယွင်ချောင်မှာ တားမြစ်ရန် သတိမရတော့ဘဲ ငေးကြောင် ကျန်ရစ်ခဲ့တော့သည်။

"ဟုတ်တယ် .... "

ဝမ်ယွင်ချောင် မျက်မှောင်ကြုတ်သွားသည်။

"ဝိညာဉ်နတ် စေတမန်တွေဟာ ယောကျ်ားတွေချည်းပဲ .... သူတို့ကို လိုဝိုင်မေလို့ ပြောတာလား .... မဖြစ်နိုင်ဘူး .... "

"လိုဝိုင်မေ မဖြစ်နိုင်ပါဘူး .... လိုဝိုင်မေရဲ့ တပည့်တွေပဲ ဖြစ်မှာပါ .... "

"ဒါလည်း မဖြစ်နိုင်ဘူး ဟုန်ဟုန် .... ဒီလောက် တိုတောင်းလုတဲ့ အချိန်ကလေးအတွင်းမှာ ဒီလောက် အဆင့်မြင့်တဲ့ ပညာကို ဘယ်လို သင်ပေးနိုင်မှာလဲ .... "

"ကျွန်မကတော့ ဖြစ်နိုင်တယ်လို့ ယူဆတယ် .... ဘာဖြစ်လို့လဲဆိုတော့ ဟူတန်းအဖွဲ့သားတွေက ကျွန်မကို ဝိညာဉ်နတ်ဒေဝီလို့ တိတိကျကျ စွပ်စွဲနေတာဟာ ခိုင်လုံတဲ့ သက်သေပြချက်ပဲ .... စောစောက ဝိညာဉ်နတ် စေတမန်တွေဟာ နဂိုက ပညာအခံရှိပြီး လိုဝိုင်မေအဖို့ လင်ကြူဆရာကြီးရဲ့ ပညာကို သင်ပေးဖို့ မခက်ပါဘူး .... "

"အင်း .... ဖြစ်နိုင်တယ် .... "

"ဝိုဖြစ်နိုင်တာက လိုဝိုင်မေနဲ့ ကျွန်မဟာ ကိုယ်လုံးကိုယ်ပေါက်ကော ရုပ်ပါ တစ်ထေရာတည်း တူနေတယ် .... ဒီတော့ ကျွန်မကို ဝိညာဉ်နတ် ဒေဝီလို့ ထင်တာ မဆန်းပါဘူး"

သို့သော် ဟုန်ဟုန့်စကားကို ဘဝင်ကျခြင်း မရှိသေးချေ။

"ကောင်းပြီ ဟုန်ဟုန် .... ဝိညာဉ်နတ် စေတမန်တွေဟာ လိုဝိုင်မေရဲ့ တပည့်တွေပဲလား။ သူတို့က ဘာဖြစ်လို့ ဟူတန်းဂိုဏ်းသားတွေကိုချည်း လိုက်သတ်နေရတာလဲ .... "

"အဲဒီအချက်ဟာ ရှင်းရှင်းလေးပါ အစ်ကို .... ဂိုဏ်းကြီးရှစ်

ဂိုဏ်းဟာ လင်ကြူတောင်ပေါ်ကို ကျူးကျူးကော်ကော် ရောက်လာပြီး အများနဲ့ ဝိုင်းတိုက်ခိုက်ကြတယ်ဆိုတော့ လိုဝိုင်မေအနေနဲ့ သူ့အဖေအကွက် လက်တဲ့မပြန်ဘူးတဲ့လား .... သူ့အဖေ သေတဲ့အတွက် ဟူတန်းဂိုဏ်းသားတွေကို ပြန်တိုက်ခိုက်နေတာပဲ .... ကျွန်မပြောတာ သဘောပါတယ် .... "

ဟုန်ဟုန့် ရှင်းလင်းချက်သည် လုံလောက်သော ရှင်းလင်းချက်ဖြစ်သည်။

သူ နားမလည်သည့် အချက်များကို ဟုန်ဟုန်က တစ်စစီ ရှင်းလင်းပြောပြခဲ့သည်။

ဟုန်ဟုန် ပြောသမျှ လက်ခံနိုင်လောက်သည်။

သို့သော် လိုဝိုဇီမေအနေနှင့် အချိန်တိုတိုနှင့် ဤမျှ အဆင့်မြင့်သော သိုင်းသမားများကို စုဆောင်းနိုင်ခြင်းမှာ အံ့သြဖို့ ကောင်းနေသည်။

"အစ်ကို မရှင်းတောတွေ ရှိနေသေးရင် ဟုန်ဟုန် .... လိုဝိုင်မေ့ သိုင်းပညာဟာ လင်ကြူဆရာကြီးကို မီသေးတာ မဟုတ်ပါဘူး .... ဒီတော့ တိတောင်းတဲ့ အချိန်ကာလအတွင်းမှာ ဒီလောက် အဆင့်မြင့်တဲ့ သိုင်းသမားတွေကို ဘယ်ပုံ စုဆောင်းထားနိုင်သလဲ .... ဒါက ပြဿနာပဲ .... "

ဝမ်ယွင်ချောင်သည် စကားကို ခေတ္တရပ်နားသည်။ ပြီးမှ ဆက်ပြောသည်။

"နောက်တစ်ချက်က ဝိညာဉ်နတ် စေတမန်တွေ လေးရယ်၊ ငါးရယ်၊ ခြောက်ရယ်ဆိုတော့ တစ်ဆယ်၊ နှစ်ဆယ်ဆိုပြီး ရှိနေကြဦးမှာပဲ .... မရှိဘူးဆိုရင်တောင် တစ်ကနေ သုံးဆယ်အထိ ရှိဦးမယ် ....

လိုပိုင်မေဟာ သိုင်းပညာ ကျွမ်းကျင်သူ ဖြစ်ပေမယ့် အတွင်းအားအရာ
မှာတော့ အစ်ကို့ကို မမီဘူး .... ဟူတန်းသုံးဖော်ရဲ့ သိုင်းပညာဟာ
အစ်ကို့ထက် ဝိုမြင့်နေတာ အမှန်ပဲ .... အစ်ကိုနဲ့ ဟုန်ဟုန် နှစ်ယောက်
ပေါင်းပြီး တိုက်ခဲ့တာတောင် ဟူတန်းသုံးဖော်ကို မနိုင်ခဲ့ဘူး မဟုတ်
လား .... "

"ဒါပေမယ့် ဟူတန်းသုံးဖော်ဟာ ဝိညာဉ်နှတ် စေတမန်ရဲ့ သိုင်း
ကွက်တစ်ကွက်ကိုတောင် ကြံ့ကြံ့မခံနိုင်ခဲ့ဘူး .... ဝိညာဉ်နှတ်စေတမန်
နံပါတ်လေးရဲ့ သိုင်းပညာဟာ လိုပိုင်မေထက်တောင် သာနေပုံရတယ်
ဆရာရဲ့ ပညာဟာ နိမ့်ကျပြီး တပည့်ရဲ့ပညာ မြင့်မားနေတာဟာ ဖြစ်
နိုင်တဲ့ကိစ္စ မဟုတ်ဘူး .... "

"နောက်တစ်ချက်က လင်ကြူဆရာကြီးကို ဝိုင်းတိုက်ကြတဲ့
ဂိုဏ်းကြီးရှစ်ဂိုဏ်းထဲမှာ ရှောင်လင်ဂိုဏ်းဟာ ခေါင်းဆောင်ဖြစ်တယ်
ရှောင်လင်ဂိုဏ်းရဲ့ ခေါင်းဆောင်မှုကြောင့် ကျန်ဂိုဏ်းတွေ ပါလာတာ
ပဲ ဖြစ်တယ် .... အသေးစိတ်ပြောရရင် လင်ကြူဆရာကြီး ခုကွရောက်
ခဲ့တာဟာ တင်ချမ်းနတ်ဓားရဲ့ ဓားချက်ကြောင့်ပဲ .... ဝါဆန်းအဖွဲ့က
သံတောင်ဝှေးချက်ဟာလည်း အရေးကြီးတာပဲ၊ ဒီတော့ လိုပိုင်မေအနေ
နဲ့ ပထမဆုံး လက်တို့ပြန်ရမှာက တင်ချမ်းဂိုဏ်း၊ ဝါဆန်းဂိုဏ်းနဲ့ ရှောင်
လင်ဂိုဏ်းတွေပဲ ဖြစ်တယ် .... အခု အစ်ကိုတို့ တွေ့နေရတာက ဟူ
တန်းဂိုဏ်း ဖြစ်နေတယ် .... "

"ဒါပဲလား .... "

ဟုန်ဟုန်က ရယ်၍ မေး၏။

"မရယ်ပါနဲ့ ဟုန်ဟုန် .... အခု အစ်ကို ပြောတာတွေ အားလုံး
သဘာဝကျတဲ့ အချက်တွေချည်းပဲ .... "

"အစ်ကိုပြောတဲ့ အချက်တွေကို ကျွန်မ မငြင်းပါဘူး .... "

"ဒါပေမယ့် .... "

"ဒီလိုဆိုရင် ဟုန်ဟုန် ထပ်ပြီး ရှင်းပြဖို့လိုတယ် .... "

"ကောင်းပါပြီ .... ရှင်းမပြခင် အစ်ကို့ကို ကျွန်မ မေးမယ်၊ သိုင်းပညာထက် အစွမ်းထက်တဲ့အရာဟာ ဘာလဲ .... "

ဝမ်ယွင်ချောင်မှာ ထိုမေးခွန်းကို ရုတ်တရက် မဖြေနိုင်ပေ။
မကြေငင်းမောသွားလေသည်။

❐○❐

ရှိနေပြန်သည်။ ဟုန်ဟုန်သည်လည်း လီဝိုင်မေနှင့် အလွန်တူပြီး အလွန်လှသူ မဟုတ်ပါလော။

ပြင်ပြင်ဆင်ဆင် မရှိဘဲသာ ဟုန်ဟုန်၏အလှ ပျောက်ကွယ်နေခြင်း ဖြစ်သည်။

"ဟုန်ဟုန်က ဝိညာဉ်နှတ် စေတမန်ဆိုတဲ့ လူတွေဟာ လီဝိုင်မေရဲ့ အလှည့်ကျတ်ကွင်းမှာ မိနေလို့ သူခိုင်းတာကို အရူးလို လုပ်နေတယ်လို့ ယူဆသလား .... "

"ကျွန်မကတော့ အဲဒီလိုပဲ ထင်တာပါပဲ အစ်ကို .... "

ဝမ်ယွင်ချောင်က သက်ပြင်းချပြီး ဆက်ပြောသည်။

"ဟုန်ဟုန် ထင်သလိုသာ ဖြစ်ရင် အဲဒီလူတွေဟာ သူရဲကောင်း မဖြစ်နိုင်တော့ဘူး .... "

ဟုန်ဟုန်သည် ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါတော့ပေ။ ဝမ်ယွင်ချောင်သည် အဝေးကိုငေးပြီး ငြိမ်နေရာမှ တစ်လုံးချင်း မေးပြန်သည်။

"ဟုန်ဟုန် .... မင်း တွက်မိထားတာတွေကို ပြောပြစမ်းပါဦး"

"ဒီလိုဆိုရင် ကျွန်မ ပြောမယ် .... ကျွန်မတို့သာ ဟူပေနယ်ထဲ ပင်မှ ဟူတန်းဂိုဏ်းသားတွေ အသတ်ခံရတာကို သိရတာပါ .... ဒီတော့ ဟူပေနယ်ထဲမှာ ဟူတန်းအဖွဲ့သားတွေ ဒုက္ခရောက်နေသလို ဟူနန်ရဲ့ ယူနန်မှာကော ဒီလို မဖြစ်နိုင်ဘူးလို့ ပြောလို့ရမလား .... ဂျာဒီးနယ်က ဝါဆန်းအဖွဲ့သားတွေလည်း ဒုက္ခရောက်မနေဘူးလို့ ပြောလို့ရမလား .... "

ဝမ်ယွင်ချောင်သည် ခေါင်းတဆတ်ဆတ် ညိတ်မိလေ၏။

ဟုန်ဟုန်၏ စကားများသည် ကျိုးကြောင်းဆီလျော်သော

အတန်ကြာမှ ....

"သိုင်းပညာထက် အစွမ်းထက်တဲ့ အရာဟာ စိတ်တန်ခိုးပဲ"

"မှန်တော့ မှန်တယ် .... ဒါပေမယ့် မှားတယ်"

"ဘာဖြစ်လို့လဲ .... "

"လက်တွေ့ဖြစ်ရပ်နဲ့ မကိုက်ညီလို့ .... "

"ဒါဖြင့် ဟုန်ဟုန်ပဲ ဖြေ .... "

"သေသေချာချာ နားထောင် .... သိုင်းပညာထက် အစွမ်းထက်တာဟာ မိန်းမသားရဲ့ အလှပဲ"

"မိန်းမသားရဲ့အလှ ဟုတ်လား .... "

"ဟုတ်တယ် အစ်ကို .... အဲဒါ မမှားဘူး .... လီဝိုင်မေဟာ အင်မတန်လှတဲ့ မိန်းမတစ်ယောက်ပါ .... သိုင်းပညာ ထူးချွန်သလို ရတနာတွေ အမြောက်အများ ပိုင်ဆိုင်ထားတဲ့လူပါ .... သူသာ ရုပ်ဆိုးနေတဲ့ မိန်းကလေးဖြစ်နေရင် အင်မတန် ထူးချွန်တဲ့ သိုင်းသမားတွေကို အရုပ်လို ကြိုးကိုင်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး .... "

ဟုန်ဟုန့်စကားကြောင့် ဝမ်ယွင်ချောင် မျက်မှောင်ကြုတ်သွားသည်။ ထိုအချက်သည် ဖြစ်ကောင်းဖြစ်နိုင်သော်လည်း စဉ်းစားစရာ

သို့ဆိုလျှင် ဝမ်ယွင်ချောင်းသည် လီဝိုင်မေအပေါ် ထိုက်သင့်သလောက် သံယောဇဉ်ရှိနေကြောင်း ပေါ်လွင်နေပေပြီ။

သို့သော် ....

သူသည် ယခုအချိန်၌ လီဝိုင်မေအပေါ် အလွန်တရာ ရွံရှာသွားပေပြီ။

သူမ၏အလှကို ဗန်းပြပြီး ထူးချွန်သော သိုင်းသမားများကို လူသတ်သမားများဘဝသို့ ပြောင်းစေခဲ့ပြီ မဟုတ်ပါလော။

လီဝိုင်မေသည် ရမ္မက်ကေရီလော ....

လီဝိုင်မေသည် ဝိညာဉ်နတ်ဒေဝီလော .... ။

ဝမ်ယွင်ချောင်းသည် အဝေးသို့ ငေးမျှော် တွေးတောနေလေတော့၏။

❐○❐

စကားများဖြစ်သည်။ လီဝိုင်မေသည် ဟူတန်းဂိုဏ်းသားများကို တိုက်ခိုက်သလို ရှောင်လင်၊ ဝါဆန်းနှင့် တင်ချမ်းဂိုဏ်းများကိုလည်း တိုက်ခိုက်ကောင်း တိုက်ခိုက်ပေလိမ့်မည်။

ထိုဂိုဏ်းများ တည်ရှိရာ နေရာဒေသများသို့ ကိုယ်ခွဲ၍ စေလွှတ်နိုင်လျှင် ဟုန်ဟုန်၏ မှန်းဆချက် မှန်မမှန် မုချ သိရပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ဆင်ခြင်တုံတရားအရဆိုလျှင် ဟုန်ဟုန်၏ စကားကို လက်ခံထားရမည်သာ ဖြစ်၏။

ဝမ်ယွင်ချောင်းသည် လီဝိုင်မေအကြောင်းကို တွေးနေလေသည်။ သူနှင့် လီဝိုင်မေသည် လင်မယားအရာ မြောက်ခဲ့ပြီးလေပြီ။

သို့သော် သဘာဝလွန် လူထူးလူဆန်း နန်းကုန်းနု၏ သွေးသားလှုံ့ဆော်သည့် အမွေးရန့်အကြောင်း သူ မသိသဖြင့် သူသည် လီဝိုင်မေ၏ ရမ္မက်ကြီးမှုကို အထင်သေး အမြင်သေး ဖြစ်ခဲ့သည်။

ထို့နောက် လီဝိုင်မေက သူ့အား အထင်မှားပြီး ထွက်သွားသည့်အခါတွင် အထင်သေး အမြင်သေး စိတ်များ ငုပ်လျှိုးသွားပြီး ငါ့အပေါ် အထင်မှားသွားလေပြီဟူသော အသိဖြင့် ယုကျူးမရ ဖြစ်ခဲ့ရပြန်သည်။

သူသည် တာဝန်နှင့် ဝတ္တရားကို သိတတ်သူဖြစ်၍ လီဝိုင်မေနှင့်ပတ်သက်ပြီး သူ့အပေါ် တာဝန်ရှိသည်ကို အမြဲတမ်း သတိရနေသူဖြစ်၏။

သူကိုယ်သူ သတ်သေမည်ဟု တကဲကဲလုပ်နေသော ဟုန်ဟုန်အား မေတ္တာမျှလိုက်သည့် များစွာသော ကြောင်းများအနက် .... အကြောင်းတစ်ကြောင်းမှာ ဟုန်ဟုန်သည် လီဝိုင်မေနှင့် အလွန်တူနေသည့် အချက်တစ်ချက်လည်း ပါဝင်သည်။

ပြုပြုနိုင်သည်။

ရွာကလေးတစ်ရွာကို ဖြတ်ကျော်ပြီး တောလမ်းကလေးထဲ ဝင်မိကြသောအခါ ဆူဆူညံညံအသံများကို ကြားရတော့သည်။

ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့သည် တရကြမ်း ပြေးလွှားကြတော့၏။

သစ်တောလမ်းကလေး ဆုံးသောအခါ မန်ချူးစစ်သည် ဆယ်ယောက်ခန့်သည် အဘိုးကြီးနှစ်ယောက်ကို ဝိုင်းတိုက်နေကြကြောင်း တွေ့ရသည်။

အလယ်တွင် ခုန်ပျံခုခံနေသော အဘိုးကြီးကား သိုင်းရွာအဘိုးကြီးပင် ဖြစ်တော့သည်။ ကျန်တစ်ဦးကား ဟန်မျှသာ ရှိတော့သည်။

သိုင်းရွာအဘိုးကြီးသည် ဓားရှည်များ ကြား၌ လက်ဝါးတိုက် ကျွက်ကို အစွမ်းကုန် ထုတ်သုံးနေသည်။

သူ၏ မာန်သွင်းသံသည် တောထဲ၌ ပဲ့တင်ထပ်နေ၏။

သိုင်းရွာအဘိုးကြီးနှင့်အတူ လက်တွဲတိုက်ခိုက်နေသော အဘိုးကြီးမှာ အသက်ငါးဆယ်ခန့်ရှိပြီး မုတ်ဆိတ်ရှည်များ ဖြူဖွေးနေသည်။

ကိုအဘိုးကြီးသည် ဒက်ရာရနေသည်။

သိုင်းရွာအဘိုးကြီးသည် အဓိကအားဖြင့် မုတ်ဆိတ်ဖြူအဘိုးကြီးကို ကာကာအကွယ် ပေးနေခြင်း ဖြစ်ပေသည်။

ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့သည် မန်ချူးစစ်သည်များ၏ နောက်ကျောမှ ညာသံပေး၍ ဝင်တိုက်တော့၏။

❐○❐

အခန်း (၅၄)

တောနက်ထဲမှ တရွတ်ဘုံကျောင်း

နေ့ရက်တို့သည် တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးခဲ့သည်။

ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့သည် ဘယ်ကျော်ရွေစား ကွမ်းရင်းဆန်နှင့် ဆင့်ခြင်းလုံရွှင်တို့ကို ရှာဖွေနေတုန်း ဖြစ်သည်။

သူတို့သည် တစ်နယ်ပြီးတစ်နယ် ကူးသန်းရှာဖွေခဲ့ကြ၏။

ယခု ရောက်ရှိနေသောနယ်မှာ ဟူနန်နယ် ဖြစ်ပေသည်။

မွန်းတည့်ချိန်ကို ရောက်သောအခါ တံပဲ့ဆန်း တောင်ခြေမှ တည်းခိုဆိုင် တစ်ဆိုင်တွင် အနားယူ စားသောက်ကြသည်။

စာရေးထဲ၌ မန်ချူးစစ်သည်တို့၏ မြင်းအုပ်စု တစ်စုအကြောင်း စုံစမ်းကြည့်သည်။

မြင်းအုပ်စုအကြောင်း ဘာမျှ စုံစမ်း၍မရသော်လည်း အလွန် လျင်မြန်သော မြင်းပုကလေးများကို စီးနင်းသွားကြသည့် အမျိုးသမီး တစ်စုအကြောင်းကိုကား ကြားသိခဲ့ရသည်။

ထို့ကြောင့် ..... စားလက်စ အစားအသောက်များကို ကမန်း ကတန်း စားသောက်ကြပြီး သတင်းရထားသည့် အတိုင်း ခရီးဆက်ခဲ့

ဟုန်ဟုန်သည် ပြေးသူများ နောက်သို့ တရကြမ်း ပြေးလိုက်
များ၏။

မန်ချူးစစ်သားတစ်ယောက်၏ အင်္ကျီလည်ကုပ်ကို ဆောင့်ဆွဲ
ဖြုတ်လိုက်သည်။

မန်ချူးစစ်သားက ဓားနှင့် နောက်ပြန်တွက်သွားသည်။ ဟုန်
ဟုန်က ကိုယ်ကို လှုန်၍ ရှောင်လိုက်၏။

သာမန်သိုင်းသမား ဆိုလျှင် ထိုဓားချက်နှင့် သေနိုင်သည်။

ဟုန်ဟုန်က ထိုလက်ကို ဖမ်းချုပ်ပြီး လိမ်ချိုးပစ်လိုက်သည်။

"ကျွတ် .... "

"အား .... "

ယေသပါအောင် အော်လိုက်သောအသံ ထွက်လာသည်။ ဓား
လည်း လွတ်ကျသွားသည်။

ဟုန်ဟုန်သည် သူ့အား ဓားနှင့် ပြန်တွက်သော မန်ချူးစစ်သား
ကို ခြိုးကြိုးခေနသဖြင့် ထိုသူ၏ခေါင်းကိုရိုက်ခွဲရန် လက်ကိုမြှောက်တင်
လိုက်သည်။

"မသတ်နဲ့ .... "

ဖမ်ယွင်ရောင်သည် အော်သံနှင့်အတူ အနီးသို့ ရောက်လာ

တဒင်္ဂအတွင်းမှာပင် မန်ချူးစစ်သားနှစ်ယောက် လဲကျသွား
၏။

မမျှော်လင့်သော နေရာမှ စစ်ကူများ ထွက်ပေါ်လာပြီး မိမိတို့
အား တိုက်ခိုက်ကြသဖြင့် မန်ချူးသိုင်း စစ်သားများ အူကြောင်ကြောင်
ဖြစ်သွားကြသည်။

ထိုအခိုက်မှာပင် နောက်ထပ်နှစ်ယောက် ဒဏ်ရာရသွားပြန်
သည်။

"အတော်ပဲ .... မင်း ရောက်လာတာ အတော်ပဲဟေ့"

သိုင်းရူးအဘိုးကြီးက တဟားဟားရယ်ရင်း လှမ်းအော်သည်။

သိုင်းရူးအဘိုးကြီး ရယ်မောရင်းက မန်ချူးစစ်သားတစ်ယောက်
ကို လွှင့်ထွက်သွားအောင် ခိုက်ထုတ်လိုက်ပြန်သည်။

မန်ချူးစစ်သည်များ ကစဉ့်ကလျား ထွက်ပြေးကြတော့သည်။

ဆက်တိုက်လျှင် သူတို့အားလုံး သေရုံ ရှိတော့သည် မဟုတ်ပါ
လား။

❐○❐

ဖိုဖိတို့အပေါ် ကျွန်လုပ် အုပ်ချုပ်နေသော မန်ချူးတို့ထံ၌ အခ
စား၊ ဝင်လုပ်နေသည့် ဟန်တရုတ်ဖြစ်ပေသည်။

"ဟုတ်ပါတယ် .... ဒီခွေးကောင်ကို ရိုက်စစ်ရဦးမယ် .... အရမ်း
မသတ်နဲ့ဦး .... "

သိုင်းရူးအဘိုးကြီးအနီးသို့ ရောက်လာသည်။

မန်ချူးစစ်သားသည် နာကျင်လွန်းသဖြင့် မျက်နှာကြီး ရှုံ့မဲ့နေ
သည်။ သို့သော် သူက မာန်တော့ မလျှော့။ ဝမ်ယွင်ချောင်တို့ကို
မကြိတ်ပြီး ပြန်ပက်သည်။

"ဒီမယ် .... ကျုပ်နာမည် ချင်းဘင်သံလျက် တူဝေ .... သေမှာ
ကြောက်တဲ့လူစား မဟုတ်ဘူး .... ခင်ဗျားတို့လက်ထဲ ရောက်နေချိန်
မှာ သတ်ချင်သလို သတ်နိုင်တယ် .... ဒါပဲ .... "

"ဟား ဟား .... မန်ချူးခွေးက တော်တော် ဟောင်တတ်တာ
ကို၊ .... ဟား ဟား .... ဟောင် ဟောင် .... နားအူအောင် ဟောင်၊
နောက်ဆို မင်း ဒီလို ဟောင်နိုင်မှာ မဟုတ်တော့ဘူး .... "

သိုင်းရူးအဘိုးကြီးကခပ်ကြမ်းကြမ်းပြောရင်းရှေ့ကိုတိုးလာသည်။

"ခဏနေဦး ဆရာကြီး .... "

သည်။

ဟုန်ဟုန်သည် မြောက်ထားသော လက်ကို ရုပ်သိမ်းလိုက်ပြီး
မကျေနပ်သံနှင့် ပြန်ပြောသည်။

"တိုင်းပြည်နဲ့ လူမျိုးအပေါ် သစ္စာဖောက်ပြီး မန်ချူးနောက်
လိုက်ခွေး လုပ်နေတဲ့လူကို ဘာဖြစ်လို့ အသုဘရှင်လျက် ထားချင်ရ
တာလဲ .... "

ဟုန်ဟုန်ပြောလည်း ပြောစရာပင်။ ထိုမန်ချူးစစ်သားသည်
မန်ချူးမဟုတ်ပေ။

ဟန်တရုတ် ဖြစ်နေလေသည်။

❐○❐

ဝမ်ယွင်ချောင်က သိုင်းရွာအဘိုးကြီးကို ထပ်မရိုက်အောင် အချိန်မီ ဟန့်တားလိုက်ရသည်။

ထို့နောက် မန်ချူးစစ်သားကို ခပ်အေးအေး ပြောသည်။

"ဒီမယ် မိတ်ဆွေ.... မိတ်ဆွေဟာ ဟန်အမျိုးသားတစ်ယောက်ပါ.... ဟန်အမျိုးသား တစ်ယောက်ဟာ ဟန်တစ်မျိုးသားလုံးရဲ့ အရေးကို ဦးထိပ်ထားသင့်ပါတယ်.... တကယ်တော့ ခင်ဗျားဟာ ယောကျ်ားဝီသပြီး သတ္တိကောင်းတဲ့ လူတစ်ယောက်ပဲ .... ဒါကို ခင်ဗျားရဲ့ အပြုအမူက ပြသနေတယ် .... ဒါပေမယ့် ခင်ဗျားလျှောက်နေတဲ့ လမ်းဟာ မှားနေတယ် .... တိုင်းပြည်ကို ချစ်လို့ဆိုရင်လည်း မျိုးချစ်တွေနဲ့ ပူးပေါင်းဖို့ လိုပါတယ် .... ကိုယ့်တိုင်းပြည်ရဲ့လူမျိုးကို မတရားဖိနှိပ်အုပ်ချုပ်နေတဲ့ နယ်ချဲ့မန်ချူးတွေကို အလုပ်အကျွေးမပြုသင့်ဘူး .... သူတို့ဟာ သစ္စာရှိတဲ့ လူတွေလည်း မဟုတ်ပါဘူး .... အခုပဲကြည့်လေ၊ ခင်ဗျားဒုက္ခရောက်နေချိန်မှာ ခင်ဗျားရဲ့ သွေးသောက်တွေ ဘယ်ရောက်ကုန်ပြီလဲ .... ခင်ဗျားကို ခွေးသေဝက်သေ သေဆိုပြီး ကိုယ်လွတ်ရုန်း ပြေးကြပြီ မဟုတ်လား၊ ခင်ဗျားအတွက် မက်မောတယ်တာစရာ .... ဝုဏ်ယူစရာ ဘာများ ရှိလို့လဲဗျာ .... ဒီအချက်ဟာ မန်ချူးတွေရဲ့ မင်းတို့ခံ ငါတို့စံဆိုတဲ့ သဘာဝတစ်ခုပါပဲ ..။"

ဝမ်ယွင်ချောင်သည် စာတတ်ပေတတ်ဖြစ်၍ အယူအဆတွေလွဲနေသော မန်ချူးစစ်သားအား ပျော့ပျောင်းစွာ ရှင်းပြသည်။

ချင်းဘင်သံလျက် တူဝေသည် ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။ မိမိဘက်တော်သားများကို တစ်ယောက်မျှ မတွေ့ရ။ ကိုယ်လွတ်ရုန်း ပြေးကြလေပြီ။ ချင်းဘင်သံလျက် တူဝေသည် သက်ပြင်း ဟင်းခနဲချလိုက်သည်။

ဝမ်ယွင်ချောင်က အခြေအနေကိုကြည့်ပြီး ဆက်ပြောသည်။

"ကျွပ်အမြင်ကတော့ မန်ချူးသစ္စာခံ စစ်သားတွေဟာ ကိုယ်ကျိုးရှာနေတဲ့ တစ်ကိုယ်ကောင်းသမားတွေချည်းပါပဲ .... သူတို့ဟာ အခွင့်ကောင်းရတာနဲ့ ရိုးသားတဲ့ ဟန်တရုတ်တွေကို နှိပ်စက်တော့တာပဲ .... ကြက်ဘဲကအစ လုယက်တော့တာပဲ .... ဟန်တရုတ်လူမျိုးတိုင်းဟာ တရုတ်လူမျိုးစုကြီးရဲ့ အကျိုးကို ဦးထိပ်ထားဖို့ လိုတယ်၊ ကျွေးကျော်စော်ကားသူတွေကို အလုပ်အကျွေးပြုပြီး သေရတာထက် တိုင်းပြည်နဲ့ လူမျိုးကို အလုပ်အကျွေးပြုပြီး သေရတာက အဆပေါင်းများစွာ မြတ်ပါတယ် .... သူရဲကောင်းတွေဟာ သေခြင်းကို ရွေးချယ်တတ်ဖို့ လိုပါတယ်၊ ခုချိန်မှာ .... မျိုးချစ်သိုင်းသမား သူရဲကောင်းလေးဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် ရဲရဲဝံ့ဝံ့ အသေခံနေကြပါတယ်၊ ဒီဂိတ်ဆွေသာ အမြင်မှန်ရမယ်ဆိုရင် မျိုးချစ်သိုင်းလောကသားတွေက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြမှာ အမှန်ပါ .... "

ချင်းဘင်သံလျက် တူဝေ၏ နှလုံးသားထဲသို့ မျိုးချစ်သွေးများသည် ပို့နှိုးဆော်နေသည်။

သူ တွေးနေသည်။ ဝမ်ယွင်ချောင်၏ စကားများကို စဉ်းစားနေသည်။

ထိုစဉ် ရရှိထားသော ဒဏ်ရာဒဏ်ချက်များကို အတွင်းအားနှင့် ကုနေသော မုတ်ဆိတ်ဖြူ အဘိုးကြီးသည် ထိုင်ရာမှထပြီး အနီးရှိ ဧရာက်လာသည်နှင့် ချင်းဘင်သံလျက် တူဝေအား ဝင်၍ ဖျောင်းဖျသည်။

"ဟုတ်တယ် လူကလေး .... ဟန်တရုတ်တွေ အများကြီး .... အနှိပ်စက်ခံနေရပါတယ် .... လူကလေးကသာ ခြေလှမ်းပြင်ချင်တယ်

ဆိုရင် ကျုပ် တာဝန်ယူပါတယ် .... မျိုးချစ်တော်လှန်ရေးသမားတွေ
ဟာ လူကလေးလို သိုင်းပညာရှင်တွေကို လက်ကမ်းကြိုဆိုနေပါတယ်

ချင်းဘင်သံလျက် တူဝေသည် ကောင်းစွာ သဘောပေါက် နား
လည်လာသည်။ မှန်သည်။ မိမိသည် ဟန်တရုတ်။ ထို့ကြောင့် ဟ
တရုတ်များကို ကူညီရမည်။

ဝမ်ယွင်ချောင်က ....

"မိတ်ဆွေ .... ကျုပ်တို့ကို ကူညီတဲ့အနေနဲ့ မန်ချူးအကျဉ်
သားတွေ ဘယ်မှာရှိနေတယ်ဆိုတာကို ပြောပြစေချင်ပါတယ် ....

ချင်းဘင်သံလျက် တူဝေသည် ဝမ်ယွင်ချောင်တို့နှင့် ပူးပေါင်
ရန် ဆုံးဖြတ်ချက် ချလိုက်၏။

"သူတို့တွေ .... "

ချင်းဘင်သံလျက် စကားဆုံးအောင် မပြောနိုင်ချေ။

အလင်းတန်းတစ်ခုသည် လက်ခနဲ ဖြစ်သွားပြီး သူ၏ ခန္ဓာ
ကိုယ်ထဲသို့ ပြေးဝင်သွား၏။

"အား .... "

သံလျက်တူဝေ သံကုန်အော်ပြီး လဲကျသွား၏ .... ။ တစ်ခဏ
အတွင်း အသက်ထွက်သွားသည်။

ရင်ဘတ်တွင် .... ငှက်မွေး တပ်ထားသော အဆိပ်မြား တ
တစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့ရသည်။

မန်ချူးဘက်တော်သားများက ချင်းဘင်သံလျက်တူဝေကို စိုး
ကြောင်စိုးပွက် နှုတ်ပိတ်လိုက်ခြင်းပေတည်း။

ဝမ်ယွင်ချောင်သည် မြားတံ ထွက်ပေါ်လာသည့် နေရာသို့
မျဉ်းလိုက်သည်။

သို့သော် မည်သူ့ကိုမျှ မတွေ့ရတော့ပေ။ ထိုလူသည် သူထက်
ကိုယ်တော့ပညာကောင်းမှသာ နှုတ်ပိတ်ပြီးလျှင်ပြီးချင်း ထွက်ခွာသွား
နိုင်ပေလိမ့်မည်။

သူသည် အနီးပတ်ဝန်းကျင်ရှိ သစ်ပင်များပေါ် တစ်ပင်ပြီး
တစ်ပင် တက်ရှာ၏။ နှုတ်ပိတ်သွားသူအား မတွေ့ရတော့ပေ။

သိုင်းရွာအဘိုးကြီးသည် ဒေါသဖြစ်လွန်းသဖြင့် အော်ဟစ်ပြီး
ငါးနေသေးသည်။

မုတ်ဆိတ်ဖြူနှင့် အဘိုးကြီးက သိုင်းရွာအဘိုးကြီးကို လှမ်းပြော
သည်။

"အစ်ကိုကြီး .... စိတ်ဆိုးမနေနဲ့တော့၊ မန်ချူးစစ်သားတွေကို
ကျွန်တော့်နေရပြီဆိုတော့ အကျဉ်းသားတွေ ဝေးဝေးမရောက်နိုင်သေးဘူး၊
ကျုပ်တို့ ဆက်လိုက်ရင် ကောင်းကောင်းမီပါတယ် .... "

ထိုအချိန်မှာပင် ဝမ်ယွင်ချောင်က မုတ်ဆိတ်ဖြူ အဘိုးကြီးအား
လက်သီးဆုပ် ဂါရဝပြုသည်။

"သူရဲကောင်းကြီး တွမ် .... ဒဏ်ရာတွေ အတော်သက်သာသွားပါပြီလား .... "

မုတ်ဆိတ်ဖြူ အဘိုးကြီးသည် ဝမ်ယွင်ချောင်ကို မြင်သည်နှင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ချက်ချင်း အရိုအသေ ပြန်ပေးပြီး

"အတော်သက်သာသွားပါပြီ သခင်ကလေး .... " ဟု ဆိုသည်။

ဝမ်ယွင်ချောင်နှင့် မုတ်ဆိတ်ဖြူ အဘိုးကြီးသည် နေပြည်တော်မှာကတည်းက သိကျွမ်းခဲ့သူများ ဖြစ်ကြသည်။

မုတ်ဆိတ်ဖြူ အဘိုးကြီးက မနံချူးတော်လှန်ရေး မျိုးချစ်သိုင်းအဖွဲ့ဝင်တစ်ဦး ဖြစ်သည်။

နာမည်သည် 'လက်နှစ်ဖက် မိုးလုန် တွမ်ကြင်း" ဖြစ်သည်။

ရင်းနှီးသူများ ဖြစ်သဖြင့် နေပြည်တော်မှ အဖြစ်အပျက်များကို ပြန်ပြောင်းပြောပြကြသည်။

ဝမ်ယွင်ချောင်က တွမ်ကြင်းနှင့် ဟုန်ဟုန်ကို မိတ်ဆက်ပေးသည်။

တွမ်ကြင်းသည် ဟုန်ဟုန့်ကို 'ဆင့်ခြင်းလုံရွင် စီရှိုး' ၏ မြေးဖြစ်ကြောင်း သိသည်နှင့် ခင်ခင်မင်မင် ဆက်ဆံတော့သည်။ ဆင့်ခြင်းလုံရွင်သည် ဘယ်ကျော်ရွှေဓားအား ဂယ်တင်ရန် ကြိုးစားရင်း အဖမ်းခံခဲ့ရသူ မဟုတ်ပါလား။

ထို့နောက် အကျဉ်းသား ရှာမွေရေးခရီးစဉ်ကို ဆက်ခဲ့ကြပြန်သည်။

ဟူနန်နယ် အတွင်းပိုင်းသို့ ရောက်သောအခါ .... ရှောင်လင်တရုတ်ဘုန်းကြီးတို့၏ အလောင်းများကို တွေ့လာရပြန်လေသည်။

ဟုန်ဟုန်၏ အတွေးအခေါ်ကား မှန်ကန်လှချေတကား။

ဝမ်ယွင်ချောင်သည် စိတ်ထဲမှ ကြိတ်၍ ရီးကျူးမိလေသည်။

သို့သော် ....

လီဝိုင်မေ၏ ရက်စက်မှုများကို လွန်စွာ စက်ဆုပ်မိ၏။ ထို့ကြောင့် လီဝိုင်မေအား တဖြည်းဖြည်း ပို၍ ပို၍ မုန်းလာတော့သည်။

သို့နှင့် သူတို့အားလုံး ခရီးဆက်ခဲ့ကြရာ တောနက်ကြီးတစ်ခုလုံး၊ ရောက်ရှိလာခဲ့ကြပြန်သည်။ ထိုတောသည် တောအထပ်ထပ်တောင်အထပ်ထပ် ဖြစ်နေသည့် တောကြီးပင်တည်း။

လွန်စွာ နက်ရှိုင်း၏။ တောင်ထိပ်တွင် ဝုံးအုပ်နေသော နှင်းခဲများသည် အရောင်တလက်လက်တောက်ပြီး လှပနေသည်။

တရွေ့ရွေ့ ခရီးနှင်ကြရာ အုံဩဖွယ်ကောင်းသော ခေါင်းလောင်းသံများ ကြားလိုက်ကြရသည်။

သိုင်းရူးအဘိုးကြီးသည် ခေါင်းလောင်းသံကို နားစွင့်နေသည်။

ထို့နောက် ဝမ်းသာအားရ ပြောဆို၏။

"အင်း .... ဒီတောတောင်ထဲမှာ ဘုံကျောင်း ရှိနေတယ်ဆိုတာ သေချာနေပြီ .... အဲဒီကျောင်းမှာ ခဏ နားကြမယ် .... တောတောင်ထဲမှာ ခုလိုဘုံကျောင်းမျိုး တွေ့ရဖို့ရှားတယ်"

သိုင်းရူးအဘိုးကြီး၏ စကားကို အားလုံးက ထောက်ခံကြသည်။

သို့နှင့် ခေါင်းလောင်းသံကိုမှန်းပြီး ခရီးဆက်လာကြလေသည်။

တောင်ကုန်းတစ်ခုကို ကျော်ပြီးသောအခါ ရှေးဟောင်းဘုံကျောင်းကြီး တစ်ကျောင်းကို ဘွားခနဲ တွေ့ရလေတော့သည်။

ကျောင်းတံခါးသည် ရွှေရောင်တဝင်းဝင်း ဖြစ်နေသောကြောင့် အားလုံး၊ သံသယသင့်သွားကြသည်။

အခန်း (၄၅)

အယောင်ဆောင် တရုတ်ဘုန်းကြီး

ဝမ်ယွင်ချောင်တို့ လေးယောက်သည် ခြင်္သေ့ရုပ်ကြီး တပ်ဆင်ထားသည့် တံခါးကြီးအနီးသို့ တဖြည်းဖြည်း တိုးကပ်လာကြ၏။

ထိုတံခါးချပ်ပေါ်တွင် အနီရောင် ဆေးနှင့် ရေးထားသော စာတမ်းများကို တွေ့ရသောအခါ ဝမ်ယွင်ချောင်မှာ အကြီးအကျယ် အံ့အားသင့်သွားလေ၏။

ရေးထားသော စာများကား ....

"အသင် ဝမ်ယွင်ချောင် .... အသင့်လည်ပင်းပေါ်မှ ဦးခေါင်း သည် ဝိညာဉ်နတ်သူတို့၏ ဓွင့်လွှတ်ထားမှုကြောင့် ယခုလို တည်ရှိနေ ခြင်း ဖြစ်သည် ....

အကယ်၍ ဝိညာဉ်နတ် စေတမန်တို့၏ ဓွင့်လွှတ်မှုကို နားမလည်ဘဲ စာရင်းမှပ်လာခဲ့ပါက အသင့်ဦးခေါင်းသည် အသင့်လည်ပင်းပေါ်မှ ခွဲခွာသွားပေလိမ့်မည် .... "

ဝမ်ယွင်ချောင်သည် ဒေါသထွက်လွယ်သူ မဟုတ်ပေ။

သို့သော် ....

ဤစာများကို ဖတ်မိသည့်အခါတွင်မူ ထောင်းခနဲ ဒေါသ ပေါက်သွားသည်။

ဤစာများကို လိုဝိုင်မေမှတစ်ပါး မည်သူကမျှ ရေးလိမ့်မည် မဟုတ်ချေ။

လိုဝိုင်မေသည် နံပါတ်လေးမှတစ်ဆင့် မိမိ၏ မကျေနပ်မှုများကို ပြသွားပေလိမ့်မည်။

ထို့ကြောင့် မိမိအား ဤသို့ ခြိမ်းခြောက်ခြင်း ဖြစ်လိမ့်မည်။ ဝမ်ယွင်ချောင်သည် လိုဝိုင်မေအား လွန်စွာ ဒေါသထွက်နေလေပြီ။

ဟုန်ဟုန်ကလည်း ဤစာသည် လိုဝိုင်မေ၏ လက်ချက် ဖြစ်ကြောင်း နားလည်သဘောပေါက်သည်။

သိုင်းရူးအဘိုးကြီးမှ ဝမ်ယွင်ချောင်၏ နောက်ကြောင်းကိစ္စများကို သိရှိထားသူ မဟုတ်သဖြင့် ဒေါသနှင့် လှမ်းပြောသည်။

"ဟင်း .... ဘယ်သူက ဒီစာတွေ လာရေးတာလဲ .... ငါတို့ကို ခြိမ်းခြောက်ရင် ငါတို့က ပြန်သတ်ပစ်မယ် .... "

ဝမ်ယွင်ချောင်ကမူ ငြိမ်ပြီး တွေးနေသည်။

ဤစာတိုင်းဆိုလျှင် လိုဝိုင်မေနှင့် ဝိညာဉ်နတ်စေတမန်တို့ သည် ဤဂူတန်းကျင်မှာ ရှိနေသည်မှာ သေချာနေပေပြီ။

❐○❐

"ဒကာတို့က လူကောင်းတွေ ဟုတ်ရဲ့လား .... "

ဝမ်ယွင်ချောင်မှာ မသက်မသာ ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ ဘုရား .... "

"ဟရုတ်ဘုံကျောင်းရဲ့ တံခါးကို .... ဆောင့်တွန်းဝင်ပြီးမှ ကျောင်းထိုင် ရှိမရှိ မေးတာဟာ ဒကာတို့ရဲ့ ချုတ်ယွင်းချက်ပဲ .... လူကောင်းသူကောင်းတွေဆိုရင် တံခါးအပြင်ကနေ အသံပေး မေးမြန်းပြုရမှာပေါ့ .... "

"ဟယ်တော်တို့ လူကောင်းတွေပါ .... တံခါးကို ဆောင့်တွန်းပြီး ဝင်ခဲ့မိတဲ့ အပြစ်အတွက် ဝန်ချတောင်းပန်ပါတယ် .... "

ကိုအမျိန်မှာပင် လက်နှစ်ဖက်မိုးလှန် တွမ်ကြွင်းက တဟား ဟား ရယ်တော့သည်။

"ကောင်းရော .... ကောင်းရော၊ ည့ဲသည်က ည့ဲသည်ကို ဝန်ခံပုပ်ပြီး အပြစ်တင်နေရတယ်လို့ .... ဟား ဟား .... ကိုယ်တော် ကျွဲ၊ ကျုပ်တို့လို ခုမှ ကျောင်းထဲ ဝင်လာတဲ့ပုဂ္ဂိုလ်ပါဗျာ .... ဟား ဟား .... "

လွမ်ကြွင်း စကားကြောင့် ဝမ်ယွင်ချောင် အံ့အားသင့်သွား သည်။

ဟရုတ်ဘုန်းကြီး၏ ခြေထောက်တွင် ပေကျံနေသော ရွံ့များကို ပြုံမှ အခြေအနေကို သဘောပေါက်လာသည်။

ဟရုတ်ဘုန်းကြီး၏ နဖူးပေါ်မှ ချွေးများကလည်း အဘိုးအို ပြုံ၏ကားကို ထောက်ခံသလို ဖြစ်နေသည်။

သိုင်းရူးအဘိုးကြီးသည် တံခါးကို ဆောင့်ဖွင့်ပြီး အခြေအနေ ကို ကြည့်သည်။

တံခါးသည် အလွယ်တကူ ပွင့်သွားသဖြင့် ဟုန်ဟုန် မသက် ဖြစ်မိသည်။

"သတိထား .... "

သိုင်းရူးအဘိုးကြီးသည် အားလုံးကိုသတိပေးသည်။ ဘုံကျောင် တစ်ခုလုံး အလွန်တိတ်ဆိတ်ငြိမ်သက်နေသဖြင့် ချောက်ချားဖွယ် ကောင်းနေသည်။

ဝမ်ယွင်ချောင်က လှမ်း၍ အသံပြုလိုက်၏။

"ကျောင်းထိုင်ကြီး ရှိပါသလား ခင်ဗျာ .... "

မကြာမီ ခြေသံ ကြားလာရ၏။

အိမင်းရင့်ရော်သော တရုတ်ဘုန်းကြီးတစ်ပါးသည် ခပ်ဖြည်း ဖြည်း ထွက်လာ၏။

တရုတ်ဘုန်းကြီးက ဝမ်ယွင်ချောင်ကို လူစုကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။

အကဲခတ်သည်။

သိုင်းရွားအဘိုးကြီးသည် တရုတ်ဘုန်းကြီး၏ မူမမှန်ပုံကို တေ
သောအခါ ထုံးစံအတိုင်း ခပ်ကြမ်းကြမ်း ပြောတော့သည်။

"ခင်ဗျားဟာ ကျွပ်တို့နောက်ကို လိုက်နေတဲ့ ဘုန်းကြီးတုပ
ကျွပ်ပြောတာကို ခင်ဗျား ငြင်းချင်သေးသလား .... "

အနက်ရောင်ဝတ်စုံ ဝတ်ထားသည့် တရုတ်ဘုန်းကြီးသည
မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်နေသည်။

အတန်ကြာမှ ....

"ဒကာတို့ ကျွပ်ကိုအထင်မလွဲကြပါနဲ့ .... ကျွပ်ဟာ ဒီကျောင်
ရဲ့ ကျောင်းထိုင်ပါ .... ခရီးထွက်ရာက ခုပဲ ပြန်ရောက်လာတာပါ
ဒကာတို့ လာရင်းအကြောင်းကိုသာ ပြောပါ .... "

ဤသို့ ဖြစ်နိုင်ကောင်းသည်ဟု ဝမ်ယွင်ချောင် ယူဆသည်။

ထို့ကြောင့် မိမိ၏ လူများနှင့် ကျောင်းထိုင်ကြီး ပြဿနာ မဖြစ်
စေရန် ကမန်းကတန်း ဝင်၍ လျှောက်ထားရ၏။

"တပည့်တော်တို့လည်း ခရီးသည်တွေပါပဲ .... ပြောမှားဆိုမှား
ဖြစ်သွားတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် .... တပည့်တော်တို့
ခုလို ရောက်လာတာဟာ စားစရာရှာရင်း ခေတ္တခဏ နားချင်လို့ပါ

ဘုရား .... "

"အေး အေး .... ဒီလိုဆိုလည်း ဘုန်းကြီးနောက်က လိုက်ခဲ့ကြ
ပါ .... "

တရုတ်ဘုန်းကြီးသည် ပြောပြောဆိုဆို ဦးဆောင်ထွက်သွား
သည်။ ဝမ်ယွင်ချောင်တို့လည်း သတိထားပြီး လိုက်သွားကြ၏။

အခန်းတစ်ခန်းထဲသို့ ရောက်သောအခါ တရုတ်ဘုန်းကြီးက
ရေနွေးကြိုးတစ်လုံး ချပေးသည်။

ပန်းကန်လုံးများ ချပေးသည်။ ခုံများတွင်ထိုင်ရန် အချက်ပြ
သည်။

နံတစ်ခုတွင် ဝင်ထိုင်ရင်း သူကျောင်းနှင့် ပတ်သက်သည်တို့ကို
ရှင်းလင်းပြောပြသည်။

"အရင်ကတော့ ဒီကျောင်းမှာ တပည့်တွေ အတော်များပါ
တယ် .... ဒါပေမယ့် မြို့နဲ့ကလည်း ဝေးတဲ့ကျောင်းဆိုတော့ အစားအစာ
က ရှားပါးတယ် .... ဒါကြောင့် တပည့်တွေအားလုံး မြို့နဲ့နီးတဲ့ ကျောင်း
တွေကို ရောက်ကုန်ကြပြီ .... ဒါကြောင့်လည်း သွားစရာ လာစရာရှိ
ရင် ကိုယ်တိုင် သွားနေ လာနေရတော့တာပဲ .... "

တရုတ်ဘုန်းကြီး၏ စကားမှာ မှန်ကန်နိုင်သည်။

ဤသို့ နက်ခေါင်သော တောထဲ၌ ဤဘုံကျောင်းကို လာ
ရောက်သည့် ရှေးကဦး ဘုန်းတော်ကြီးများ၏ ရည်ရွယ်ချက်ကို ဝမ်
ယွင်ချောင် ခန့်မြေမိသည်။

တရားအားထုတ်၍ ကောင်းသဖြင့် ဤသို့ လူသူမနီးသည့်
နေရာကြီးထဲ၌ ဘုံကျောင်း လာဆောက်ခြင်း ဖြစ်သည်လား မဆိုနိုင်
သေး။

ပုန်းကြီးသည် အခန်းငယ်ထဲမှ ပြန်ထွက်လာနေသောကြောင့်တည်း။
တရုတ်ဘုန်းကြီးသည် အင်္ဂေတထောင်းထောင်း ထွက်နေ
ပေါက်စီများကို လင်ပန်းတစ်ချပ်နှင့် ယူလာသည်။
လင်ပန်းပေါ်တွင် အရက်အိုးတစ်အိုးလည်း ပါလာသည်။
သိုင်းရူးအဘိုးကြီးသည် စားသောက်ဖွယ်ရာများ ရောက်လာ
ကျနှင့် တဟဲဟဲ ဖြစ်နေတော့သည်။

❐○❐

တရုတ်ဘုန်းတော်ကြီးက ထိုင်ရာမှ ထလိုက်ပြီး ....
"ဒကာတို့အတွက် စားစရာလေးတွေ သွားပြင်လိုက်ဦးမယ်
စိတ်အေးလက်အေး နားကြပါ .... "
ဟု ပြောပြီး အခန်းငယ်ကလေးအတွင်းသို့ ဝင်သွားပြန်တော့
သည်။
ဟုန်ဟုန်သည် တရုတ်ဘုန်းကြီး ပျောက်ကွယ်သွားသည်အထိ
စောင့်ကြည့်ပြီး တီးတိုးပြောဏ်။
"အစ်ကို .... ဒီတရုတ်ဘုန်းကြီးကို သတိထားနော် .... "
ဝမ်ယွင်ချောင်က ....
"သတိကတော့ ထားရတာပေါ့ .... ဒါပေမယ့် ဒီ တရုတ်ဘုန်း
ကြီးက ရိုးသားပုံရတယ် .... "
သိုင်းရူးအဘိုးကြီးက ရယ်သည်။ သူထုံးစံအတိုင်း ဘာကိုမှ
ဂရုမစိုက်ပေ။
လက်နှစ်ဖက်မိုးလုံနှ တွမ်ကြွင်းကမူ သိုင်းရူးအဘိုးကြီး၏
ပေါ့ဆပုံကိုကြည့်ပြီး သတိပေး၏။
"ဘာပဲဖြစ်ဖြစ် ကျွပ်တို့ သတိကြီးကြီးထားဖို့တော့ လိုတယ်ဗျ
သိုင်းလောကဆိုတာ အင်မတန် ရှုပ်ထွေးတယ်ဆိုတာ အစ်ကိုကြီး
လည်း သိပြီးသားပဲဟာ .... "
"ဟုတ်ပါတယ်ဗျာ .... ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွပ်တို့လူ
အင်အားနဲ့ဆိုရင် ဘယ်လိုရန်သူကိုမှ ကြောက်ဖို့မလိုပါဘူး .... "
လက်နှစ်ဖက်မိုးလုံနှ တွမ်ကြွင်းသည် သူ သက်ာမကင်းသည့်
ဓနုက်ကို ပြောရန် ဟန်ပြင်ပြီးမှ ရုတ်တရက် ငြိမ်သွားသည်။
အဘယ့်ကြောင့်ဆိုသော် စောစောက ဝင်သွားသည့် တရုတ်

ထို့နောက် အရက်အိုးကို ဆွဲယူတော့သည်။

"နေဦးလေ .... "

ဟုန်ဟုန်က ကမန်းကတန်း လှမ်းတားသည်။

ထို့နောက် ခေါင်းပေါ်က ဒွေဆံထိုးကို ဖြုတ်လိုက်ပြီး အရက်အိုးထဲ နှစ်ကြည့်သည်။

တစ်ဆက်တည်းမှာပင် ပေါက်စီများကိုပါ စမ်းသပ်ကြည့်သည်။

"ကဲ .... စားလို့ သောက်လို့ ရပါပြီ"

အားလုံးက ဟုန်ဟုန်ကို သဘောကျသွားသည်။ ဟုန်ဟုန်သည် သူ၏ ဒွေဆံထိုးဖြင့် အဆိပ် ပါ၊မပါ စမ်းသပ်ခြင်းပင် ဖြစ်တော့သည်။

အမှန်စင်စစ် ဤအပြုအမူမှာ အိမ်ရှင်ကို စော်ကားသော အပြုအမူ ဖြစ်၏။

သို့သော် တရုတ်ဘုန်းကြီးသည် ထိုအတွက် မျက်နှာတစ်ချက် မပျက်ပေ။

ခပ်တည်တည်ပင် ကြည့်နေ၏။

သိုင်းရူးအဘိုးကြီးသည် ဟုန်ဟုန်ခွင့်ပြုချက်ရသည်နှင့် အရက်အိုးကို ဆွဲယူပြီး တစ်ကျိုက်မော့ချတော့သည်။

ဝမ်ယွင်ချောင်တို့လည်း ပေါက်စီများကို ယူစားကြတော့သည်။ စားသောက်ပြီးစီးသောအခါ လက်နှစ်ဖက် မိုးလန့် တွမ်ကြွင်း [illegible]

"ကျွပ်တို့ ခရီးဆက်ရင် ကောင်းမယ်ထင်တယ် .... "

ထိုစကားကြောင့် တရုတ်ဘုန်းကြီး၏ မျက်လုံးနှစ်ဖက် မြင့် [illegible] ထိုအချက်ကို ဝမ်ယွင်ချောင် သတိပြုလိုက်မိ၏။

တရုတ်ဘုန်းကြီးက ....

"ဒကာကြီးတို့ ချက်ချင်း ခရီးဆက်လို့ မကောင်းဘူး ထင်တယ်၊ [illegible] .... မိုးရွာတော့မှာ [illegible] .... မိုးကြီးလေကြီး ကျလာရင် ခိုစရာ နားစရာ ရွာလည်း [illegible] .... ရာသီဥတု သာသာယာယာ ဖြစ်မှ သွားကြပါ [illegible]

သိုင်းရူးအဘိုးကြီးက တရုတ်ဘုန်းကြီးကို ကြည့်ပြီး တည်တည် [illegible]

"ကိုယ်တော်က ကျွပ်တို့ကို ဒီမှာ တည်းခိုစေချင်တာကိုး"

"ကျွပ်က စေတနာနဲ့ တားနေတာပါ .... တောထဲတောင်ထဲ [illegible] ခရီးဆက်ချင်သပဆိုလည်း ကျွပ်က မတားတော့ပါဘူး"

ဝမ်ယွင်ချောင်က ဝင်လျှောက်သည်။

"မှန်ပါတယ် ကိုယ်တော် .... တပည့်တော်တို့ တစ်ညလောက် [illegible] .... ကိုယ်တော်ကြီး အနောင့်အယှက်ဖြစ်မှာသာ [illegible] ဒီဆရာကြီး ငြင်းတာဟာလည်း ဒီသဘောကြောင့် ပါ

"ကိစ္စမရှိပါဘူး .... ကျုပ် ခွင့်လွှတ်ပါတယ် .... ဒကာတို့ အ
လုံး အေးအေးချမ်းချမ်း အနားယူနိုင်ပါတယ် .... "

တရုတ်ဘုန်းကြီးက အားလုံး ညအိပ်မည်ဆိုသည်နှင့် စောင်
ခေါင်းအုံးများကို ထုတ်ပေးသည်။

နေရာချထားပေးသည်။

ထို့နောက် ဘုရားရှိခိုးဦးမည်ဟု ဆိုပြီး ဘုရားခန်းထဲသို့ ဝင်သွ
တော့သည်။

ဘုရားခန်းထဲမှ ဘုရားရှိခိုးသံများ ပုံ့လွင့်လာသောအခါ ဟု
ဟုန်က ဝမ်ယွင်ချောင်ကို တီးတိုးပြောသည်။

ဝမ်ယွင်ချောင်က သိုင်းရူးအဘိုးကြီးနှင့် တွမ်ကြွင်းကို လက်ဖြ
အချက်ပြသည်။

အခြေအနေကို စုံစမ်းမည်ဟူ၍။

ထို့နောက် နှစ်ယောက်အတူထပြီး အဆောက်အအုံ အခြေ
အနေကို လျှောက်ကြည့်ကြသည်။

နေရာအနှံ့ လှည့်ပတ်ကြည့်ရှုပြီးသောအခါ လူစိမ်း ဟူ၍
တစ်ယောက်မျှ မရှိကြောင်း တွေ့ရသည်။

ဘုန်းကြီး၏ စကားသည် မှန်ကန်နေလေပြီ။

သို့သော် ....

အဆောင်တစ်ဆောင်၏ အခန်းတစ်ခန်းထဲတွင် အနက်ရောင်
အခေါင်း လေးငါးလုံးတို့ တွေ့ရသည်။

ဤသည်လည်း ဆန်းတော့ မဆန်းပါ။ ကျောင်းတိုင်းကျောင်း
တိုင်း ခေါင်းများ ထားရှိသည်မှာ ဓလေ့ထုံးစံ တစ်ခုပင် ဖြစ်သည်။

တရုတ်လူမျိုးများအတွက် ခေါင်းသည် ထူးဆန်းသော အရာ

ပေးကြပါ။ နောက်ဆုံးတွင် မိမိတို့ တည်းခိုရာနေရာသို့ ပြန်လာခဲ့ကြ
သည်။ သိုင်းရူးအဘိုးကြီးနှင့် တွမ်ကြွင်းတို့အား တွေ့ဖြင်ခဲ့ရသည်များကို
ပြန်ပြောပြကြသည်။

အဘိုးကြီးနှစ်ဦး ခေါင်းတညိတ်ညိတ် နားထောင်ကြသည်။

ပြတင်းပေါက်မှ တိုးဝင်လာသော လေသည် အေးစိမ့်စိမ့် ဖြစ်
လာသည်။

အားလုံး ငြိမ်နေသကဲ့သို့ ဝမ်ယွင်ချောင်လည်း ငြိမ်နေ၏။

စိတ်ထဲတွင်မူ လီဝိုင်မေ အကြောင်းကိုသာ တွေးနေမိ၏။

လီဝိုင်မေသည် နုနယ်ချောမော လှပသလောက် ရက်စက်
ကြမ်းကြုတ်သူ ဖြစ်နေသည်မှာ အံ့သြဖို့ ကောင်းသည်။

အဘယ့်ကြောင့် ဤသို့ ဖြစ်သွားသည်ကို သူလည်း မတွေး
တော်ပေ။

နှစ်ယောက်သား ပြန်လည်ဆုံတွေ့ခဲ့လျှင်မူ တွယ်တာမိခဲ့သော
ဝါသနာဇဉ်ကို ဖြတ်နိုင်ပါ့မလားဟု တွေးမိပြန်သည်။

ကျောင်းထဲတွင် တစ်ချိန်ထက်တစ်ချိန် မှောင်သည်ထက်
မှောင်လာသည်။

တစ်နေကုန်၍ တစ်မိုးချုပ်ခဲ့လေပြီ။

□○□

ဘုန်းကြီးသည် အဆောင်ခန်းမီးများကို မီးထွန်းညှိပြီးသည်နှင့် ည့ဲသည်များအတွက် ညစာ စီစဉ်ပေးသည်။

စားပွဲပေါ်တွင် စားသောက်စရာများ ပြည့်ပြည့်စုံစုံ ချထားပြီးသည်နှင့် ဝမ်ယွင်ချောင်တို့လည်း စားပွဲဘေးတွင် ဝိုင်းထိုင်လိုက်ကြ၏။ ညစာအတွက် ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများသည် စားချင့်စဖွယ် ဖြစ်နေသည်။ ဘုန်းကြီးတစ်ပါးတည်းက ဤသို့ ပြင်ဆင်ပေးနိုင်ခြင်းမှာ အံ့သြဖွယ်ကောင်းသည်ဟု ဝမ်ယွင်ချောင်တွေးနေ၏။

ဘုန်းကြီးသည် ည့ဲဝတ်စကားပြောရင်း တရင်းတနှီး ဝင်ထိုင်သည်။ ထို့နောက် အရက်အိုးထဲမှ အရက်ကို ပန်းကန်လုံးလေးထဲသို့ ငဲ့ထည့်လိုက်ပြီး ....

"ဒါ .... စပျစ်သီးအရက်ပဲ ဒကာတို့ .... ကိုယ်တော် သိမ်းထားတာ ကြာပြီ၊ မွေးလည်း သိပ်မွေးတယ်၊ ကောင်းလည်း ကောင်းတယ်၊ ဒကာတို့ ကြိုက်သလို သုံးဆောင်နိုင်ပါတယ် .... "

ထို့နောက် ပန်းကန်တိုင်းမှ ဟင်းလျာများကို တစ်ဖတ်စီ၊ တစ်တုံးစီ၊ တစ်ဇွန်းစီ နှိုက်စားပြသည်။

သိုင်းရွာအဘိုးကြီးသည် .... တရုတ်ဘုန်းကြီး၏ အပြုအမူကို သဘောပေါက်သဖြင့် တဟဲဟဲရယ်ရင်း လှမ်းပြောသည်။

"ကိုယ်တော်ကြီး .... ကိုယ်တော်ကြီး အခုလို ကျေးမွေးခည့ဲခံတာကို အများကြီး ကျေးဇူးတင်ပါတယ် .... ခုလို စားမပြ သောက်မပြလည်း ကျုပ်ကတော့ အဝစားမှာ သောက်မှာပဲဗျ .... ဒီ အစားအစာတွေထဲမှာ အဆိပ်ရှိတယ်ဆိုရင်လည်း ကျုပ်ကတော့ စားမှာပဲ .... ဟဲ ဟဲ ဟဲ .... "

သိုင်းရွာအဘိုးကြီးသည် ရယ်ရယ်မောမောနှင့် အရက်အိုးကြီးဆွဲယူပြီး မော့ချလိုက်တော့သည်။ ဝမ်ယွင်ချောင်တို့သည်လည်း သိုင်းရွာအဘိုးကြီး ဘာမှမဖြစ်သည်နှင့်အစားအသောက်များကို စိတ်ချလက်ချ စားသောက်ကြ၏။ အားလုံး စားသောက်ပြီးစီးသောအခါ တရုတ်ဘုန်းကြီးသည် နှုတ်ဆက်၍ ထွက်ခွာသွားသည်။

ဝမ်ယွင်ချောင်တို့အားလုံးသည် သူတို့အိပ်စက်ရန် ပေးထားသည့် အခန်းထဲသို့ ဝင်၍ ခြေဆန့်လက်ဆန့် အနားယူနေကြလေတော့၏။ ထိုအချိန်၌ ခေါင်းလေးငါးလုံး ရှိသည့်အနက် ခေါင်းနှစ်လုံး၏အဖုံးသည် ကျိခနဲ မြည်ပြီး ပွင့်လာသည်။

ခေါင်းထဲမှ လူနှစ်ယောက် ခုန်ထွက်လာသည်။

လူနှစ်ယောက် အပြင်ရောက်လာသည်နှင့် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော တရုတ်ဘုန်းကြီးက ဂါရဝပြုပြီး ကြိုဆိုနှုတ်ဆက်လိုက်သည်။

"ရှမ်လင်က စေတမန်နှစ်ဦးကို ကြိုဆိုပါတယ် .... "

ထိုတရုတ်ဘုန်းကြီးက ဝမ်ယွင်ချောင်တို့အား ကျေးမွေးမွေးခည့ဲခံခဲ့သည့် ဘုန်းကြီးပင်တည်း။

❐○❐

ခေါင်းထဲမှ ထွက်လာသူများမှာ လူငယ်နှစ်ယောက်သာ ဖြစ်သည်။ တစ်ယောက်သည် အဖြူရောင်ဝတ်စုံကို ဝတ်ထားပြီး အခြားတစ်ယောက်သည် အဝါရောင်ဝတ်စုံကို ဝတ်ထားသည်။

နှစ်ယောက်စလုံးသည် လူချောကလေးများပင် ဖြစ်ကြသည်။

အကျီဖြူသည် တာအိုဘုန်းကြီးကို တစ်ချက် အကဲခတ်လိုက်ပြီး ....

"ကိုယ်တော်ကြီး .... လိုအပ်တာတွေ ဆောင်ရွက်ပြီးပြီလား"

"ဆောင်ရွက်ပြီးပါပြီ ဒကာ .... ယစ်တစ်ထောင်မူး အဆိပ်ဆေးတွေ သူတို့ဝမ်းထဲ ရောက်နေပါပြီ"

အကျီဝါက ဝင်ပြောသည်။

"သေချာရဲ့လား ကိုယ်တော်ကြီး .... "

"သေချာပါတယ် ဒကာ .... သူတို့ စားတာသောက်တာတွေကို ကျွပ်ကိုယ်တိုင် အစအဆုံးတိုင် ကြည့်နေခဲ့တာပါ .... ဒီဆေးဟာ ကျွပ်ကိုယ်တိုင်လည်း ဖော်စပ်ထားတဲ့ ဆေးပါ .... ပါးစပ်ထဲရောက်လည်း အစားအသောက်ရဲ့ မူလအရသာကို မပျက်စေပါဘူး .... ဗိုက်ထဲရောက်ပြီး အချိန်သိပ်ကြာတဲ့အခါမှ ဆေးစွမ်းပြတာမျိုးပါ။ ကျွပ်ဆီက

ဖြေဆေးသာ မရရင် လူသေတွေလို နေ့နေရမှာပါပဲ .... "

လူငယ်နှစ်ယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။

တို့နောက် အခေါင်းများ ရှိနေသည့် အခန်းကလေးထဲမှ ခန်းမဆောင်ကြီးထဲသို့ လျှောက်လာကြသည်။

ခန်းမဆောင်ကြီးထဲသို့ ရောက်သောအခါ ရှမ်လင်တာအိုကြီးက ....

"အစီအစဉ်အတိုင်း လုပ်တော့မှာလား .... "

ဟု မေးသည်။

အကျီဖြူ လူငယ်က ....

"အစီအစဉ်က မူလအစီအစဉ်အတိုင်း မဟုတ်တော့ဘူး .... သခင်မလေးက ဟိုကိစ္စကို သူကိုယ်တိုင် ဆောင်ရွက်မယ်တဲ့"

ဟု ပြန်ပြောသည်။

ဤတွင် အကျီဝါ လူငယ်က ကြားဝင် ပြောလာသည်။

"ကျုပ် အစောကြီးကတည်းက တွက်ပြီးသားပါဗျာ .... သခင်မလေးဟာ သူချစ်သူ ဝမ်ယွင်ချောင်အပေါ် သံယောဇဉ်မပြတ်ပါဘူး၊ နောက်ကွယ်မှာ သတ်မယ်လို့ ပြောနေပေမယ့် မျက်နှာချင်းဆိုင်မရင် သတ်ရက်မှာ မဟုတ်ပါဘူး .... "

ထိုစဉ် ပြတင်းပေါက်အပြင်ဘက်မှ အဖြူတန်းလေးတစ်တန်း ရှိခနဲ မြည်ပြီးလွင့်လာသည်။

အကျီဖြူလူငယ်က ဖျတ်ခနဲ ဖမ်း၍ ကြည့်လိုက်သောအခါ စာခေါက်လေးတစ်ခု ဖြစ်နေသည်။

ဖြန့်ကြည့်လိုက်သော် လှလှပပ ရေးထားသော စာလုံးများကို တွေ့ရသည်။

နဂါးဖြူလေး ....

ကိန္နကို ဦးဆောင်ပြီး ဒုတိယအစီအစဉ်

အတိုင်း ဆောင်ရွက်ပါ .... ။

စာအောက်တွင် ဆွဲထားသော အရုပ်ကား လူအရိုးခေါင်းပုံ တစ်ပုံ ဖြစ်သည်။

ထိုအရိုးခေါင်းပုံသည် ဝိညာဉ်နတ်ဒေဝီ လီဝိုင်မေ၏ အမှတ်တံဆိပ် ဖြစ်လေသည်။

❐○❐

တရုတ်ဘုန်းကြီး ရှမ်လင်သည် အက်ိုးဖြူလူငယ်ကို အကဲခတ်နေရာမှ ....

"စေတမန် နဂါးဖြူလေး .... ဒုတိယ အစီအစဉ်အကြောင်း သိခွင့်ရှိရင် သိပါရစေ .... "

အက်ိုးဖြူ လူငယ်သည် ခေါင်မိုးကို မော့ကြည့်ရင်း စဉ်းစားနေသည်။ စင်စစ် အက်ိုးဖြူလူငယ်သည် လက်နက်မဲ့ နဂါးသတ် ရင်းကြယ်ဟော့၏ သမီး ရင်းလီကြူနှင့် ချစ်ခင်ခဲ့သော နဂါးဖြူလေးပင် ဖြစ်သည်။ နဂါးဖြူလေးသည် ခေါင်းတယမ်းယမ်း လုပ်လိုက်ပြီးမှ သူဘာသာ ပြောသလို ရေရွတ်လိုက်သည်။

"သခင်မလေးဟာ ဝမ်ယွင်ချောင်နဲ့ ဟုန်ဟုန်တို့ အလွန်အကျူးဖြစ်မဖြစ်ကို ဘာဖြစ်လို့ စမ်းသပ်ချင်နေရတာလဲ မသိဘူး .... "

"အဲဒါ ဘယ်လိုစမ်းမှာလဲ .... "

တာအို တရုတ်ဘုန်းကြီး ရှမ်လင်က မျက်လုံးပြူးပြီး ဝင်မေးသည်။ နဂါးဖြူလေးက ....

"သူတို့နှစ်ယောက်ကို အခန်းကျဉ်းကလေးထဲမှာ မျက်နှာချင်းဆိုင်ခိုင်းတာပဲဗျ .... အဲဒီလိုလုပ်ပြီးမှ ဖြေဆေး ပေးရမယ်တဲ့"

တရုတ်ဘုန်းကြီး ရှမ်လင်က မျက်မှောင်ကြုတ်သွားသည်။

"ကျုပ် ကြားဖူးထားတာက ဝမ်ယွင်ချောင်ရဲ့ အတွင်းအား ဟာ သိပ်ကောင်းတာပဲတဲ့ .... ဒီတော့ ရမ္မက်စိတ်ကို ထိန်းသိမ်းပြီး ရန်မူလာရင်ခွေးကိုကျားဖြစ်အောင်လုပ်လိုက်သလိုဖြစ်မနေဘူးလား"

"ဟား ဟား ဟား .... ဒီအချက်ကို သခင်မလေးက ကြိုတင် စဉ်းစားပြီးသားပါဗျာ .... ဖြေဆေး ပေးပြီးတာနဲ့ လေကန်ဆေးကို ဆက်ကျွေးဖို့ မှာထားပြီးသားပါ .... "

"လေကန်ဆေး ဟုတ်လား"

"ဟုတ်တယ် .... အဲဒီဆေးက သိုင်းကျင့်စဉ် ကျင့်တဲ့ သိုင်းသမားတွေရဲ့ အတွင်းအားကို ထိန်းချုပ်တဲ့ ဆေးပဲ .... ဒီဆေးကို စားမိရင် ဘယ်သူပဲဖြစ်ဖြစ် အတွင်းအားကို ထုတ်လို့ မရတော့ဘူး .... ကိုယ်တွင်းမှာ ရှိတဲ့သွေးနဲ့ လေဟာစုလို့မရအောင်ပဲ့သွားတတ်တယ်"

"ဒီလိုဆိုရင် ဒုက္ခိတ ဖြစ်သွားမှာပေါ့ .... "

"အဲဒီကိစ္စက တဒင်္ဂကိစ္စပဲ .... ဆေးစွမ်းပြယ်သွားတာနဲ့ မူလ အတိုင်း သွေးလေ လည်ပတ်နိုင်ပါတယ် .... လိုအပ်တဲ့ အချိန်ကလေး အတွက် အသုံးချတဲ့ဆေးပါ .... "

"အဲဒီကိစ္စ ပြီးရင်ရော .... "

"နောက်ပိုင်းကိစ္စကိုတော့ သခင်မလေး ကိုယ်တိုင် လိုအပ်သလို စီရင်လိမ့်မယ် .... ကျန်တဲ့အလုပ်တွေဟာ ကျုပ်တို့နဲ့ မဆိုင်တော့ဘူး .... "

နဂါးဖြူလေးသည် စကားဆုံးသည်နှင့် အနီရောင်ဆေးလုံးတစ်လုံးကို ထုတ်ယူလိုက်ပြီး တရုတ်ဘုန်းကြီး ရှမ်လင်ထံသို့ လှမ်းပေးလိုက်သည်။

ဘုန်းကြီး ရှမ်လင် ထွက်ခွာမည် ပြုစဉ် အကျီဝါ လူငယ်က ...

"နေဦးကိုယ်တော်ကြီး၊ ကျုပ် ကိုယ်တော်နဲ့ အတူလိုက်မယ်"

နောက်ထပ် အဆောင်တစ်ဆောင်ထဲသို့ ရောက်သောအခါ အကျီဝါလူငယ်က ....

"ကိုယ်တော် ရှမ်လင် .... ကျုပ် အူးရွှင်ဝါ ခင်ဗျားဆီက အကူအညီတစ်ခု လိုချင်တယ်"

တရုတ်ဘုန်းကြီး ရှမ်လင်က ....

"ပြောပါ စေတမန်လေး .... ပြောပါ၊ ကျုပ် ကူညီနိုင်တာဆို ကူညီပါ့မယ် .... "

အူးရွှင်ဝါက တိုးတိုးပြောသည်။

"ဒီလိုဗျာ .... ကျုပ်မှာ ရာဂပန်းပွင့်တစ်ပွင့် ရှိတယ်ဗျ .... ဒီပန်းကို လေကန်ဆေးနဲ့ ရောပြီး ဝမ်ယွင်ချောင်ရဲ့ ပါးစပ်ထဲ ထည့်ပေးပါ .... "

တရုတ်ဘုန်းကြီး ရှမ်လင် ချက်ချင်း သဘောပေါက်သွားသည်။

"နေဦး .... ကျုပ်လည်း အရမ်းမလုပ်ရဲဘူး .... ဝိညာဉ်နတ်ဒေဝီက အပြစ်ကင်းရှင် ခက်မယ် .... "

စင်စင် တရုတ်ဘုန်းကြီး ရှမ်လင်သည် အူးရွှင်ဝါ၏ အကြောင်းကို ကောင်းကောင်း သိထားသဖြင့် အပေးအယူရလုပ်ရန် ရွေးစာင်လိုက်ခြင်းသာ ဖြစ်သည်။

အူးရွှင်ဝါသည် အရှေ့ပင်လယ်တွင်ရှိသော ကျွန်းတစ်ကျွန်းတွင် နေထိုင်သည့် မိန်းမလျာ သိုင်းသမား အူးခွန်၏ တစ်ဦးတည်းသော သားဖြစ်လေသည်။

ဖအေတူသားမို့ ရမ္မက်ကြီးသည်၊ ရာဂပန်းသည် ထိုကျွန်းပေါ်တွင်သာ ပေါက်လေ့ရှိသည်။

ထိုပန်းသည် သူ့အာနိသင်နှင့်သူ အလွန်အစွမ်းထက်သည်။

ထိုပန်းကို စားပြီး လိုအပ်သောကိစ္စကို မပြုနိုင်ခဲ့ပါက သွေးကြောများ ပြတ်ပြီး သေနိုင်သည်။

အုးရွှင်ဝါ အနေဖြင့် .... ဝိညာဉ်နတ်ဒေဝီ လိုဝိုင်မေ၏ လက်အောက်တွင် စေတမန်လုပ်နေခြင်းကား လိုဝိုင်မေကို အပိုင်ကြိုလို၍ ဖြစ်သည်။

ထို့ကြောင့် .... လိုဝိုင်မေနှင့် ဝမ်ယွင်ချောင်တို့ လုံးဝ အဆက်အသွယ် ပြတ်သွားစေရန် ရည်ရွယ်ပြီး ဝမ်ယွင်ချောင်ကို အသေကြေနေခြင်း ဖြစ်သည်။

ယခုမူ .... ဝမ်ယွင်ချောင်သာမက ဟုန်ဟုန်ပါ ရှိသဖြင့် ဝိုင်ပြီး သတောကျနေသည်။ ဟုန်ဟုန်သည် လိုဝိုင်မေနှင့် တစ်ပုံတည်းဖြစ်ဖြင့် အလွန်လှသည်။

ခဲတစ်လုံးတည်းနှင့် ငှက်နှစ်ကောင်ကျအောင် ပစ်ချနိုင်ပါက သူ့အတွက် အလွန်ဟန်ကျမည်ဟု တွေးနေ၏။

ဝမ်ယွင်ချောင်သာ ရာဂပန်းကို စားမိပါက ဟုန်ဟုန်နှင့် လွန်ကျူးကြမှာ သေချာသည်။

ဤအကွက်ကို လိုဝိုင်မေ တွေ့လျှင် ဒေါသမီးတောင် ပေါက်ကွဲပြီး ဝမ်ယွင်ချောင်ကို သတ်မှာ သေချာသည်။

ထိုအခါ .... မိမိက ဟုန်ဟုန်ကို ကယ်တင်မည်။ ဟုန်ဟုန်က အသက်သခင်အနေနှင့် ကျေးဇူးတင်လိမ့်မည်။

ထို့နောက်တွင် ဟုန်ဟုန်ကို ဝိုင်ဆိုင်ရန် ကိစ္စသည်လည်း ခက်ခဲတော့မည် မဟုတ်ပေ။

တရုတ်ဘုန်းကြီး ရှမ်လင်သည် အုးရွှင်ဝါ၏ အကြံအစည်ကို အပြည့်အစုံမသိသော်လည်း ရာနှုန်းရှစ်ဆယ်လောက်တော့ ခန့်မှန်းမိနေသည်။

ထို့ကြောင့် အတွေးဖြတ်ပြီး မှင့်မှင့်လင်းလင်း မေးတော့သည်။

"စေတမန်လေး အုးရွှင်ဝါ .... ခင်ဗျားရဲ့ လိုအပ်ချက်ကို ကူညီလို့ အောင်မြင်ခဲ့ရင် ကျွန်ုပ်ကို ဘယ်လို ကျေးဇူးတုံ့ပြန်မလဲ .... "

"ဟဲ ဟဲ .... အရှေ့ပင်လယ် အဖွဲ့ကြီးရဲ့ ဌာနခွဲခေါင်းဆောင်ခန့်မယ်၊ အရေးကြီးတာက ကျွန်ုပ် လိုအပ်ချက်ကို အောင်မြင်အောင် ကူညီဖို့ပဲ .... "

"ကောင်းပြီ .... "

တရုတ်ဘုန်းကြီး ရှမ်လင်၏ ကတိကြောင့် အုးရွှင်ဝါ အုပ်မြူးသွားလေသည်။

❐ ○ ❐

နောက်ဆုံးဌ ဤတောဤတောင်သို့ ရောက်ရှိလာပြီး တရုတ်ဘုန်းကြီးအဖြစ် ဓာတ်ဖြုပ်နေခဲ့သည်။

ထိုသို့နေရင်းက အဖြူရောင်သိုင်းလောကသားများနှင့် ရန်ဘက်ဖြစ်နေသည့် လီပိုင်မေအား ဆက်သွယ်ခဲ့သည်။

စင်စစ် သူသည် ဝိညာဉ်နတ် ဂိုဏ်းသားတစ်ဦး ဖြစ်နေခဲ့ချေပြီ။

ဝိညာဉ်နတ်ဒေဝီ၏ အကျိုးကို ဆောင်ရွက်ပေးရင်း သူနည်းသူဟန်နှင့် သိုင်းလောကသားများကို လက်စားချေနေခြင်း ဖြစ်သည်။

သူသည် အူးရွှင်ဝါနှင့် အပေးအယူ မှာသွားသည်နှင့် ဝမ်ယွင်ချောင်တို့ ရှိနေသည့် အနေးထဲသို့ လျှောက်လာခဲ့တော့သည်။

❐○❐

စင်စစ် တရုတ်ဘုန်းကြီး ရှုမ်လင်သည် ဘုန်းကြီးအစစ် မဟုတ်ချေ။

အနောက်ရောင် သိုင်းလောကတွင် ကျင်လည်ကျက်စားနေသော ခုစရိုက်သိုင်းသမားတစ်ယောက်သာ ဖြစ်သည်။

သူသည် နှစ်ပေါင်းများစွာ ခုစရိုက်မှုများကို ကျူးလွန်နေသဖြင့် အထက်လမ်း ဂိုဏ်းသားများက လိုက်လံဖမ်းဆီးခဲ့ကြသည်။

သို့သော် ရှုမ်လင်သည် လွတ်အောင်ရှောင်တိမ်းနိုင်ခဲ့သည်။

❐○❐

သို့သော် ထိုအချက်ကို ဝမ်ယွင်ချောင် မသိပေ။

လီဝိုင်မေအား ထားခဲ့ပြီး သိုင်းရူးအဘိုးကြီးနှင့် ကြာမြင့်စွာ စကားပြောခဲ့ခြင်းသည် သူ့အပြစ်ဖြစ်ကြောင်း ဝမ်ယွင်ချောင် လေးလေးနက်နက် မတွေးပေ။

ယခု လီဝိုင်မေသည် ဝမ်ယွင်ချောင်အား ချစ်ငြိုးချစ်မာန်ဖြင့် တိုက်ခိုက်ရန် တောနက်ကြီးအတွင်းမှ ဘုန်းကြီးရှမ်လင်၏ ဘုံကျောင်းသို့ ရောက်ရှိလာခဲ့လေပြီ။ သူသည် ပဏာမ စီစဉ်ထားရန် နဂါးဖြူနှင့် အူးရွှင်ဝါတို့ကို စေလွှတ်လိုက်သည်။

သူမ နောက်မှ လိုက်လာခဲ့ခြင်း ဖြစ်ပေသည်။

သူမသည် နဂါးဖြူနှင့် အူးရွှင်ဝါတို့ကို လက်ဟန်ခြေဟန်ဖြင့် အချက်ပြလိုက်၏။ မလိုက်ခဲ့ကြနှင့် ငါဘာသာ သွားမည်ဟူသော သဘောတပင် ဖြစ်သည်။ သူမသည် ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့အား သီးခြားထားသည့် အခန်းဆီသို့ လျှောက်လာသည်။

သူမ၏ရင်သည် တထိတ်ထိတ်ခုန်လျက် ရှိသည်။

သူမ စီစဉ်ထားသည့် အစီအစဉ်ကို အပြင်မှ ချောင်းကြည့်သည်။

လီဝိုင်မေ၏ အသည်းနှလုံးများ တစ်စစီ ပဲ့ကြွေသွားသလိုပင် ခံစားလိုက်ရသည်။ မူမိုက်သွားသလို ဖြစ်သွားသဖြင့် နံရံကို လက်ဖြင့် အသာ ဖေးကိုင်လိုက်ရ၏။

အမူးပြေသွားသောအခါတွင်မူ သူမ၏ လွမ်းဆွေးသည့် ဝေဒနာများအစား ဒေါသများက အစားထိုး ဝင်ရောက်လာတော့သည်။

သူမ တစ်ကိုယ်လုံး ပူချစ်လာသည်။

သူမသည် နီရဲနေသော မျက်လုံးများဖြင့် ရှေ့မှ မြင်ကွင်းကို ကြည့်လိုက်မိသည်။

အခန်း (၅၆)

အကြောင်းဆက်၏ အကျိုးတရား

လီဝိုင်မေ .... လင်ကြူဆရာကြီး၏ တစ်ဦးတည်းသော သမီး။ ယခုအခါ လီဝိုင်မေသည် ဘဝတစ်ဆစ်ချိုး ပြောင်းလဲခဲ့ချေပြီ။ ဝိညာဉ်နတ်ဒေဝီ ....

ဝိညာဉ်နတ်ဒေဝီ ဟူသော အမည်သည် သိုင်းလောကထဲ၌ နေ့ချင်းညချင်း ကြီးထွားလာသည့် အမည်ဆိုးတစ်ခု ဖြစ်နေသည်။

လီဝိုင်မေ၏ စိတ်ထဲ၌မူ သူမအား ဝိညာဉ်နတ်ဒေဝီဟု မည်သူကမျှ ခန့်မှန်းနိုင်ကြမည် မဟုတ်ဟု ထင်နေသည်။

ဝိညာဉ်နတ်ဒေဝီသည် လင်ကြူဆရာကြီး၏ သမီးနှင့် မည်သို့မျှ မသက်ဆိုင်။ တခြားတစ်ပါးသော အမျိုးသမီး ဖြစ်လိမ့်မည်ဟု အခြားသိုင်းသမားများက ယူဆထားစေလိုသည်။

ဝိညာဉ်နတ်ဒေဝီအဖြစ် ပြောင်းလဲသွားခြင်းမှာ ဝမ်ယွင်ချောင်က သူ့အား ပစ်ခွာထားခဲ့သည်ဟူသော ချစ်ငြိုးကြောင့် ဖြစ်ပေသည်။

အချစ်ကြီးလျှင် အမျက်ကြီးသည် ဟူသော .... စကားရှိသည် မဟုတ်ပါလော။

မြင်ကွင်းကို ကြည့်ပါဦး။ ဝမ်ယွင်ချောင်သည် ဟုန်ဟုန်ကို အငမ်းမရ ပွေ့ဖက်လျက်ရှိ၏။

ဟုန်ဟုန်မှာ ဝမ်ယွင်ချောင်၏ လက်တွင်းမှ လူးလွန့်လျက် ရှိနေသည်။ လိုဝိုင်မေသည် ဒေါသအလျောက် နှစ်ယောက်စလုံးကို ဝင်၍ ရိုက်သတ်ရန် ကြံမိသည်။

သို့သော် သည်မြင်ကွင်းကို သူ မကြည့်နိုင်တော့ပေ။ ထို့ကြောင့် ချက်ချင်း ကျောခိုင်းလိုက်မိသည်။

မိမိ ခိုအောင်းနေသည့် အခန်းထဲသို့ ခပ်သွက်သွက် ပြန်လှမ်းခဲ့တော့သည်။ သူမ၏ မျက်နှာသည် ဒေါသကြောင့် ရဲရဲနီနေလေပြီ။

အခန်းထဲသို့ လိုဝိုင်မေ ဝင်လာသည်နှင့် နဂါးဖြူလေး၊ အူးရွှင်ဝါနှင့် ရှမ်လင်တို့သည် ပျာပျာသလဲ ကြိုဆိုကြ၏။

သူတို့သည် ဝိညာဉ်နှတ်ဒေဝီကို ရင်တထိတ်ထိတ် စောင့်နေကြခြင်း ဖြစ်၏။ လိုဝိုင်မေသည် သူမအတွက် ခင်းကျင်းထားသော ကုလားထိုင်ကြီးပေါ်တွင် ထိုင်ချလိုက်ပြီးသည်နှင့် ဒေါသတကြီး ရေရွတ်တော့သည်။

"တောက် .... သစ္စာမရှိတဲ့လူ၊ ဒီလိုလူကို ချစ်မိတာ မှားတယ်၊ မှားတယ် .... "

အူးရွှင်ဝါသည် ထိုအကွက်ကို ချောင်းနေခြင်း ဖြစ်၏။ မျက်ဖြူဆိုက်လေ ဘရာကြိုက်လေ ဟူသော သဘောပင်။

လိုဝိုင်မေ ဒေါသဖြစ်လာလေလေ သူ့အတွက် အဆင်ပြေလေ ခေ မဟုတ်ပါလား။

"သစ္စာမရှိတဲ့ လူတစ်ယောက်အတွက် စိတ်ဒုက္ခခံမနေပါနဲ့ သခင်မလေး .... "

"ဝုန်း .... "

လိုဝိုင်မေသည် ဒေါသထွက်ထွက်နှင့် ရှေ့တွင် ရှိနေသော စားပွဲကြီးကို ရိုက်ပစ်လိုက်သည်။

ပြင်းထန်သော ရိုက်အားကြောင့် သစ်သားစားပွဲကြီး ကျိုးပဲ့၊ ပျက်စီးသွား၏။

"ဟုတ်တယ် .... သစ္စာမရှိတဲ့လူ၊ အကြင်နာမရှိတဲ့လူ .... တွယ်တာနေလို့ အပိုပဲ"

လိုဝိုင်မေ ဒေါသသံသည် အခန်းတစ်ခုလုံး ဟိန်းသွားသည်။

အူးရွှင်ဝါက ....

"မှန်ပါတယ် သခင်မလေး .... သိုင်းလောကတစ်ခုလုံးကို စိုးပိုင်လိုသူဟာ ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချရဲဖို့ လိုပါတယ် .... ခုချိန်မှာ သခင်မလေးအနေနဲ့ အလယ်ပိုင်း သိုင်းလောကကို စိုးမိုးနိုင်မယ့် လမ်းလည်း ပွင့်နေပါပြီ .... ဝိုဏ်းကြီးရှစ်ဝိုဏ်းကို အမြစ်မကျန် သုတ်သင်နိုင်မယ့် အချိန်ကာလကို တွက်လို့ရနေပါပြီ .... သခင်မလေးသာ တစ်ခုတစ်ရာ စွန့်လွှတ်မှု ပြုခဲ့ရင် သိုင်းလောကကြီး တစ်ခုလုံးဟာ သခင်မလေးရဲ့ ခြေဖဝါးတော်အောက်ကို ရောက်လာမှာ သေချာပါတယ် .... "

"မှန်တယ် .... စေတမန် အူးရွှင်ဝါရဲ့ အကြံပြုမှုဟာ သခင်မသဘောနဲ့ ကိုက်ညီတယ် .... သူ့ကို ခုပဲ ရှင်းလိုက်တော့ .... "

အူးရွှင်ဝါ အုပ်မြူးသွားသည်။

အူးရွှင်ဝါက ရှေ့ကို တစ်လှမ်းတိုးပြီး ရှင်းအောင် ထပ်မေးသည်။

"သခင်မလေး .... ဘယ်သူ့ကို အရင်ရှင်းရမလဲဆိုတာ အမိန့်ရှိပါ .... "

လီဝိုင်မေ၏ မျက်နှာမှာ ဒေါသကြောင့် ရဲရဲနီနေသဲ့။

"ဝမ်ယွင်ချောင်ကို အရင်ရှင်း .... "

"အမိန့်အတိုင်းပါ သခင်မ .... "

"နေဦး .... "

လီဝိုင်မေ ကမန်းကတန်း ပြန်တားသည်။ အူးရွှင်ဝါ တန့်သွား၏။

"အမိန့်ရှိပါ .... "

"ဟိုကောင်မကို အရင်ရှင်း .... "

အူးရွှင်ဝါ စိတ်ပျက်သွားသည်။

"စဉ်း .... စဉ်းစားပါဦး သခင်မ .... သခင်မကို ဒုက္ခပေးနိုင်တဲ့ လူကို အရင်ရှင်းတာ ကောင်းမယ်လို့ ထင်ပါတယ် .... "

"ဘာလဲ .... ရှင် မဆောင်ရွက်ချင်ဘူးလား "

လီဝိုင်မေ၏ အသံက ကြောက်မက်ဖွယ်ရာ မာကျောလာ၏။

ထိုစဉ် ရှမ်လင်က အကြံနှင့် ကြားဝင်သည်။

"ဒီကိစ္စကို ကျွန်တော် ဆောင်ရွက်ပေးနိုင်ပါတယ် .... "

"ကောင်းပြီ .... ခေါင်းကိုပါ တစ်ပါတည်း ယူလာခဲ့"

"အမိန့်အတိုင်းပါ .... "

ရှမ်လင် ချက်ချင်း လှည့်ထွက်သွားသည်။

"နေဦး .... "

ရှမ်လင် တန့်သွားပြန်၏။

လီဝိုင်မေသည် နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ပြီး တွေဝေနေသည်။

အတန်ကြာမှ ....

"သခင်မ သွားမယ် .... စေတမန်တွေ အားလုံး ကိုယ့်တာဝန် ကိုယ် ကျေပွန်အောင် ထမ်းဆောင်ကြ .... "

ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

ရှမ်လင်မှာ အူကြောင်ကြောင် ဖြစ်သွားသည်။

အူးရွှင်ဝါက အလျင်စလို ဝင်မေး၏။

"သခင်မလေး ထမ်းဆောင်ရမယ့် တာဝန်ကို ရှင်းရှင်းလင်းလင်း ညွှန်ကြားစေချင်ပါတယ် .... "

လီဝိုင်မေက သက်ပြင်းရှည်ကြီး ချသည်။ သူမ အလွန်ခေါင်းရှုပ်နေကြောင်း ထင်ရှားသည်။ အူးရွှင်ဝါကို ကြည့်ပြီး ....

"ကဲ .... အဲဒီကိစ္စကို ရှင်ပဲ ဦးဆောင်ပြီး ဖြေရှင်းလိုက်တော့"

"သခင်မလေး ဆန္ဒနဲ့ ညီညွတ်မှု ရှိရပါစေမယ် .... "

"နေဦး .... သခင်မ သူ့ကို မုန်းကြောင်း အသိပေးလိုက်ပါ။ အနှေးနဲ့အမြန် သေရမယ်ဆိုတာကိုလည်း အသိပေးပါ .... သခင်မ အနေနဲ့ လုံးဝ ခွင့်မလွှတ်နိုင်ကြောင်း သေသေချာချာ ပြောပြထားပါ"

အူးရွှင်ဝါမှာ လီဝိုင်မေ၏ နောက်ထပ် ညွှန်ကြားချက်ကြောင့် အူချာချာ ဖြစ်သွားရသည်။ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိတော့ပေ။

"သခင်မလေး သဘောက ဝမ်ယွင်ချောင်ကို မသတ်ဘဲ လွှတ်ပေးလိုက်မယ့် သဘောလား .... "

"သခင်မ စကားကို ရှင် နားမလည်ဘူးလား .... "

လီဝိုင်မေက တိုတိုပြတ်ပြတ် ပြောပြီး ထွက်သွား၏။

နဂါးဖြူလေး၊ အူးရွှင်ဝါနှင့် ရှမ်လင်တို့က တံခါးဝအထိ လိုက်ပို့ကြသည်။

ဝမ်ယွင်ချောင်ကမူ သူ မှားသွားပြီဟု သိခဲ့သည်။

သို့သော် ရာဂလွန်ဆော်သည့် အမွေးရနံ့ကြောင့် မူရင်းစိတ် ပျောက်နေသည့် လိုဝိုင်မေ၏ အဖြစ်မှန်ကို မသိနိုင်ခဲ့သဖြင့် ထိုစဉ်က ခပ်ပေါ့ပေါ့ပင် လျစ်လျူရှုခဲ့မိသည်။

ထို့ပြင် .... သိုင်းသမားများကို အရူးအမူး သတ်ဖြတ်နေသည့် အတွက် သွေးဆာနေသည့် မိန်းမဟု နောက်ဝိုင်း၌ ယူဆလာသည်။

ထိုအကြောင်းများကြောင့် သူနှင့် လင်မယားသဖွယ် ဆက်ဆံ ခဲ့ပြီးဖြစ်သည့် လိုဝိုင်မေအား လိုက်ရှာသင့်ပါလျက် မရှာဘဲ ပစ်ထားခဲ့ ခြင်း ဖြစ်ပေသည်။

ထို့ပြင် ရှာဖွေခြင်း မပြုရုံမက ရင်းဆန်းကွေးမူ၏ မိဟုန်နှင့် စေ့စပ်ခြင်းကိုပင် လက်ခံခြင်း ပြုသယောင် ငြိမ်နေခဲ့သည်။

ထို့ထက် ဝိုဆိုးသည်မှာ .... သူ့ကိုယ်သူ သတ်သေမည်ဟု ငြိမ်း ခြောက်ခဲ့သဖြင့် လည်းကောင်း၊ ကြင်နာသနားမှုကြောင့်လည်းကောင်း ဟုန်ဟုန်၏ အချစ်ကို လက်ခံခဲ့ပြန်သည်။

အခြေအနေများက အတင်းအကျပ် တွန်းပို့သဖြင့် ဤသို့ ဖြစ် ခဲ့ရသော်လည်း နောက်ဆုံးတွင် ဝမ်ယွင်ချောင် အနေဖြင့် ဒဏ်ကျား မပီသရာ ရောက်ခဲ့သည်။

သစ္စာမဲ့ရာ ရောက်ခဲ့သည်။

နောက်ဝိုင်းတွင် လိုဝိုင်မေသည် သူမ၏ အလှကွန်ယက်နှင့် မြူဆွယ်ပြီး သိုင်းအကျော်အမော်များကို သိမ်းသွင်းနေသည်ဟု ဝမ်ယွင် ချောင် ယူဆလာသည်။

တစ်ဆက်တည်းတွင် လိုဝိုင်မေသည် ထိုသိုင်းအကျော်အမော် များနှင့် နေ့စဉ်နေ့တိုင်း ဖောက်ပြန်နေလေပြီဟု ထင်မြင်လာသည်။

လိုဝိုင်မေသည် ကျောင်းရှေ့တံခါးဝ ရောက်သည်နှင့် ရိုပ်ခနဲ ပြေးထွက်သွား၏။

ကိုယ်ဖော့ပညာ ကောင်းသူဖြစ်၍ တစ်မုဟုတ်ချင်း မှာပင် မှောင်ရိပ်ထဲ ရောက်သွားပြီး ပျောက်ကွယ်သွားသည်။

တကယ်တော့ သူမ ဝေးဝေးမပြေးပါ။

ကျောင်းနှင့် မနီးမဝေး ထင်းရှူးပင်ကြီးအောက် ရောက်သည် နှင့် ရှိက်ကြီးတငင် ငိုချမိတော့သည်။

သူမ ခံစားနေရသော ဝေဒနာသည် ပြင်းထန်လှသည်။

စင်စစ် .... သူမသည် ဝမ်ယွင်ချောင်ကို အထင်လွဲပြီး ထင်ရာ ရေလွှာက်လုပ်နေခြင်း ဖြစ်သည်။

မိုးတစ်မျှင် ချောက်ထဲမှ ဝမ်ယွင်ချောင် ပျောက်သွားခြင်းကို သူမ အထင်လွဲခဲ့ခြင်း ဖြစ်ပေသည်။

ဝမ်ယွင်ချောင်သည် သူမကို ပစ်ခွာသွားခဲ့ပြီဟု ထင်မှတ်သွား ခဲ့၏။ ထို့ကြောင့် အချစ်မှ အမုန်းသို့ ကူးပြောင်းခဲ့သည်။

အလွန်ချစ်သော ဝမ်ယွင်ချောင်ကို အလွန် နာကြည်းသွားခဲ့ သည်။

သို့သော် ဝမ်ယွင်ချောင်တစ်ယောက် ရောက်လာနိုး ရောက်လာနိုး မျှော်ကိုးနေခဲ့သေးသည်။

ဝမ်ယွင်ချောင်ကား ပေါ်မလာတော့။

သူမသည် သံယောဇဉ် အမျှင်မပြတ်သောကြောင့် ဝမ်ယွင်ချောင်ကို လိုက်ရှာပြန်သည်။

ရင်းဆန်းတောင်သို့ ရောက်သောအခါ သိုင်းရူးအဘိုးကြီးနှင့် ဝမ်ယွင်ချောင်တို့ကို တွေ့သည်။

သို့သော် လီပိုင်မေက တိတိလင်းလင်း မတွေ့ဆုံခဲ့ချေ။

ဝမ်ယွင်ချောင်၏ စိတ်သဘောအမှန်ကို သိလိုသောကြောင့် နောက်မှသာ လိုက်သည်။

ရင်းဆန်းကွေးမှ၏ ဟောင်ဖွာဟောင်ဖွာ ပြောတတ်သည့် အလေ့ကြောင့် ရင်းဆန်းကွေးမှ၏ သမီးထွေး မိဟုန်နှင့် စေ့စပ်ကြောင်း လမ်းပြီးပြီဟု သိသွားပြန်သည်။

စင်စစ် .... ထိုစေ့စပ်ချက်ကို ဝမ်ယွင်ချောင် အနေဖြင့် မတုန်မလှုပ် လက်ခံသယောင်ငြိမ်နေရခြင်းမှာ ရင်းဆန်းကွေးမှ၏အကြောင်း ပြချက်ကြောင့် ဖြစ်သည်။

ထိုအချက်များကြောင့် လီပိုင်မေနှင့် ဝမ်ယွင်ချောင်တို့မှာ ဝေးသည်ထက် ဝေးလာခဲ့ခြင်း ဖြစ်တော့သည်။

သူမသည် ဖခင် လင်ကြူတောင်ဆရာကြီး၏ တစ်ဘက်စောင်းနင်း နိုင်သော အတွေးအခေါ်အောက်တွင် .... ကြီးပြင်းခဲ့ရသူ ဖြစ်၍ တစ်ဇွတ်ထိုး တဖောက်ကန်း နိုင်သည်။

ဝမ်ယွင်ချောင်မှာ သူ့အား အကြောင်းမဲ့ ပစ်ခွာသွားပြီဟု ယူဆမိသောအခါတွင် ငှက်ဖြူကြီးကို စီးပြီး လင်ကြူတောင်သို့ ပြန်ခဲ့လေသည်။

❐○❐

မန်ချူးတို့သည် တိုင်းပြည်ကို အဓမ္မ သိမ်းပိုက်ပြီး အုပ်စိုးနေကြသည်။

ပြည်သူပြည်သားများကို ရက်ရက်စက်စက် နှိပ်ကွပ်ပြီး ဆင်းရဲတွင်းထဲသို့ တွန်းပို့နေသည်။

ဝမ်ယွင်ချောင်သည် မန်ချူးတော်လှန်ရေးကို ဆောင်ရွက်နေသူ ဖြစ်သည်။

မန်ချူးတို့၏ ဖမ်းဆီးမှုကို ခံနေရသော သူရဲကောင်းများကို ကယ်တင်နေသူ ဖြစ်သည်။

သမီးလေး မိဟုန်ကို လက်ခံခဲ့ပါက ဤ ရင်းဆန်းတောင်ပေါ်ရှိ အမျိုးသမီး သူရဲကောင်းများသည် မန်ချူးတော်လှန်ရေး အင်အားစု တစ်စု ဖြစ်လာလိမ့်မည်။

မှုချ ဖြစ်လာစေရမည်ဟုလည်း ကတိပေးသည်။

သို့တိုင် ဝမ်ယွင်ချောင်သည် ငြင်းလည်း မငြင်း၊ ခေါင်းလည်း မညိတ်ခဲ့ချေ။

သို့ရာတွင် ရင်းဆန်းကွေးမှကမူ ဝမ်ယွင်ချောင် ဆိတ်ဆိတ်နေ ငြိမ်သက်နေခြင်းသည် သူစကားကို လက်ခံခြင်းသာ ဖြစ်သည်ဟု ယူဆပြီး ထိုသတင်းကို လူကြီးမရှောင် သူကြီးမရှောင် လျှောက်ပြောခဲ့ခြင်း ဖြစ်ပေသည်။

လီဝိုင်မေ၏ အမုန်းကို ကြီးထွားလာစေသည့် နောက်အချက် တစ်ချက်ကား နန်းကုန်းနှစ်၏ လက်ချက်ကြောင့် ဟုန်ဟုန် ဒုက္ခဖြစ်နေစဉ် ဝမ်ယွင်ချောင်က ဝင်ကယ်သည်ကို လီဝိုင်မေ တွေ့ခဲ့သည့်အချက်ပင် ဖြစ်သည်။

ထိုအဖြစ်အပျက်ကို လီဝိုင်မေ အစအဆုံး တွေ့ခဲ့လျှင်လည်း

ဝမ်ယွင်ချောင်အပေါ် ဤသို့ အထင်မှားလိမ့်မည် မဟုတ်ချေ။

ယခုတစ်ဖန် အူးရွှင်ဝါ၏ လက်ချက်နှင့် ဟုန်ဟုန်ကို ပွေ့ဖက်နေသော ဝမ်ယွင်ချောင်ကို တွေ့နေရပြန်သည်။

အူးရွှင်ဝါ၏ ရာဂပန်းပွင့်အစွမ်းကြောင့် ဤသို့ ဖြစ်နေခြင်းကို လီဝိုင်မေ လုံးဝ မသိပေ။

မျက်နှာများသော ဝမ်ယွင်ချောင်ကိုသာ အမုန်းကြီး မုန်းမိတော့သည်။

တကယ်တော့ .... သူကိုယ်သူ လှည့်ဖြားပြီး မုန်းနေခြင်းသာတည်း။

သူမသည် ဝမ်ယွင်ချောင်ကို တကယ် မမုန်းရက်၊ တကယ် မသတ်ရက်ပေ။

နောက်ဆုံးတွင် သူမ၏ အမုန်းမီးတောက်သည် သိုင်းလောကသို့ ကူးပြောင်းပြီး အဟုန်ပြင်းစွာ လောင်မြိုက်လေတော့သတည်း။

❐○❐

သူမသည် အတင်းအမျှရုန်းထွက်ပြီး အခန်းထောင့်ရှိ သောက်ရေစင်ရှိရာသို့ ပြေးသည်။ ဝမ်ယွင်ချောင်က အတင်းလိုက်ဆွဲ၏။ ဟုန်ဟုန်သည် ရေအိုးကို မယူပြီး ဝမ်ယွင်ချောင်၏ ဦးခေါင်းပေါ်သို့ တစ်အိုးလုံး လောင်းချပစ်လိုက်သည်။

ဝမ်ယွင်ချောင်မှာ ရေခဲလိုအေးနေသော ရေများ စိုရွဲသွားသည်နှင့် ရာဂစိတ်များ ကွယ်ပျောက်ကာ နဂိုအတိုင်း သတိဝင်လာလေတော့၏။

"ဟုန်ဟုန်၊ အစ်ကို ဘာဖြစ်တာလဲ"

ဟုန်ဟုန်သည် အခြေအနေကို အကျဉ်းချုံး၍ ရှင်းပြ၏။

"ဒါဆို အစ်ကို အဆိပ်မိတာပဲ မဖြစ်ဘူး"

"အစ်ကို၊ သိပ်မနိုးရိမ်ပါနဲ့၊ အခုတောင် နဂိုအတိုင်း ဖြစ်နေပြီပဲ၊ အစ်ကို အတွင်းအားပညာ လေ့ကျင့်ထားတယ် မဟုတ်လား"

ဝမ်ယွင်ချောင်သည် ခေါင်းညိတ်ပြီး ရွဲရွဲစိုနေသော အဝတ်အစားများနှင့်ပင် နေရာတွင် တင်ပျဉ်ခွေ၍ ထိုင်လိုက်၏။

ကွမ်းတစ်ယာညက်ခန့်ကြာသောအခါ ရာဂပန်းအဆိပ်ကောလေကန်ဆေး အစွမ်းများပါ ပျက်ပြယ်သွားသည်။

ထိုအချိန်၌ အဆောင်ခန်းတစ်ခုအတွင်းတွင် လက်ဝါးနှစ်ဖက်မိုးလုန် တွမ်ကြွင်းနှင့် သိုင်းရူး အဘိုးကြီးတို့သည် အကြောဝိတ်ခံထားကြရသည်။ စကားပြောနိုင်သော်လည်း ခြေကောလက်ပါလှုပ်၍ မရ ရေ။

အူးရွှင်ဝါသည် ဝိညာဉ်နက်ဒေဝီ လီဝိုင်မေထံမှ လုပ်ပိုင်ခွင့် အာဏာကို အပြည့်အဝ ရယူထားပြီးပြီဖြစ်သဖြင့် နဂါးဖြူလေးနှင့် ရှမ်လင်တို့ကို ဦးဆောင်ပြီး သိုင်းရူးအဘိုးကြီးတို့ရှိနေသည့်အခန်းထဲသို့

အခန်း(၉၇)

ရှုံးနိမ့်သွားသော စေတမန်များ

အမှောင်ထုသည် ပါးလွှာသွားပြီး အလင်းရောင်များ ယှက်သန်းစပြလာသည်။

မိုးလင်းတော့မည်။

လီဝိုင်မေသည် ကြောက်ခြင်းကြီးမားစွာနှင့် ခြေဦးတည့်ရာ ဆက်လျှောက်နေသည်။ ဘုံကျောင်းကိုပင် လှည့်မကြည့်တော့။

သူမ ကျောနိုင်းထွက်လာသည့် ကျောင်းကြီးထဲတွင် သူမအနေဖြင့် မျော်လင့်မထားသည့် အဖြစ်အပျက်များ ဆက်လက်ဖြစ်ပွားနေ၏။

ထိုအဖြစ်အပျက်များကား ....

ဟုန်ဟုန်သည် ဝမ်ယွင်ချောင်၏ပွေ့ဖက်မှုကို ခံနေရသော်လည်း အတင်းရုန်းထွက်လိုက်သည်။

သူမသည် သိုင်းလောကအတွေ့အကြုံ ရင့်ကျက်သူ မဟုတ်သော်လည်း အကြားအမြင်တော့ များသည်။

ဝမ်ယွင်ချောင်၏အပြုအမူသည် နဂိုအကျင့်စရိုက်များ မဟုတ်ကြောင်း သူမ ကောင်းစွာသိသည်။

ဝင်လာခဲ့ကြသည်။

ဤအဘိုးကြီးနှစ်ယောက်ကို အရင်ဦးဆုံး ရှင်းလင်းပြီးမှ ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့ကို ရှင်းမည်ဟု အူးရွှင်ဝါ စိတ်ကူးထားသည်။

ထိုအချိန်မှာပင် ကျောင်းကြီးအပြင်ဘက်မှ ချောင်းမြောင်းနေသော လူနှစ်ယောက်သည် ကျောင်းထဲသို့ ရိပ်ခနဲ ရိပ်ခနဲ ခုန်ဝင်လာကြ၏။ ထို့နောက် အဆောင်တစ်ခုမှတစ်ခုသို့ ကူးပြောင်းပြီး တစ်စုံတစ်ရာကို ခိုးမြောင်ခိုးဝှက် ရှာမွေကြသည်။

ထိုနှစ်ယောက်အနက် တစ်ယောက်သည် ဆယ့်ငါးနှစ်လောက် သာရှိသေးသည့် လူငယ်လေးဖြစ်ပြီး တစ်ယောက်သည် မိန်းကလေးဖြစ်သည်။ လူငယ်လေးသည် အဖာတစ်ရာ ဗရပွရှိသောအင်္ကျီကို ဝတ်ဆင်ထားသည်။ မျက်နှာတစ်ခုလုံးလည်း ညစ်ပတ်ပေရေနေသည့် ပုံစံအရ သူသည် ကျန်လုပ်ကိုင်သားတစ်ယောက်ဖြစ်ကြောင်း ခန့်မှန်း၍ ရသည်။ မိန်းကလေးကား အနက်ရောင်အင်္ကျီကိုဝတ်ဆင်ထားသည်။ မျက်နှာကို မျက်နှာဖုံး ဖုံးထားသည်။

သူတို့နှစ်ယောက် အခန်းတစ်ခန်းအနီးသို့ရောက်သောအခါ အထဲမှ တဟားဟားရယ်သံကိုကြားလိုက်ကြရသည်။

"သတ္တိမရှိတဲ့ အယောင်ဆောင်ကြီး၊ ကျုပ်တို့ကို အကြောပိတ်ပြီးသတ်ဖို့ ကြံသလား၊ ဟား ဟား ဟား ကဲ ကျုပ်ကို မသတ်ခင် ကျုပ် တံတွေးတွေချိုသလား၊ ချဉ်းသလားဆိုတာ မြည်းကြည့်စမ်း၊ မှူး ထွီ ...."

"အို ...."

"ရှမ်လင်၊ ဒီတံတွေးကိုတောင် လွတ်အောင်မရှောင်နိုင်ဘူးလား"

"သူက ကျုပ်ကို အလစ်ထွေးလိုက်တာကိုးဗျ"

"မထူးဘူး .... အရှက်ခွဲတဲ့နှစ်ယောက်စလုံးကို မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ပေတော့"

တရုတ်ဘုန်းကြီးမှာက ရှမ်လင်သည် စားကို တဝိုင်ဝိုင်စားနေရင်းလည်ပင်းကိုချိန်လိုက် မျက်လုံးကိုချိန်လိုက်လုပ်နေသည်။ သူသည် လူသေကို ကြီးတုတ်ရိုက်သူပမာ အကြောပိတ်ခံထားရသူနှစ်ဦးရှေ့၌ စားစွမ်းပြနေ၏။

အူးရွှင်ဝါက ရက်ရက်စက်စက် အမိန့်ပေးလိုက်သည်။

"ခြေနှစ်ချောင်းကို အလျှင်ဖြတ်၊ ပြီးရင် လက်၊ နောက်နားရွက်၊ နှာခေါင်း၊ မျက်လုံး ...."

နဂါးဖြူလေးသည် ထိုမြင်ကွင်းကို မကြည့်ချင်။ သိုင်းရူး အဘိုးကြီးတို့ကိုလည်း ထိုသို့လုပ်ရန် မရည်ရွယ်။ သူသည် နဂိုကတည်းက ဤမျှ ရက်စက်သော စိတ်ထားမရှိ။

ကယ်လည်း ကယ်ချင်သည်။ သို့သော် ယခုအချိန်၌ သူ ဘာမျှ မတတ်နိုင်။ လီပိုင်မေ၏ဆန္ဒကို မလွန်ဆန်နိုင်။

လောလောဆယ် လုပ်ပိုင်ခွင့်အာဏာက အူးရွှင်ဝါလက်ထဲမှာ ရှိနေသည်။ စည်းဖောက်လျှင် မိမိပါ သေရမည်မှာ ဧကန်ဖြစ်သည်။ ထို့ကြောင့် ငြိမ်သက်၍သာ ကြည့်နေမိတော့သည်။ အကယ်၍ မိမိ စည်းဖောက်ကြောင်း လီပိုင်မေသိလျှင် မလွယ်ပေ။

လီပိုင်မေတစ်ယောက် ဝိညာဉ်နှတ်ဒေဝီဘဝသို့ ရောက်လာခဲ့ပုံမှာ အလွန်တရာ လျင်မြန်လှသည်။ နေ့ချင်းညချင်း နာမည်ကြီးလာသည်။

သူမအဖို့ အမိန့်သြဇာနာခံမည် သိုင်းသမားများကို စုစည်းရန်

ကိစ္စမှာ မခက်ခဲလှချေ။ သူ့ကိုယ်၌က ဂိုဏ်းချုပ်ကြီးတစ်ပါးလောက် သိုင်းပညာစွမ်းထက်သည်။ ရွှေငွေရတနာများရှိသည်။ သိုင်းသမားများ မက်မောသည့် သိုင်းကျမ်းအချို့ရှိသည်။ ထို့ပြင် သူမ၏အလှရှိသည်။

ထိုအကြောင်းများကြောင့် သိုင်းလောက အကျော်အမော်များကို သိမ်းသွင်းပြီး ဝိုင်ဝိုင်နိုင်နိုင် ဦးဆောင်နိုင်ခြင်း ဖြစ်လေသည်။

သူမ သတ်မှတ်ထားသည့် စည်းကမ်းကို ဖောက်ဖျက်လျှင်လည်း သူမက ရက်ရက်စက်စက် အပြစ်ဒဏ်ပေးတတ်သည်။

ထို့ကြောင့် ယခုကိစ္စကို နဂါးဖြူလေး သဘောမတူသော်လည်း မိုက်မိုက်ကန်းကန်း မဆန့်ကျင်ရဲချေ။

ရှုမ်လင်၏ဓားဦးသည် သိုင်းရူးအဘိုးကြီး၏ရင်ဝဆီ တန်းသွားသည်။

ထိုစဉ် ငွေရောင်တန်းတစ်ခုသည် ဝင်းခနဲ လက်သွားပြီးလျှင် ရှုမ်လင်၏ ဓားထိုင်လက်ကို ရစ်ပတ်သွားလေသည်။

ဖြောက်ခနဲ အသံမြည်သွားပြီးနောက် လက်ထဲမှ ဓားပါလွတ်ကျသွားသည်။ ငွေရောင်တန်းသည် လက်ကိုရစ်ပတ်ထားရာမှ နုပျူးပေါ်ရောက်သွားပြန်သည်။ ဖြောက်ခနဲ အသံမြည်သွားပြီးနောက် တာအိုရှမ်လင် လည်ပင်းသို့ သွားပတ်သည်။

ထို့နောက် နီရဲသောသွေးများ ဖြာခနဲ ကျလာပြီးနောက် ဝုန်းခနဲ လဲကျသွားတော့သည်။ ရှုမ်လင်သည် အသက်ထွက်သွားခဲ့ပြီ။

ငွေရောင်တန်းသည် အခြားလက်နက်မဟုတ်ပေ။ လက်သန်းလုံးခန့်ရှိသော သံမဏိကျာပွတ်ဖြစ်သည်။

အူးရွှင်ဝါနှင့် နဂါးဖြူကလေးသည် လျှပ်တစ်ပြက် ခုန်ဆုတ်လိုက်ကြ၏။

"ဒါ .... ဒါ ကျန်လုဂိုဏ်းက ငွေနဂါးသံမဏိကျာပွတ်ပဲ"

ထိုအချိန်မှာပင် ငွေနဂါး သံမဏိကျာပွတ်သည် သိုင်းရူးအဘိုးကြီးနှင့် လက်နှစ်ဖက်မိုးလုန် တွမ်ကြွင်းတို့၏ ပခုံးပေါ်သို့ ကျရောက်သွားပြန်သည်။

"ရှမ်း .... "

"ရှမ်း"

ကျာပွတ်အဖျားသည် အဘိုးကြီးနှစ်ယောက်၏ ကျောများပေါ်သို့ ပုတ်ခတ်သွားသည်။

မမျော်လင့်ဘဲ ပြောင်းလဲလာသော အပြောင်းအလဲကြောင့် အူးရွှင်ဝါရော နဂါးဖြူလေးပါ နေစရာမရှိအောင် ဖြစ်သွားသည်။

နှစ်ယောက်စလုံး ပြတင်းပေါက်ရှိရာသို့ ဆုတ်ခွာလာပြီး .... အနောက်ဆောင်ထဲသို့ ခုန်ကူးကြသည်။

"ဟား ဟား ဟား မင်းတို့ ပြေးလို့လွတ်မယ် ထင်နေကြသလားကွ ဟေ .... "

ရယ်သံနှင့်အတူ သိုင်းရူးအဘိုးကြီးက သူတို့ရှေ့သို့ ကျရောက်လာသည်။

"ဆရာကြီး ....: ဒီလူသတ်သမားတွေကို ကျွန်တော်ကပဲ တာဝန်ယူ ရှင်းလိုက်ပါရစေ .... "

စကားသံနှင့်အတူ ငွေနဂါးသံမဏိကျာပွတ်ရှင်နှင့် မျက်နှာပုံးစွပ်မိန်းကလေးသည် အနားသို့ ရောက်ရှိလာကြ၏။

သိုင်းရူးအဘိုးကြီးသည် ထိုလူနှစ်ယောက်ကို ကြည့်ပြီး တဟား ဟား ရယ်တော့သည်။

"ဟား .... ဟား .... ငါက ဘယ်သူတွေများလဲလို့ .... လက်စ

သတ်တော့ ငါမြေးကိုး .... "

မြက်ဦးထုပ်နှင့် ကျန်လုဂိတ်းသား လူငယ်က မျက်ခွံလှန်ကြည့်ပြီး မေးသည်။

"မြေးဆိုတာ ဘယ်သူကိုပြောတာလဲဗျ"

"ရင်းလီကြူပေါ့ကွ၊ ရင်းလီကြူဟာ ငါမြေးက"

ထိုအချိန်မှာပင် ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့ ရောက်ရှိလာကြတော့၏။ ရင်းလီကြူနှင့်အကြီးအကျယ် ပတ်သက်ခဲ့သော နဂါးဖြူလေးမှာ မျက်နှာမပြရဲအောင် ဖြစ်နေရတော့သည်။

သူအတွက် ပိုဆိုးသွားသည်မှာ သိုင်းရွေးအဘိုးကြီးသည် ရင်းလီကြူ၏အဘိုး ဖြစ်နေခြင်းပင်တည်း။

သူသည် ရင်းလီကြူကို လှမ်းကြည့်လိုက်၏။

"ဟင် .... "

ရင်းလီကြူ၏မျက်လုံးထဲ၌ မျက်ရည်စက်လေးများကို တွေ့ရသည်။

အူးရွှင်ဝါသည် အစွမ်းထက်သော သိုင်းသမားများအလယ်တွင် ဝိတ်မိနေကြပြီဖြစ်သဖြင့် အသက်ပင် ရဲရဲမရှူရဲတော့ချေ။

"ငါ့ကို သတ်ဖို့ကြိုးစားတဲ့ကောင် .... ရော့"

သိုင်းရွေးအဘိုးကြီးက ရုတ်တရက် လက်ဝါးဖြင့် လှမ်းရိုက်၏။

အူးရွှင်ဝါသည် သိုင်းရွေးအဘိုးကြီးကိုကြောက်သဖြင့် လက်နှစ်ဖက် မိုးလုံ့ တွမ်ကြွင်းဆီ ကပ်သွားသည်။

အူးရွှင်ဝါသည် လူပါး၊ သိုင်းရွေးအဘိုးကြီးကို မယှဉ်နိုင်မှန်းသိသည်နှင့် တွမ်ကြွင်းကို စားစာခံလုပ်ပြီး ထွက်ပေါက်ရှာရန် ကြံခြင်းဖြစ်သည်။ တွမ်ကြွင်းမှာ သတိမလစ်ပေ။

သို့သော် ....

"ဦးကြီးတွမ် .... အဲဒါ ဝိဇ္ဇာလက်ညှိုးတိုက်ကွက်၊ သတိထား"

ဝမ်ယွင်ချောင်က သံကုန်အော်ပြီး ခုန်ဝင်သည်။

အူးရွှင်ဝါ၏တိုက်ကွက်ကို ကြားဖြတ်ရင်ဆိုင်သည်။

တိုက်ကွက်ချင်း ထိပ်တိုက်ဆုံသွားသဖြင့် ဝုန်းခနဲ မြည်သွားသည်။ နှစ်ယောက်စလုံး နောက်သို့ ယိုင်ထွက်လာကြ၏။

ဝမ်ယွင်ချောင်သည် ရင်ဘတ်ကို တူနှင့်အထုခံလိုက်ရသလို ခံစားလိုက်ရသဖြင့် လန့်သွားသည်။

အူးရွှင်ဝါမှာ ဝမ်ယွင်ချောင် ခံရသည်ထက် ပိုဆိုးသည်။ ထို့ကြောင့် တော်တော်နှင့်စကားမပြောနိုင်ပေ။

ဝမ်ယွင်ချောင်က ဓက်ထန်စွာ မေးလိုက်၏။

"ဟိုမိန်းမဆိုး ဘယ်မှာလဲ"

ရုတ်တရက် မည်သူမျှ မဖြေ။

ဝမ်ယွင်ချောင်ကား လီဝိုင်မေ ဤဝန်းကျင်တွင်ရှိနေသည်ဟု ယုံနေသည်။ ယခုကဲ့သို့ သူတို့ အန္တရာယ်ကျရောက်ခဲ့ခြင်းမှာ လီဝိုင်မေ ဖန်တီးခြင်း ဖြစ်သည်ဟု ယုံကြည်သည်။

ဝိဇ္ဇာလက်ညှိုးတိုက်ကွက်သည် လီဝိုင်မေ၏ပညာမုန်း သူသိထား၏။ ယခု အူးရွှင်ဝါသည် ဝိဇ္ဇာလက်ညှိုးတိုက်ကွက်ဖြင့် သူ့အားတိုက်ခိုက်ခဲ့လေပြီ။ အူးရွှင်ဝါသည် အတန်ကြာမှ စကားပြောနိုင်သည်။

"ခင်ဗျား ဘယ်သူကို မေးနေတာလဲ၊ ဝိညာဉ်နှတ်ဒေဝီ လီဝိုင်မေကို မေးနေတာလား .... "

ဝိညာဉ်နှတ်ဒေဝီဟူသည် လီဝိုင်မေသာဖြစ်ကြောင်း ရှင်းလင်းသွားလေသည်။

သံယောဇဉ်ထားနေဦးမလားဗျာ ဟား ဟား .... "

အူးရွှင်ဝါသည် ကောက်ကျစ်စဉ်းလဲမှုများနှင့် အသက်ရှင်နေသူ ဖြစ်သည်။ မဟုတ်နှင့်အဟုတ်ကိုရောပြီး ပြောနေသည်မှာ တစ်ချက် ခုတ် နှစ်ချက်ပြတ်နည်းပင်။

သူအနေနှင့် လီဝိုင်မေကို မရနိုင်မှန်း သိနေပြီဖြစ်သဖြင့် အားကြီးသူချင်း ရန်တိုက်ပေးလိုက်ခြင်းပင် ဖြစ်သည်။

ဘေးတွင်ရပ်နေသော သိုင်းရူးအဘိုးကြီးသည် သူ့စကားကို အော့နှလုံးနာလာသဖြင့် သတိပေးခြင်းမရှိဘဲ လျှပ်တစ်ပြက် ဝုန်းခနဲ ဝင်ရိုက်တော့သည်။

အူးရွှင်ဝါသည် မည်သို့မျှ မရှောင်တိမ်းနိုင်သဖြင့် လဲကျသွားသည်။

ထိုအခိုက်မှာပင် မြက်ဦးထုပ်နှင့် လူငယ်က ဖြောင်းခနဲလှမ်းကန်ပြန်သည်။

အူးရွှင်ဝါမှာ တစ်ချက်မှ မသက်သာပါချေ။ သို့သော် ခံနိုင်ရည်ကောင်းသဖြင့် ဒယီးဒယိုင်ထလာ၏။ သို့သော် လူငယ်၏ခြေထောက်က အူးရွှင်ဝါ၏မျက်နှာကို ကန်မိသဖြင့် မျက်လုံးတစ်ဖက် ပျက်သွားသည်။ သွေးများ စီးကျလာသည်။

သို့သော် အူးရွှင်ဝါသည် အလွန်သတ္တိကောင်းသူ ဖြစ်သည်။

ဝေဒနာကို အံတင်းခံပြီး မာထန်ထန်ပြန်မေး၏။

"တီရဏ္ဍာန်လေး၊ ကျန်လုပ်ကိုင်းချုပ်နဲ့ မင်းနဲ့ဘာတော်သလဲ"

"ကျုပ်အဖေ၊ ကျုပ်နာမည်က ရှောင်လင်တဲ့၊ လက်တုံ့ပြန်ချင်ရင် အခိုန်မရွေး လက်တုံ့ပြန်နိုင်တယ်"

"ငါ အသက်ရှင်နေသရွေ့ မင်းကို မမေ့ဘူး၊ သတ္တိရှိရင် အသက်

"ဟုတ်တယ် .... အဲဒီကောင်မပဲ"

အူးရွှင်ဝါသည် ညဏ်နီညဏ်နက်ထုတ်နေ၏။

ဝမ်ယွင်ချောင်၏အသံ ဟိန်းသွားသည်။

အူးရွှင်ဝါသည် ကိုယ့်ကိုယ်ကိုယ် သေလူဟု သဘောပေါက်နေပြီဖြစ်သဖြင့် ဝမ်ယွင်ချောင်၏အမုန်းမီးကို လေပင့်ပေးသည့် စကားများ သာရွေးပြီး ပြောတော့သည်။

"သူ ဘယ်မှာဆိုတာထက် သူ ဘာတွေမှာခဲ့တယ်ဆိုတာကို ပြောဖို့ အရေးကြီးတယ်၊ သခင်မက သူ့မေတ္တာဟာ ခင်ဗျားနဲ့မတန်ဘူးတဲ့၊ ဒါကြောင့် ခင်ဗျားနဲ့ လုံးလုံးမျက်နှာချင်း မဆိုင်ဘူးတဲ့ .... ကျုပ်တို့ကို ဒီမှာ ထားပစ်ခဲ့တာကလည်း ခင်ဗျားကို သတ်ပစ်ဖို့ပဲ .... "

"အောင်မာ .... သူက ငါ့ကိုသတ်နိုင်မှာတဲ့လား .... "

အူးရွှင်ဝါက ခြောက်ကပ်စွာ ရယ်လိုက်၏။

"သခင်မ မလုပ်နိုင်တာ ဘာမှမရှိပါဘူး၊ အခု ခင်ဗျားတို့ ကံကောင်းပြီး အသက်ချမ်းသာရာ ရသွားတာ"

"ဘာ .... "

"ဟုတ်တယ်၊ ခင်ဗျားတို့ ဘာကြောင့် ဒီလောက်အဆိပ်မြန်မြန် ပြေသွားတယ်ဆိုတာ ကျုပ်မသိဘူး၊ ဒါပေမယ့် သိတာတစ်ခုတော့ရှိတယ်၊ သခင်မက သေစေချင်ရင် ခင်ဗျား မကြာခင် သေရမယ်ဆိုတာပဲ၊ ခင်ဗျားကို လုံးဝ သံယောဇဉ်မရှိတော့ဘူး .... "

"ငါကလည်း သံယောဇဉ် မရှိဘူးကွ"

"ခင်ဗျား သံယောဇဉ်မရှိလည်း သခင်မက ဂရုမစိုက်ပါဘူးဗျာ၊ သခင်မဟာ နတ်မိမယ်လို့ချောတဲ့မိန်းမဗျ၊ သူ့ဘေးမှာ သူရဲကောင်း သိုင်းအကျော်အမော်တွေ ဝိုင်းဝိုင်းလည်နေမှတော့ .... ခင်ဗျားကို

ရှင်ခွင့်ပေးလိုက်၊ မင်းကို တစ်နေ့နေ့တချိန်ချိန် ငါလာတွေ့မယ်"

ရှောင်လင်က ရယ်သည်။ ဤလူငယ်ကလေးသည် ရန်သူကို လုံးဝ ကြောက်ရွံ့ဟန်မရှိပေ။

"ခင်ဗျားလို လူမျိုးကိုကြောက်နေရင် ကျွပ်ဟာ ကျန်လုဂိုဏ်း ချုပ်ရဲ့သား ဘယ်ဝိသတော့မလဲ၊ ခင်ဗျားရဲ့အသက်ကို ချမ်းသာပေးလိုက်မယ်၊ သွားချင်ရာ သွားပေတော့"

အူးရွှင်ဝသည် သူ၏မျက်လုံးတစ်ဖက်မှ သွေးများ ကျဆင်းနေသဖြင့် သူ၏အင်္ကျီလက်စရှည်ကို ဆွဲဆုတ်လိုက်ပြီး မျက်လုံးကိုစည်းလိုက်၏။ သူက ဝမ်ယွင်ချောင်တို့အား ကြည့်သည်။

"ခင်ဗျားတို့ကရော ကျွပ်ကို လွှတ်ပေးရဲသလား"

ဝမ်ယွင်ချောင်က တဟားဟားရယ်၏။

"ငါက မင်းတင်မကဘူး၊ မင်းရဲ့သခင်မကိုလည်း ဂရုမစိုက်ဘူးကွ၊ အဲဒီအကြောင်းတွေ ပြန်ပြောလိုက်"

"ခင်ဗျား မမှာလည်း အဖြစ်အပျက်အလုံးစုံကို အစီရင်ခံရမှာပါဗျ၊ ပြောစရာကုန်ရင် ကျွပ်သွားမယ်"

သိုင်းရွှးအဘိုးကြီးက မကျေမနပ် ဝင်ပြောသည်။

"ဝမ်ယွင်ချောင်၊ မီးကြွင်းမီးကျန်ဆိုတာ ချန်မထားကောင်းဘူးကွ"

"ကိစ္စမရှိပါဘူး ဘကြီး၊ ခေတ္တခဏတော့ အသက်ရှင်ခွင့်ပေးလိုက်ပါဦး"

အူးရွှင်ဝါသည် ကြောကြောရပ်မနေရဲတော့သဖြင့် လှစ်ခနဲထွက်ပြေးတော့သည်။ နဂါးဖြူလေးကား အူကြောင်ကြောင်နှင့်ကျန်ရစ်ခဲ့သည်။

သူသည် ယခုခဏ၌ တိုက်ခိုက်ရန်လည်း စိတ်မကူး၊ ထွက်ပြေးရန်လည်း သတိမရသဖြင့် ငုငုကြီးသာ ဖြစ်နေသည်။

ဝမ်ယွင်ချောင်သည် သူနှင့်ရင်းလိုကြူတို့၏အကြောင်းကို သိရှိထားသူဖြစ်သဖြင့် ....

"ခင်ဗျား ထွက်ခွာဖို့သင့်ပြီ'ဟု ပြောလိုက်မိသည်။

နဂါးဖြူလေးသည် အိပ်မက်နေရာမှ လန့်နိုးလာသကဲ့သို့ ဖျတ်ခနဲဖြစ်ပြီး လက်အုပ်ချီ၍ ဂါရဝပြုသည်။

"ကျေးဇူးတင်ပါတယ် မိတ်ဆွေ၊ နောက်မှ တွေ့ကြတာပေါ့"

နဂါးဖြူလေးသည် စကားဆုံးသွားသည်နှင့် လှစ်ခနဲ ထွက်ခွာသွားသည်။ အနက်ရောင်ဝတ်စုံဝတ် မျက်နှာဖုံးရှင် ရင်းလိုကြူသည်လည်း ရိပ်ခနဲခုန်ထွက်ကာ နဂါးဖြူနောက်မှ ပြေးလိုက်သွား၏။

မမျော်လင့်သောအဖြစ်ကို တွေ့ရသောကြောင့် သိုင်းရွှးအဘိုးကြီး အူကြောင်ကြောင်ဖြစ်နေသည်။ ကျန်းလုဂိုဏ်းသားလူငယ်က ပြေးလိုက်မည်ပြုသောအခါ ဟုန်ဟုန်က သွေးလက်ကို ဖျတ်ခနဲ ဖမ်းဆွဲလိုက်သည်။

"မလိုက်နဲ့၊ သူတို့မှာ ပြဿနာရှိနေတယ်"

ကျန်းလုဂိုဏ်းသားလူငယ်က မျက်မှောင်ကြုတ်ပြီး ပြန်မေးသည်။

"ဘာပြဿနာလဲ၊ ဒီလူလည်း ရန်သူပဲ မဟုတ်လား"

"ဟုတ်တယ်"

သိုင်းရွှးအဘိုးကြီးက ဒေါသနှင့်ဝင်ပြောသည်။

"အိုး .... ဒီလိုနေလို့ ဘယ်ဖြစ်မှာလဲ၊ ငါ့မြေးကို ခုကွပေးရင် ဘယ့်နယ်လုပ်မလဲ၊ ဒီကောင်မလေးက ဘာဖြစ်လို့ လိုက်သွားတာလဲ၊

ရှောင်လင်က ကလေးဆန်ဆန်ပြောသည်။

တွမ်ကြွင်းက ပြုံးပြီး ....

"ကဲ .... လာ အခန်းထဲမှာ အေးအေးဆေးဆေး ပြောကြတာပေါ့။ ဒီနေရာက စကားပြောလို့ မကောင်းဘူး"ဟု ဆိုကာ အခန်းတစ်ခုဆီသို့ လျှောက်သွားသည်။

ဝမ်ယွင်ချောင်က သိုင်းရူးအဘိုးကြီး နောက်သို့လိုက်ရန် ဟန်ပြင်သည်။

ရှောင်လင်က သွေးက်ကိုဖမ်းဆွဲပြီး ....

"ခင်ဗျားက ဘယ်ကိုလစ်ဦးမလို့လဲ၊ လာပါ။ ခုကိစ္စက ခင်ဗျားမပါလို့ မဖြစ်ဘူးဗျ"ဟု ဆိုသည်။

ထို့နောက် အခန်းထဲသို့ ဆွဲခေါ်သည်။

ဝမ်ယွင်ချောင်သည် ဘာကြောင့်မှန်းမသိ တစ်ကိုယ်လုံး ပူထူပြီး မျက်နှာကြီး နီရဲသွားတော့သည်။

ရှောင်လင်၏လက်ဖဝါးက မိန်းကလေးတစ်ဦး၏ လက်ဖဝါးနယ် နူးညံ့လှသည်တကား။

❐○❐

မဖြစ်ဘူး .... မဖြစ်ဘူး"

သိုင်းရူးအဘိုးကြီးသည် ပြောပြောဆိုဆို ပြေးထွက်သွားပြန်သည်။

"ဒုက္ခပဲ၊ ဘုမသိ ဘမသိနဲ့ ခြေလွန်လက်လွန် ဖြစ်ကုန်တော့မှာပဲ .... "

ဟုန်ဟုန်က စိုးရိမ်တကြီး ရေရွတ်သည်။

"အစ်ကို လိုက်သွားမယ်"

ဝမ်ယွင်ချောင်က ခြေလှမ်းပြင်သည်။

ရှောင်လင်ဟု ခေါ်သော လူငယ်က ရှေ့မရပ်ပြီး တားသည်။

"နောင်ကြီး လိုက်မသွားနဲ့တော့၊ သူတို့ကိစ္စ သူတို့ဘာသာ ရှင်းပါစေ"

ဝမ်ယွင်ချောင်က ရှောင်လင်ကို စိုက်ကြည့်သည်။

မျက်နှာတစ်ပြင်လုံး၌ အိုးမည်းတွေ ဖုန်တွေ ပေနေသော်လည်း ရှောင်လင်မျက်လုံးသည် ကြည်ပြီးလှဲနေသည်။ ဖြူသောအသားက ချောပြီး နုနေသည်။

ဝမ်ယွင်ချောင်၏စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။

"ငါ့ညီနာမည် ဘယ်လိုခေါ်သလဲ"

"ရှောင်လင်ပါ။ ကျန်လုဂိုဏ်းချုပ် ရှောင်ယွင်ချင်ဟာ ကျွပ်အဖေပဲ၊ ကျွပ်လာတာက အရေးကြီးတဲ့သတင်း လာပို့တာ"

အဘိုးကြီး တွမ်ကြွင်းက အခြေအနေကို သဘောပေါက်လာသည်။

"မိတ်ဆွေလေး ရှောင်လင်၊ သတင်းက ဘာသတင်းလဲ"

"ဒါတောင် မသိဘူးလားဗျ၊ အကျဉ်းသားတွေရဲ့သတင်းပေါ့"

အခန်း(၉၈)

အချစ်စစ် အချစ်မှန် ဟူသည်

ထင်းရှူးပင်ကြီးအောက်တွင် နဂါးဖြူလေးသည် ခေါင်းငိုက်စိုက်ချပြီး ကျောက်ရုပ်လို ငြိမ်နေသည်။

ရင်းလီကြူက မျက်ရည်စက်လက် ဖြစ်နေသည်။

နဂါးဖြူလေးသည် ငြိမ်သက်နေရာမှ ဖျတ်ခနဲ ခေါင်းမော့ချလာသည်။

"အစ်ကို သွားတော့မယ်"

ရင်းလီကြူက ရှိုက်သံနှင့် ....

"ရှင့်မှာ ပြောစရာ ဘပဲ ရှိတော့သလား"

စကားပြတ်သွားကြပြန်သည်။

လေသည် တရှိုးရှိုးမြည်အောင် တိုက်နေသည်။

ရာသီဥတုသည် အေးစိမ့်နေသော်လည်း နှစ်ယောက်စလုံး၏ ရင်ထဲတွင်ကား မီးလိုပူနေသည်။

"ကဲ .... ကဲ .... ရှင့်မှာ နောက်ထပ်ပြောစရာမရှိတော့ဘူးဆိုရင်လည်း သွားပါတော့ .... "

ရင်းလီကြူ၏အသံက ဆို့နင့်နေသည်။

နဂါးဖြူလေးက သူမ၏မျက်လုံးကို စိုက်ကြည့်သည်။

အတန်ကြာမှ ....

"ညီမလေးကြူ။ မင်းရဲ့မေတ္တာကို ကိုယ်နားလည်ပါတယ်၊ ကိုယ့်အပေါ် ဘယ်လောက်ကောင်းတယ်ဆိုတာလည်း ကိုယ်သိပါတယ်၊ ဒါပေမယ့် အစ်ကို ကိုယ့်အခြေအနေကို ဘယ်သူမှ နားလည်နိုင်မှာ မဟုတ်ပါဘူး။ တစ်နေ့ကျရင်တော့ ကိုယ့်မေတ္တာကို ညီမလေးကြူ ကောင်းကောင်းသိလာမှာပါ"

ကျေနပ်သည်။ ရင်းလီကြူ သိပ်ကျေနပ်သည်။ ကိုယ့်ချစ်သူထံမှ ဤမျှလောက်တော့ ကြားရသင့်သည်ဟု ရင်းလီကြူ ယူဆသည်။

"ရှင့်အခြေအနေကို ကျွန်မ ကောင်းကောင်းနားလည်ပါတယ် ရှင်၊ လီပိုင်မေဟာ နတ်မိမယ်လိုလှတဲ့ မိန်းမတစ်ယောက်ပါ၊ သိုင်းပညာအရာမှာလည်း ထိပ်တန်းပါ၊ ရှင့်ကို ကျွန်မ အပြစ်မတင်ပါဘူး"

မမျှော်လင့်သောစကားကြောင့် နဂါးဖြူလေး တုန်ခါသွားသည်။

"ညီမလိုကြူ မှားနေပြီ၊ ဒါဟာ အစ်ကို့ကို အထင်လွဲတဲ့စကားပဲ .... "

"ကျွန်မပြောတာ မှားသလား"

"မှားတယ်၊ လီပိုင်မေဟာ ညီမလေးကြူ ပြောသလို နတ်မိမယ်လိုလှတာမှန်တယ်၊ ဒါပေမယ့် နဂါးဖြူလေးဟာ အလှအပကို ကိုးကွယ်တဲ့ ယောကျ်ားမဟုတ်ဘူး"

"ဒီလိုဆိုရင် အသက်စွန့်ပြီး လင်ကြူတောင်ပေါ် သွားခဲ့တာဟာ ဘယ်လိုအကြောင်းကြောင့်လဲ .... "

"တစ်နေ့ကျရင် ကိုယ့်ရည်မှန်းချက်တွေ ပြီးပြတ်သွားမှာအမှန်ပဲ၊ အဲဒီအခါကျရင် အစ်ကိုဟာ ညီမကြီးနဲ့ မခွဲတမ်းလက်တွဲနေမယ်၊ ဆယ်သက် ဆယ်ကမ္ဘာ မခွဲဘဲနေမယ်"

ရင်းလီကြူသည် ထိုအခါကျမှ ကြေကွဲစွာ ငိုတော့သည်။ နဂါးဖြူသည် သူ ထင်ထားသလို သူ့အား မုန်းနေသူ မဟုတ်ကြောင်း သိလိုက်ရသဖြင့် ပို၍ ကြေကွဲသွားရခြင်း ဖြစ်သည်။ သူမ၏ရုပ်ရည်မှာ မည်သည့်ယောကျ်ားသားကမျှ မကြိုက်ချင်အောင် ဆိုးဆိုးရွားရွား ပျက်စီးခဲ့သည် မဟုတ်ပါလား။

မိမိသည် ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး အကျည်းတန်နေသူဖြစ်သည်။ နဂါးဖြူလေးသည် မိမိကို တကယ်လက်တွဲနိုင်ပါမည်လော။

စင်စစ် နဂါးဖြူလေး ရှောင်ခွာခွာလုပ်နေခြင်းသည် မချစ်၍ မဟုတ်၊ အခြားသော အကြောင်းရပ်များကြောင့် ဖြစ်သည်။ နဂါးဖြူလေး၏ နက်ရှိုင်းသော မေတ္တာကို နဂါးဖြူလေးသာ နားလည်သည်။

ရင်းလီကြူကလည်း နဂါးဖြူလေးကို အသည်းကွဲမတတ်ချစ်သည်။ တွယ်တာသည်။

သို့သော် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည့်အတွက် အားငယ်နေခြင်း ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် နဂါးဖြူလေးနှင့် မတန်တော့ပြီဟုလည်း စိတ်ထဲ ခွဲနေသည်။ သူမကိုယ်တိုင်က နဂါးဖြူလေးကို တွေ့လိုပါလျက် ရှောင်ဖယ်နေခဲ့ဖူးသည်။

နှစ်ယောက်စလုံး၏အချစ်သည် ကြီးမားနက်ရှိုင်းသော အချစ်စစ် အချစ်မှန်သာ ဖြစ်သည်။ သို့သော် တစ်ဦးနှင့်တစ်ဦး နားမလည်နိုင်ဘဲ ဖြစ်နေကြသည်။ ရင်းလီကြူသည် စိတ်လှုပ်ရှားလွန်းသဖြင့် မျက်နှာပုံးကို ဖွာပစ်လိုက်သည်။

"သိုင်းသမားတစ်ယောက်ဟာ အံ့မခန်းတဲ့သိုင်းပညာကို မက်မောကြတာချည်းပဲ၊ ကိုယ်သွားခဲ့တာဟာ လင်ကြူတောင်က သိုင်းပညာတွေကို မက်မောလို့သွားတာပဲ"

"ခုကော .... "

"ခုလည်း သိုင်းပညာအဆင့်မြင့်မားအောင် ကြိုးစားတာပဲ"

"ဩဘဲ .... ဒီမက်မောမှုကြောင့် သိုင်းလောကရဲ့ ကျိန်ဆဲမှုကို ခံပြီး သူများနိုင်းတာကို လိုက်လုပ်နေတာပေါ့ ဟုတ်လား"

"ညီမလိုကြူ အပြစ်တင်လည်း ခံရရဲ့ပဲ၊ ရည်မှန်းချက် အောင်မြင်ဖို့အတွက် လမ်းမှားမှန်းသိလည်း ဆုံးအောင်တော့ လျှောက်ရဦးမယ်"

ရင်းလီကြူ သက်ပြင်းချပြီး မျက်ရည်သုတ်သည်။

"ဘာပဲဖြစ်ဖြစ်၊ ရှင့်ကို ကျွန်မ အမြဲချစ်နေတယ်ဆိုတာ ရှင်သိထားပါ"

နဂါးဖြူလေး၏ရင်ထဲ တုန်လှိုက်သွားသည်။

စကားသံများ တိတ်ဆိတ်သွားပြန်သည်။ အတန်ကြာမှ နဂါးဖြူလေးက တစ်လုံးချင်းပြောသည်။

"ကောလာဟလဆိုတာ ကြောက်စရာကောင်းတယ်၊ ကောလ ာလစကားကြောင့် ခုကွဲရောက်ရသူတွေ မနည်းဘူး၊ ကိုယ်လည်း ကောလာဟလရေထဲမှာ မျောနေတဲ့လူပဲ၊ တစ်နေ့ကျရင်တော့ အစ်ကို့စိတ်ရင်းအမှန်ကို ညီမကြူ သိလာမှာပါ၊ ခုချိန်မှာတော့ သိုင်းသမားတိုင်းက ကိုယ့်ကို အပြစ်တင်ကြမှာပဲ၊ မုန်းကြမှာပဲ၊ တစ်ခုတော့ ပြောချင်တယ်၊ တစ်နေ့ကျရင် တစ်နေ့ကျရင်"

နဂါးဖြူလေးသည် စကားကိုဆုံးအောင် မပြောဘဲ ရပ်ထားသည်။ ထို့နောက် ရင်းလီကြူ၏လက်တစ်ဖက်ကို လှမ်းကိုင်သည်။

နဂါးဖြူလေးသည် အာမေဋိတ်သံပြုပြီး ခြေတစ်လှမ်းဆုတ်သွားသည်။ ထိုအချက်သည် ရင်းလီကြူ၏အသည်းနှလုံးကို ခါယမ်းသွားစေသည်။ ထို့ကြောင့် ချာခနဲ ကျောခိုင်းလိုက်မိသည်။

ရင်းလီကြူ တစ်ဘက်သို့ လှည့်သွားသောအခါ နဂါးဖြူလေးက အတင်းလှမ်းဆွဲသည်။

နှစ်ယောက်စလုံးသည် ပြင်းထန်သော ဝေဒနာခံစားမှုကို တစ်ပြိုင်တည်း ခံစားနေကြရသည်။ ရင်းလီကြူသည် နဂါးဖြူလေးနောက်ဆုတ်သွားသည်ကိုကြည့်ပြီး သူ့ကို မချစ်နိုင်တော့ဟု တစ်ဖက်သတ် ယူဆလိုက်သည်။

ထို့ကြောင့် တွယ်တာမိသော အချစ်နောင်ကြိုးကို ဖြတ်ချရန် ဆုံးဖြတ်လိုက်ပြီး ကျောခိုင်းလိုက်ခြင်း ဖြစ်သည်။ သို့သော် နဂါးဖြူလေးကမူ သူမထင်ထားသလို နောက်မဆုတ်။ သူမလက်ကို အတင်းဆွဲနေသည်။

နဂါးဖြူလေးသည် သူ၏နက်ရှိုင်းသော မေတ္တာကို ပြသနိုင်သည့် နည်းလမ်းတစ်ချက်ကို ချက်ချင်းပြသလိုက်သည်။ ထိုနည်းလမ်းကား ရင်းလီကြူကို ပွေ့ဖက်ပြီး နမ်းလိုက်ခြင်းတည်း။

ရင်းလီကြူ မျက်ရည်ကျနေပြန်၏။

"အစ်ကို ကျွန်မ ကျေနပ်ပါတယ် .... ကျွန်မ အစ်ကိုကို နောက်ဘယ်တော့မှ လာမတွေ့တော့ဘူး၊ အစ်ကို .... ရှင် .... ရှင် .... ကျွန်မကို မေ့ပစ်လိုက်ပါ။ ကျွန်မဟာ အစ်ကိုနဲ့မတန်ပါဘူး၊ အစ်ကို့ဘဝကြောင် ဖေ် ဂ လှပတဲ့ မိန်းမချောပဲ ဖြစ်သင့်ပါတယ်"

ရင်းလီကြူ တဖြည်းဖြည်းနောက်ဆုတ်သွားသည်။

နဂါးဖြူလေးက ရှေ့ကို တိုးလိုက်သွားပြီး ....

"ညီမလေးကြူ .... မင်းအစ်ကို့ကို ဘယ်လိုလူစားလို့ ထင်နေသလဲကွယ်၊ အစ်ကို အချစ်နဲ့ပတ်သက်ရင် ဖြောင့်မှန်တဲ့လူစစ်ယောက်ပါ ...."

"ကျွန်မ ရှင်နဲ့မတန်တော့ဘူး၊ ကျွန်မမျက်နှာကို တွေ့ပြီမဟုတ်လား ...."

"တွေ့တယ် .... ဒါဟာ ကိုယ့်ကြောင့်ဖြစ်ရတာပဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့နှစ်ယောက်ဟာ လင်မယားမဖြစ်နိုင်တော့ပါဘူး ...."

ထိုစဉ် ....

ထင်းရှူးတောထဲမှ အော်ငေါက်သံပေါ်လာပြီး အဘိုးကြီးတစ်ယောက် ရိပ်ခနဲ ကျရောက်လာသည်။

နဂါးဖြူလေးသည် လန့်ဖျပ်ပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။ ရင်းလီကြူသည် အဘိုးကြီးကိုတွေ့လိုက်သည်နှင့် 'ဘိုးဘိုး' ဟု အော်လိုက်မိ၏။

ထိုအချိန်မှာပင် အဘိုးကြီးက နဂါးဖြူလေးကို ကန်ထည့်လိုက်သည်။

နဂါးဖြူလေးသည် ထိုအဘိုးကြီးကို မည်သူမှန်းသိနေပြီဖြစ်သဖြင့် ခုခံတိုက်ခိုက်ခြင်းမပြုဘဲ လူးလိမ့်ရှောင်သည်။

"ခွေးကောင် .... မင်းဟာ ငါ့မြေးကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ဒုက္ခပေးတဲ့ကောင် မဟုတ်လား၊ ကဲ .... "

"ဖြန်း .... ဖြန်း .... ဖြန်း .... "

သိုင်းရူးအဘိုးကြီးသည် ဒေါသဖြစ်ဖြစ်နှင့် ပါးရိုက်သည်။

နဂါးဖြူလေးသည် သူ့အပြစ်နှင့်သူ ငြိမ်၍ခံသည်။

ပါးစပ်ထဲမှ သွေးများထွက်လာသော်လည်း .... တုတ်တုတ်မှု မလျှပ်ဘဲနေသည်။

ရင်းလီကြူသည် နဂါးဖြူလေး၏ စိတ်ရင်းမှန် သိရှိပြီဖြစ်၍ အဘိုးဖြစ်သူအား ငိုယို၍ တောင်းပန်လေသည်။

"ဘိုးဘိုး .... သူကို မသတ်ပါနဲ့၊ သတ်ချင်ရင် သမီးကိုသာသတ်ပါ၊ သမီးကိုပဲ သတ်ပါ၊ သူမှာ အပြစ်မရှိပါဘူး .... "

"ဘာ .... "

အဘိုးကြီးသည် မြေးဖြစ်သူကိုလည်း ဒေါသထွက်လာသည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ ရင်းမျိုး မိန်းကလေးတွေဟာ သူတို့ချစ်မိရင် အသေခံတတ်တဲ့ မိန်းကလေးတွေပဲ၊ နင့်ရုပ်ကို အကျည်းတန်အောင်လုပ်ခဲ့တဲ့လူကိုတောင် နည်းနည်းမှ စိတ်မဆိုးဘူးတဲ့လား၊ အဲ့ပါဗျာ .... "

"သမီးက်ကြမှာနဲ့သမီး ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရတာပါ ဘိုးဘိုး၊ သူကို အပြစ်တင်လို့ မရပါဘူး"

"ကောင်းတယ် .... အခုအခိုန်အထိ နင်က အကာအကွယ်ပေးနေတုန်းကိုး .... ငါတော့ လဲသာသေလိုက်ချင်တော့တာပဲ .... "

"အဘိုး .... အဲဒီကိစ္စအတွက် ကျွန်တော့်မှာ အပြစ်ရှိပါတယ်၊ အဘိုးသတ်ချင်ရင် သတ်ပါ၊ ကျွန်တော် သေရဲပါတယ်"

နဂါးဖြူလေးက သူမေတ္တာကို သက်သေထူပြသည်။

"ဟေ့ .... မင်းက သေရဲတယ်ဟုတ်လား၊ လူဆိုတာ သေရမှာကြောက်တာချည်းပဲကွ၊ မင်းက သေမှာမကြောက်ဘဲ သေရဲတယ်ဆိုတော့ ဟား ဟား၊ လိုက်လည်းလိုက်ပါကွာ"

နဂါးဖြူလေးက သက်ပြင်းချပြီး ပြောတော့သည်။

"ကျွန်တော် ညီမလေးကြူအပေါ် ထားမိတဲ့ မေတ္တာဟာ ကြီးမားတဲ့မေတ္တာပါ၊ သူမျက်နှာကို နဂိုအတိုင်းဖြစ်အောင် မလုပ်နိုင်ပေမယ့် သူ့ကို ကျွန်တော် လက်ထပ်ရဲပါတယ်၊ ကြူကသာ မယူဘူးလို့ငြင်းနေတာပါ၊ ဘာပဲပြောပြော သူ အကျည်းတန်အရုပ်ဆိုးနေတာဟာ ကျွန်တော့်ကြောင့်ပါ .... "

သိုင်းရူးအဘိုးကြီးသည် တည်တည်ကြီး ဖြစ်လာသည်။

"ကောင်လေး မင်း တကယ်ပြောနေတာလား"

"အခု ကျွန်တော် လူဆိုးဖြစ်နေတယ်၊ ဒါဟာ သိုင်းပညာကို လိုချင်လွန်းလို့ လူဆိုးလုပ်နေရတာပါ၊ တစ်နေ့ကျရင် ကျွန်တော့်စိတ်ရင်းကို ဘိုးဘိုးသိလာပါလိမ့်မယ်"

"ကောင်းပြီ၊ နဂိုရုပ်ပြန်ဖြစ်အောင် လုပ်နိုင်တဲ့ဆေးရှိတယ်ဆိုရင် မင်းယူပေးနိုင်မလား .... "

"ဓားတောင်ပေါ်ပဲ တက်ရတက်ရ မီးပင်လယ်ပဲ ဖြတ်ရဖြတ်ရ ကျွန်တော် ရအောင် ယူပေးပါ့မယ် .... "

"ဒူးထောက်မနေနဲ့၊ မတ်တတ်ထတော့"

နဂါးဖြူလေးကော ရင်းလီကြူပါ ဒူးထောက်ရာမှ ထလိုက်ကြသည်။ သိုင်းရူးအဘိုးကြီး သက်ပြင်း ဟင်းခနဲ ချလိုက်ပြီးမှ ....

"ငါမေးတာကို မှန်မှန်ဖြေဦး၊ မင်းဝိညာဉ်နှတ် စေတမန်လား"

"ဟုတ် .... ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်လက်နဲ့ ဘယ်သူ့ကိုမှ မသတ်ခဲ့သေးပါဘူး"

"ငါသိချင်တာက တခြားကွ၊ မင်းလိုဝိုင်မနောက်လိုက်ဟုတ်မဟုတ် သိချင်တာ"

"သူနောက်လိုက်တော့ ဟုတ်ပါတယ်"

"ဒါဖြင့် သူ့အခြေခိုက်စခန်းက ဘယ်မှာလဲ၊ လင်ကြူတောင်မှာ ပဲလား"

"ဟုတ် .... ဟုတ်ပါတယ်၊ လင်ကြူတောင်မှာပါ"

"လင်ကြူတောင်ဟာ အဖွဲ့ကြီးရှစ်ဖွဲ့.ရဲ့.လက်ချက်ကြောင့် ပျက်စီးခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သခင်မ လီပိုင်မေက အပျက်အစီးတွေ အားလုံးကို နဂိုအတိုင်းဖြစ်အောင် ပြင်ဆင်ပြီးပါပြီ"

"လင်ကြူတောင်ဟာ အများကြီးပျက်စီးခဲ့တယ်လို့ ပြောတယ်၊ လီပိုင်မေတစ်ယောက်တည်း .... ဒါတွေကို အားလုံးထူထောင်နိုင်ပါ့မလား"

"သခင်မ လီပိုင်မေဆီမှာ ထူးခြားတဲ့အလှရှိတယ်၊ ထူးခြားတဲ့ သိုင်းပညာရှိတယ်၊ ထူးခြားတဲ့ကျောက်သံပတ္တမြားတွေရှိတယ်၊ သူ့ပတ်ပတ်လည်မှာ ထင်ရှားကျော်ကြားတဲ့ သိုင်းသမားတွေ အများကြီးရှိနေပါတယ်၊ သခင်မဟာ ဒီလူတွေကို ကောင်းကောင်း အသုံးချတတ်ပါတယ် .... "

"အေး .... အဲဒါ သိပ်ကောင်းတဲ့အချက်ပဲ"

နဂါးဖြူလေးမှာ အူကြောင်ကြောင် ဖြစ်သွားသည်။

"ဘိုးဘိုး ဘာတွေပြောနေတာလဲ .... "

သိုင်းရူးအဘိုးကြီးက မျက်ခုံးနှစ်ဖက်ကို မြှင့်တင်လိုက်ပြီး ....

"ငါ ကြားဖူးထားတာက လင်ကြူတောင်ရဲ့ လျှို့ဝှက်တဲ့နေရာတစ်နေရာမှာ နှစ်တစ်ထောင် ကိုးထပ်မိုးပင်တွေ ရှိသတဲ့၊ အဲဒီကိုးထပ်မိုးပင်ဟာ တွန့်လိန့်နေတဲ့ အံသားအရေတွေ အမာရွတ်တွေကို နဂိုအသားအရေအတိုင်းဖြစ်အောင် လုပ်နိုင်တယ်တဲ့၊ အဓိက.ကတော့ အိုရုပ်ကို

ပျိုစေတဲ့ ဆေးပင်တစ်မျိုးပဲ .... "

"အစောကြီးကတည်းကသာ ဒီအကြောင်းတွေသိရင် .... ကျွန်တော်သွားယူပြီးတာ ကြာပြီ .... "

သိုင်းရူးအဘိုးကြီး မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ပြန်ကြည့်သည်။

"ဟေ .... မင်းက ဒီပစ္စည်းကို လွယ်လွယ်နဲ့ရမယ်ထင်နေသလား၊ ဒီမိုပင်ဟာ မဋ္ဌသကာနတ်ပန်းလို အဖိုးတန်ရှားပါးတဲ့အပင်ကွ၊ ဒီတော့ လီပိုင်မေကို ချဉ်းကပ်ပြီး အဲဒီအပင်ဘယ်မှာ ရှိနေတယ်ဆိုတာကို စုံစမ်း၊ ပါးနပ်လိမ္မာဖို့တော့ လိုတယ်၊ အန္တရာယ် ဘယ်လောက်ကြီးတယ်၊ မကြီးဘူးဆိုတာတော့ တပ်အပ်မပြောနိုင်သေးဘူး"

ရင်းလီကြူက သက်ပြင်းချပြီး ဝင်ပြောသည်။

"အကောင်းဆုံးကတော့ .... အဲဒီအပင်ကို သွားမယူတာ အကောင်းဆုံးပဲ .... "

"ဟေ .... ဘာဖြစ်လို့လဲ မိန်းကလေးရဲ့ .... "

သိုင်းရူးအဘိုးကြီးက သူမမြေးကို တအံ့တသြမေးသည်။

"အစ်ကို့ကို အန္တရာယ်မဖြစ်စေချင်လို့ပါ"

"ဘာပြောတယ်၊ ကိုယ့်ကို ဒီလောက်တောင် ဒုက္ခပေးထားတဲ့ လူတစ်ယောက်ကို ဒီလောက်တောင် စိုးရိမ်နေရသလား၊ အနည်းအကျဉ်းတော့ စွန့်စားခိုင်းဖို့လိုတယ် မိန်းကလေးရဲ့၊ ဒါမှ သူစိတ်ဓာတ်မှန်ကို အကဲဖြတ်လို့ရမှာပေါ့"

နဂါးဖြူလေးက တည်တည်ကြည်ကြည် ဝင်ပြောသည်။

"ညီမကြူ စိတ်ချလက်ချသာနေပါ၊ တစ်လအတွင်း အကြောင်းပြန်ကြားပါ့မယ်"

အခန်း(၅၉)

တိမက်လားမား

တရုတ်ပြက္ခဒိန် ဆယ့်တစ်လပိုင်းဖြစ်သည်။

အနောက်မြောက်လေသည် သုံးရက်လုံးလုံး .... ပြင်းထန်စွာ တိုက်ခတ်နေခဲ့သည်။ ထို့ကြောင့် ဘယ်နေရာကြည့်ကြည့် နှင်းပွင့်နှင်းခဲများကို မြင်နေရသည်။

နှင်းကျသော ညမို့ တလောကလုံး အေးစိမ့်နေသည်။

ခိုင်းဟုန်း လူသွားလမ်းမကြီးပေါ်တွင်မူ လူတစ်သိုက်ခရီးသွားနေဆဲရှိသည်။

ထိုမှ အေးချမ်းနေသည့်အချိန်၌ မည်သူများ အပူတပြင်းခရီးနှင်နေကြပါလိမ့်။

အခြားသူများ မဟုတ်ပါ။ ဝမ်ယွင်ချောင်တို့ လူသိုက်ပင် ဖြစ်ပါလေ၏။ ကျန်လုဂိုဏ်းချုပ်ကြီး၏သားဟုဆိုသော ရှောင်လင်သည် သူတို့နှင့် အတူတက္ခ လိုက်ပါလာသည်။

ရှောင်လင် ပေးပို့လာသည့် သတင်းများကား ....

အကျဉ်းသားများကို ဓောင့်ကြပ်လာကြသည့် မန်ချူးစစ်သား

နဂါးဖြူလေးက စကားပြောရင်း သိုင်းရူးအဘိုးကြီးကို ဦးညွှတ်ဂါရဝပြုလိုက်သည်။

"အဘိုးရဲ့သတင်းပေးမှုကို အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါ"

"သွား .... သွား .... မင်း ဒီနေရာက သွားသင့်တာကြာပြီ"

"အစ်ကို အန္တရာယ်ကို သတိထားပါ"

သိုင်းရူးအဘိုးကြီးက ရင်းလီကြူအား မျက်စောင်းထိုးကြည့်၏။

နဂါးဖြူလေးသည် ရင်းလီကြူကို တစ်ချက်လှမ်းကြည့်ပြီး ရိပ်ခနဲ ခုန်ပျံကာ ပြေးထွက်သွားတော့သည်။

သိုင်းရူးအဘိုးကြီးက ....

"အရူးမ သူ ကိုးထပ်မိုပွင့်ကို ယူလာနိုင်ရင် ပိုမကောင်းဘူးလား၊ ယောကျ်ားဆိုတာ အန္တရာယ်ကို ရဲရဲရင့်ဆိုင်ရဲမှ ယောကျ်ားပီသတာ"

"ကိုးထပ်မိုပွင့်မရလည်း သမီး သူ့ကိုချစ်နေမှာ ဘိုးဘိုး၊ သမီးရဲ့အသည်းနှလုံးကို သူ ပိုင်ပြီးသားပါ .... "

"ဟင်း .... အဲဒါ ခက်တော့တာပေါ့၊ လောကမှာရှိတဲ့ မိန်းမတွေဟာ တစ်ယောက်တစ်မျိုး ခက်နေတာချည်းပဲ၊ လာ တို့ကျောင်းကို ပြန်ရမယ် .... "

သိုင်းရူးအဘိုးကြီးသည် ရင်းလီကြူ၏လက်ကိုဆွဲပြီး ပြေးထွက်လာခဲ့တော့သည်။

များသည် နေပြည်တော်မှ ပို့လွှတ်လိုက်သော အကူအညီရနေပြီဖြစ်ကြောင်း ကိုယ်ရံတော်တပ်မှူး အသက်နှုတ်မရဏသည်လည်း တိုတက်လားမားသုံးဦးနှင့် ရောက်ရှိနေကြောင်း။

ထိုလားမားသုံးဦးသည် အကျဉ်းရထားနှင့် အကျဉ်းသားများကို ကာကွယ်စောင့်ကြပ်ကြရုံမက မန်ချူးတော်လှန်ရေးသမားများကိုလည်း အပြတ်ရှင်းပစ်ရန် ကြံစည်ထားကြကြောင်း။

ကျန်လုဂိုဏ်းချုပ် ရှောင်ယွင်ချင်ကလည်း ယင်းကိစ္စကိုပေါ့ပေါ့ဆဆ ဆောင်ရွက်၍ မဖြစ်ကြောင်း၊ အင်အားကောင်းအောင် ဆောင်ရွက်ပြီးမှ လုပ်ငန်းစသင့်ကြောင်း။

စသည်သတင်းများကို ရှောင်လင်က ပေးသည်။ မျိုးချစ် အင်အားစုများ တစ်စုတစ်စည်း ဆုံတွေ့ရန်အတွက် ဝမ်ယွင်ချောင်တို့အုပ်စုသည် ရှောင်လင်နောက်သို့ လိုက်လာကြခြင်းဖြစ်၏။

သူတို့သည် လေဒဏ်နှင့်နင်းဒဏ်ကို ကြံ့ကြံ့ခံပြီး ခရီးနှင်လာခဲ့ကြရာ နိုင်းဟုန်းမြို့ရိုးကြီးကို မှန်မှုန်မြင်ရသည့်နေရာအထိ ရောက်ရှိလာကြ၏။

ထိုစဉ် အရှေ့ဘက်မှနေ၍ ဝါးရင်းတုတ်တစ်ချောင်းကို ကိုင်ပြီး ပြေးလာသည့် လူတစ်ယောက်သည် ဘွားခနဲ ပေါ်လာသည်။

"ဦးဦး .... "

ရှောင်လင်က အော်ဟစ်နှုတ်ဆက်လိုက်၏။

ထိုသူကား ဂိုဏ်းစောင့်ရှောက်ရေးမှူး ရှစ်ယောက်ထဲမှ ဝါစဉ်အကြီးဆုံး 'ချန်ယောင်'ဖြစ်သတည်း။

အားလုံး ငေးကြည့်နေစဉ်မှာပင် ထိုလူအနီးသို့ ရောက်လာသည်။ ရှောင်လင်က ဝမ်ယွင်ချောင်တို့လူစုနှင့် မိတ်ဆက်ပေးသည်။

ကျန်လုဂိုဏ်း၏ ဂိုဏ်းစောင့်ရှောက်ရေးမှူး ချန်ယောင်သည် အသက်ငါးဆယ်ကျော်ခန့်ရှိသည်။ ကိုယ်လုံးကိုယ်ထည် ကြီးမားကြွှတ်ခိုင်ပြီး မျက်လုံးအရောင်တောက်သည်။ ဝတ်ထားသော အင်္ကျီကား အဖာတစ်ရာအင်္ကျီဖြစ်သည်။

သို့သော် သူ၏ ခန့်ညားသော ဥပဓိရုပ်ကို အင်္ကျီက မဖုံးကွယ်နိုင်ချေ။ ချန်ယောင်၏ နာမည်ဂုဏ်သတင်းကို ဝမ်ယွင်ချောင်မှအပ အားလုံးက ကြားသိဖူးကြသည်။ ဝမ်ယွင်ချောင်မှာ ယခုမှ သိုင်းလောကသို့ ဝင်ရောက်လာသူဖြစ်၍ ချန်ယောင်၏နာမည်ဂုဏ်သတင်းကို မသိနိုင်ပေ။

"ရင်းဆန်းကွေးမွှဲနဲ့ ကျွန်တော်တို့ရဲ့ဆရာကြီး ဆွေးနွေးညှိနှိုင်းထားတာကို လာပြီးသတင်းပို့တာပါ။ ရန်သူတွေဘက်မှာ အဆင့်မြင့် သိုင်းသမားတွေ သိပ်များနေလို့ လောလောဆယ် ထိပ်တိုက်တွေ့ဆုံဖို့ မသင့်သေးပါဘူးတဲ့ .... "

ရှောင်လင်မှာ သူ့အဖေရောက်နေကြောင်း ကြားရသဖြင့် ဝမ်းသာသွားသည်။

"တယ်ဟုတ်ပါလား။ အဖေကိုယ်တိုင် တိုက်ပွဲဆင်းလာပြီ ဟုတ်လား .... "

ဝါစဉ်ကြီး သိုင်းသမားကြီး ချန်ယောင်က ရှောင်လင်၏အမေးကို မဖြေ။ ပြောလက်စ စကားကိုသာ ဆက်ပြောသည်။

"ကျွန်တော်တို့ရဲ့ ဂိုဏ်းချုပ်ဆရာကြီးကိုယ်တိုင် ထောက်လှမ်းလိုရထားတဲ့ သတင်းကတော့ အကျဉ်းရထားနဲ့ အကျဉ်းသမားတွေဟာ တူတူဆိပ်ကမ်းကနေ မြစ်ဝကို ကျော်မယ့်သတင်းပါပဲ .... တူတူဟာ ဖို့ငယ်လေးတစ်ဖြို့ ဖြစ်ပါတယ်၊ ကျွန်တော်တို့ အဲဒီမှာနှားပြီး ရင်းဆန်း

ကွေးမှုတို့နဲ့ အဆက်အသွယ်လုပ်ရပါမယ်"

"ဟုတ်ကဲ့"

ဝမ်ယွင်ချောင်က ခေါင်းညိတ်ပြီး သိုင်းရူးအဘိုးကြီးနှင့်လက်နှစ်ဖက်မိုးလှန် တွမ်ကြွင်းတို့ကို လှည့်မေးလိုက်သည်။

"ဆရာကြီးတို့ သဘောထားက ဘယ်လိုရှိပါသလဲ"

သိုင်းရူးအဘိုးကြီးက ....

"ငါကတော့ ဟိုဟာမနဲ့ မျက်နှာချင်းမဆိုင်ရရင် ပြီးရော၊ ကျန်တာ မင်းတို့ကြိုက်သလိုလုပ်၊ ငါက ဘယ်လိုပဲဖြစ်ဖြစ်ရတယ်"

တွမ်ကြွင်းကလည်း ဝမ်ယွင်ချောင်၏သဘောအတိုင်း လုပ်ပါဟု ဆိုသည်။ သို့နှင့် သူတို့အားလုံး ခရီးဆက်လာခဲ့ကြသည်။

ခိုင်းဟုန်းကို တွေ့ပြီးသောအခါ လိုင်းလုံးကြီးတွေ တလိမ့်လိမ့်ဖြစ်နေသော မြစ်ဝမြစ်ကို မြင်လာကြရသည်။ သူတို့သည် လူစုခွဲပြီး တူတူမြို့ထဲရှိ 'လိုင်တောင်'စားသောက် တည်းခိုဂေဟာသို့ လာခဲ့ကြ၏။

တည်းခိုဂေဟာသည် အဆောင်သုံးဆောင်ရှိသဖြင့် ကျယ်ကျယ်ဝန်းဝန်းရှိသည်။ အရှေ့ဆောင်ဘေးတွင် မြင်းစောင်းလည်းရှိသည်။

ပထမအဆောင်တွင် တည်းခိုနေကြသူများမှာ ဈေးသည်များနှင့် သာမန်အရပ်သားများ ဖြစ်ကြသည်။ ဒုတိယအဆောင်နှင့် တတိယဆောင်သည် အပြင်အဆင် အဆင့်အတန်းမြင့်သည်။

ကုန်သည်များနှင့် အထက်တန်းစားများ တည်းခိုတတ်ကြသည်။ ချွန်ယောင်နှင့် ရှောင်လင်တို့သည် ဖာထေးထားသော အဝတ်အစားများကို ဝတ်ထားသည်ဖြစ်၍ ပထမအဆောင်တွင်သာ တည်းခိုကြသည်။ သိုင်းရူးအဘိုးကြီးနှင့် လက်နှစ်ဖက် မိုးလှန်တွမ်ကြွင်းတို့ကား ဒုတိယအဆောင်တွင် နေသည်။ ထိုအဆောင်၏အနောက်ဘက်အတန်း

ဘယ်ဘက်အခန်းနှစ်ခန်းတွင် ဝမ်ယွင်ချောင်ဟုန်ဟုန်နှင့် ရင်းလီကြူတို့ တည်းခိုကြသည်။

သူတို့အားလုံး အခြေကျကျ တည်းခိုပြီး၍ နေ့တစ်ဝက်ခန့်ကျိုးသောအခါ တည်းခိုဂေဟာ အရှေ့ဘက်မှ အော်ကြွေးဟစ်ကျယ်ပြောနေသော စကားသံများ ထွက်ပေါ်လာသဖြင့် အားလုံး နားစွင့်လိုက်ကြသည်။

"ကျုပ်လိုချင်တာ အထက်တန်း အခန်းနှစ်ခန်း၊ တစ်ခန်းက ကျုပ်နေမှာ တစ်ခန်းက မြင်းထားဖို့"

"ဟုတ် .... ဟုတ်ကဲ့ခင်ဗျ၊ အထက်တန်းခန်းတွေ အဆင်သင့်ရှိပါတယ်၊ ဒါပေမယ့် မြင်းထားလို့တော့ မဖြစ်ဘူးဆရာကြီး၊ မြင်းအတွက် မြင်းစောင်းရှိပါတယ်"

"မင်း တော်တော်လျှာရှည်တာပဲ၊ မြင်းစောင်းမှာ မထားချင်လို့ အခန်းငှားတာပေါ့ကွ"

"မဖြစ်လို့ပါ ဆရာကြီး .... ဂေဟာစည်းကမ်းအရ .... "

"ဘာဂေဟာစည်းကမ်းလဲ .... "

"ငုန်း .... "

"အမယ်လေးဗျ .... "

ဗရုန်းသုန်းကား အသံများ ဆူညံသွားသည်။

ဝမ်ယွင်ချောင်တို့သည် ပြတင်းကန့်လန့်ကာကိုလှပ်ပြီး ချောင်းကြည့်လိုက်သည်။ အရပ်အမောင်း အလွန်ကောင်းသော တိဗက်လားမားတစ်ဦးက ဒေါသတကြီး အော်ဟစ်နေကြောင်း တွေ့ရသည်။ လည်ပင်းတွင် စိတ်ပုတီးတစ်ကုံးကိုလည်း တွေ့ရသည်။ စိတ်ပုတီးကား သံစိတ်ပုတီးတည်း။

ကိုယ်ပေါ်တွင် ဝတ်ရုံထားသော ဝတ်ရုံအရောင်သည် အနီရဲရဲ ဖြစ်သည်။ သူနှင့်မျက်နှာချင်းဆိုင်တွင် ဆိုင်တာဝန်ခံ ဖြစ်ဟန်ရှိသည့် အကျီစိမ်းနှင့် လူတစ်ယောက်မှာ ပါးစပ်ထဲမှ သွေးများ စီးကျနေ၏။

"မင်းဟာ တည်းခိုဆိုင် တာဝန်ခံလုပ်နေပြီး ဘာမှ အကင်းပါးတဲ့အကောင်မဟုတ်ဘူး။ မင်းရဲ့စည်းကမ်းကို ပြင်ပေးမလား။ မပြင်ပေးဘူးလား ပြောစမ်း"

အကျီစိမ်းနှင့်လူမှာ အတော်ကလေး ခံလိုက်ရသည်။ သူ့မျက်နှာမှာ ချက်ချင်း ယောင်ကိုင်းလာသည်။ သို့သော် ဆိုင်တာဝန်ခံက သတ္တိရှိရှိ ပြန်လည်ခွန်းတုံ့ပြန်နေ၏။

"ဆရာကြီးက ကောင်းကောင်းမွန်မွန်မပြောဘဲ ဘာဖြစ်လို့ ရိုက်ရတာလဲဗျ ...."

တိဗက်လားမားက စပ်မာမာ ထပ်ပြောသည်။

"မင်းက ဘာခွန်းတုံ့ပြန်နေတာလဲ၊ မင်းကို ကျွပ်က သတ်လို့တောင် ရတယ်၊ ကျွပ်ဆီမှာ ဘုရင့်အမိန့်ပါပြီးသား၊ ကျွပ်ကို ကလန့်ကဆန့် လုပ်တာဟာ ဘုရင်ကိုအာခံတာပဲ၊ နားလည်သလား"

အကျီစိမ်းနှင့်လူသည် အကြီးအကျယ် တုန်လှုပ်ချောက်ချားသွား၏။

"မ .... မ .... မသိလို့ပါ ဆရာကြီး .... ကျွန်တော် .... ကျွန်တော် ...."

"ခုမှ ကြောက်မနေနဲ့ သွားစမ်း၊ ကျွပ် မြင်းကို မင်းကိုယ်တိုင် သွားပြီး ဆွဲယူခဲ့စမ်း၊ တခြားလူကို မခိုင်းနဲ့ ...."

အကျီစိမ်းနှင့်လူသည် အနီရောင် မြင်းကြီးကို ချက်ချင်းသွားဆွဲလာရ၏။ တိဗက်လားမားကြီးကား မန်ချူးဧကရာဇ်၏မျက်နှာသာ

မက သူ၏သိုင်းပညာ မြင့်မားမှုကြောင့်ပါ တန်ခိုးကြီးလှချေ၏။

တိဗက်လားမားက လိုအပ်ချက်ကို ထပ်ပြောသည်။

"နောက်တစ်ခုက မနက်ဖြန်ကျရင် ဒုတိယဆောင်က အခန်းတွေအားလုံး ရှင်းထား"

"ဒါ .... ဒါတော့"

အကျီစိမ်းနှင့်လူသည် လားမားကြီး၏ မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံကြောင့် စကားပြတ်သွားပြန်သည်။

"ဗြီးမှ ....

"ဟုတ် .... ဟုတ်ကဲ့ပါ ဆရာကြီး .... ဧည့်သည်တွေကို အကြောင်းကြားထားလိုက်ပါမယ် .... သူတို့ကလည်း ပိုက်ဆံပေးပြီး တည်းတာဆိုတော့ ...."

"မလိုဘူး၊ အားလုံးဖယ်ခိုင်း၊ ဧကရာဇ်အမိန့်ကွ"

အကျီစိမ်းနှင့်လူက လားမားကြီးကို နေရာချထားပေးသည်။ လားမားကြီးရှိသော အခန်းသည် ဝမ်ယွင်ချောင်တို့အခန်းနှင့် မျက်စောင်းထိုးအခန်းဖြစ်သည်။ လားမားကြီး အခန်းထဲဝင်သွားသည်နှင့် ဝမ်ယွင်ချောင်က ဟုန်ဟုန်အား တိုးတိုးလှမ်းပြောသည်။

"တွေ့တယ် မဟုတ်လား"

"တွေ့ပါတယ်"

"ဧကန္တ ဒီလားမားဟာ တိဗက်လားမားသုံးယောက်ထဲက တစ်ယောက်ဖြစ်လိမ့်မယ်၊ မန်ချူးနောက်လိုက်တွေနဲ့ အကျဉ်းရထားပါ ဒီမှာတည်းမယ်ထင်တယ်"

ရင်းလီကြူက ဝင်၍ထောက်ခံ၏။

"ဟုတ်တယ်၊ ကျွန်မလည်း ဒီအတိုင်းပဲ ထင်တယ်"

"မဖြစ်နိုင်ဘူး"

ဟုန်ဟုန်အသံကြောင့် ဝမ်ယွင်ချောင် မျက်မှောင်ကြုတ်သွားသည်။

"ဘာလို့ မဖြစ်နိုင်ရမှာလဲ .... "

"မြစ်ဝကြမ်းနား မရောက်ခင်ကတည်းက မနှစ်ချူးတွေဟာ အကျဉ်းသားတွေကို အစောင့်အကြပ်တွေ လုံလုံခြုံခြုံချထားခဲ့မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအကျဉ်းသားတွေကို မျိုးချစ်တော်လှန်ရေး တပ်သားတွေ လိုက်လုနေတတ်တာ သူတို့သိနေလို့ပဲ၊ ဒါကို လူမြင်ကွင်းမှာ ပေါ်ပေါ်ထင်ထင်စတည်းချကြမယ်ဆိုတော့ ဖြစ်နိုင်ပဲ့မလားအစ်ကိုရဲ့"

ဟုန်ဟုန်က နဖူးကြောများတွန့်ပြီးပြောသည်။

ဝမ်ယွင်ချောင်က ....

"အဲဒီလူတွေက သူတို့ကိုယ်သူတို့ သိပ်အထင်ကြီးနေတာကော မဖြစ်နိုင်ဘူးလား၊ ဒါမှမဟုတ် အကျဉ်းရထားနဲ့ အကျဉ်းသားတွေကို ငါးစာလုပ်ပြီး တို့ကို အပြတ်ရှင်းဖို့စီစဉ်တာကော မဖြစ်နိုင်ဘူးလား"

ဟုန်ဟုန်သည် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ငြိမ်သွားသည်။

"အဲဒီလိုလည်း ဖြစ်နိုင်တာပဲ အစ်ကိုရဲ့၊ အရေးကြီးတာက ပထမဆုံးရောက်လာတဲ့ လားမားကို အလစ်မပေးဘဲ သတိထားနေဖို့ပဲ .... အကျဉ်းသားတွေနဲ့ပတ်သက်တဲ့အစီအစဉ်ကို သူပဲ စီစဉ်ပုံရတယ်"

ထိုအချိန်မှာပင် အခြားအခန်းများမှ မီးများ ငြိမ်းသွားသည်။

ဝမ်ယွင်ချောင်လည်း တိဗက်လားမားကြီး အထင် မမှားစေရန် သူတို့အခန်းထဲမှ မီးကိုလည်း ငြိမ်းလိုက်ရသည်။

ဝမ်ယွင်ချောင်က ဟုန်ဟုန်နှင့် ရင်းလီကြူတို့ကို တစ်ခန်း

တည်းအိပ်ရန် မှာကြားပြီး အကြောင်းရှိလျှင် လက်ဖျစ်တီးပြီး ဆက်သွယ်နိုင်းသည်။

ထို့နောက် သူ့အခန်းဆီသို့ ခြေဖော့နင်း၍ ပြန်လာခဲ့လေတော့၏။

ဤသို့ဖြင့် သန်းခေါင်ချိန်သို့ရောက်လာသည်။

အနောက်မြောက်လေသည် တဟူးဟူးတိုက်နေဆဲ ရှိသည်။ ထို့ကြောင့် နှင်းမှုန်နှင်းများ တဖွဲဖွဲတသဲသဲ ကျနေသည်။

အခြားအခန်းများမှ ဟောက်သံများ ပေါ်ထွက်နေပြီဖြစ်သော်လည်း ဝမ်ယွင်ချောင်ကား မအိပ်သေးပေ။ အခြေအနေကို စိတ်ရှည်ရှည် စောင့်ဆိုင်းအကဲခတ်နေ၏။

ထိုစဉ် ဒုတိယအဆောင်အနီးသို့ မည်းမည်းအရိပ်တစ်ခု ချဉ်းကပ်လာသည်ကို တွေ့ရသည်။ ထို့နောက် လှစ်ခနဲ ပျောက်သွားသည်။ ဝမ်ယွင်ချောင်သည် ခြေဖော့၍ထလာ၏။

ထိုစဉ် နောက်ထပ် အရိပ်သဏ္ဌာန်တစ်ခု ပေါ်လာပြန်ပြီး ရှေ့နည်းအတိုင်း ပျောက်ကွယ်သွားပြန်သည်။

"အင်း .... စတော့စလာပြီ၊ ဘာတွေ စလာသလဲကော့ မသိဘူး .... "

ဝမ်ယွင်ချောင်သည် စိတ်ထဲမှ ရေရွတ်မိ၏။

ထိုစဉ် လက်ဖျစ်တီးသံတစ်ချက် ပေါ်လာသည်။

ဟုန်ဟုန်တို့လည်း မအိပ်သေးကြောင်း ထင်ရှားသည်။

"တိရစ္ဆာန်တွေ စော်စော်ကားကား အနှောင့်အယှက်ပေးတဲ့ကောင်တွေ ငါ့အကြောင်း သိရစေမယ်ကွ"

တိဗက်လားမားကြီး၏ အော်ဟစ်ဆဲဆိုသံသည် တိတ်ဆိတ်နေ

သော ညဉ့်ယံကို ဖောက်ခွဲဖြိုခွင်းပစ်လိုက်သည်။ တဆက်တည်းပင် ပြတင်းပေါက်မှ ခုန်ထွက်သွားပြန်သည်။

မည်းမည်းအရိပ်တစ်ခုသည် တိဗက်လားမားကြီး၏အခန်းထဲသို့ လှစ်ခနဲ ဝင်သွား၏။ ဝမ်ယွင်ချောင်သည် မှောင်ထဲမှပင် အသာချောင်းကြည့်သည်။ မည်းမည်းအရိပ်သည် လှစ်ခနဲ ပြန်ထွက်လာပြီး သူ့အခန်းဆီသို့ ပြေးကပ်လာကြောင်း တွေ့ရသည်။

ဝမ်ယွင်ချောင် အသင့်ပြင်ထားရ၏။

ဝင်လာသူမှာ ရှောင်လင်ဖြစ်နေသဖြင့် ဝမ်ယွင်ချောင်သည် သူ့လက်ကို ပြန်ချလိုက်ရသည်။

"ဘာလဲ အစ်ကိုကြီးက ကျုပ်ကို တိုက်ခိုက်မလို့လား၅"

"ကိုယ့်လူမှန်းသိရင်တော့ ဘယ်တိုက်မလဲ၊ သတိပေါ့လို့ ဘယ်ဖြစ်မလဲ ညီလေးရဲ့"

ရှောင်လင် ကျေနပ်သွား၏။

"ကဲ .... ဆို .... ညီလေးရှောင်လင် ဘာတွေသိလာပြန်ပြီလဲ"

ထိုအချိန်မှာပင် ဟုန်ဟုန်၊ ရင်းလီကြူတို့လည်း အနီးသို့ရောက်လာသည်။ ရှောင်လင်က ပတ်ဝန်းကျင်ကို အကဲတော်လိုက်ပြီး ....

"ကျွန်တော့်ဦးလေးချွန်ယောင်က ဟိုလားမားကြီးကို သိနေတယ်ဗျ၊ လားမားသုံးဦးထဲက တစ်ဦးပေါ့၊ ဒါကြောင့် သူရဲ့အခြေအနေကို လာပြီးစုံစမ်းတာ .... ခင်ဗျားတို့မြင်တယ်မဟုတ်လား"

"မြင်ပါတယ် .... ဒါထက် ဘာထူးခြားသလဲ"

ရှောင်လင်က ပခုံးနှစ်ဖက်ကိုတွန့်ပြီး ပုလဲလိုဖြူသော သွားများပေါ်အောင် ပြုံးသည်။

"ဦးလေးချွန်ယောင်ဘက်ကတော့ ဘာထူးခြားသလဲ မသိဘူး

ဗျ၊ ကျွန်တော့်ဘက်ကတော့ ဒီမှာ ဟဲဟဲ"

ရှောင်လင်သည် မည်သည့်ပစ္စည်းကိုမျှ ထုတ်ပြခြင်းမရှိဘဲ အားလုံးကို ပြောင်ချော်ချော်ကြည့်နေ၏။

ဝမ်ယွင်ချောင်သည် ပြောင်ချော်ချော်လုပ်နေသော မျက်နှာကလေးကို ငေးနေရာမှ မျက်မှောင်ကြုတ်သွားသည်။

ရှောင်လင်၏နှုတ်ခမ်းကလေးသည် ဆေးမဆိုးဘဲ နီနေသည်။ ပခုံးသားက အိပြီး ဝင်းနေသည်။ အမူအရာက ယောကျ်ားလေးနှင့် မတူ။ ယခုကဲ့သို့ ဆေးသားဖုန်မှုန့်များ ကင်းစင်နေစဉ် သူ၏မျက်နှာကလေးမှာ ဓိန်းကလေးမျက်နှာကလေးသာဖြစ်ကြောင့် ဝမ်ယွင်ချောင် ရိပ်မိလိုက်သည်။

ထို့ကြောင့် ခပ်တည်တည်ဆက်ဆံရန် စိတ်ကူးမိတော့သည်။

"ဟာ .... ဒီမှာရှောင်လင်၊ ပြောင်ချော်ချော် လုပ်မနေစမ်းပါနဲ့၊ သိလာတဲ့သတင်းကို ပြောချင်ရင်လည်း မြန်မြန်ပြော"

ရှောင်လင်သည် ငယ်စဉ်ကတည်းက အမိမဲ့ခဲ့သူ ဖြစ်သဖြင့် ဖခင်လက်တွင် ကြီးလာရသူ ဖြစ်သည်။ ဖခင်၏အလိုလိုက်မှုကို ခံစားလာရသောကြောင့် နဲ့ဆိုးဆိုးတတ်သောအကျင့်က နေရာတကာပါနေသည်။ ထို့ကြောင့် နှုတ်ခမ်းတလှုပ်လှုပ်လုပ်နေရင်းက မျက်ရည်ကျလာသည်။ ဝမ်ယွင်ချောင်မှာ နောက်ပိုင်းမှ အတွေ့အကြုံရင့်ကျက်လာသဖြင့် အခြေအနေအရ ရှောင်လင်ကို ပြန်ချော့ရပြန်လေသည်။

"ဘာဖြစ်လို့ မျက်ရည်ကျရတာလဲ ညီလေးရာ၊ အစ်ကိုက ဦးကြီးကွမ်းတို့ဆီ စိတ်ရောက်ပြီး ငေါက်မိတာပါ။ မျက်ရည်တွေ သုတ်လိုက်စမ်းပါ .... "

ရှောင်လင်က မျက်ရည်သုတ်သည်။

"ကောင်းပြီ .... ဒီမှာ"

ပြောရင်း အင်္ကျီရင်ဘတ်တွင်းမှ အဝါရောင်ဝိတ်စတစ်စကို ထုတ်ယူပြီး စားပွဲပေါ် တင်သည်။ မီးအိမ်မီးကို မြှင့်ပြီး ဝိတ်စကို ဖြန့်ပြသည်။ ဝိတ်စပေါ်တွင် အမှတ်စဉ်တပ်ပြီး အမည်စာရင်းရေးထားသည်ကို တွေ့ရသည်။ ဝမ်ယွင်ချောင်က တစ်ခုချင်း လိုက်ဖတ်သည်။

ဝမ်ထင်ကွမ်း ....

ကိုးနဂါး တရုတ်ဆရာတော် ....

ဝမ်ယွင်ချောင် ....

ကွမ်းရင်းဆန် ....

အချို့အမည်များကို သိသည်လည်းရှိသည်။ မသိသည်လည်း ရှိသည်။ နာမည်များသည် ဝိတ်စတစ်ခုလုံး ပြည့်နေသည်။

မန်ချူးတို့ အလိုရှိနေသော မန်ချူးဆန့်ကျင်ရေးသမားများနှင့် မန်ချူးတော်လှန်ရေးသမားများ၏ အမည်စာရင်းပင် ဖြစ်သည်။

"အင်း .... မန်ချူးတွေဟာ အားလုံးကို သေသေချာချာလုပ်ထားတာပဲ .... "

ဟုန်ဟုန်က တီးတိုးပြောသည်။

ရင်းလီကြူက ....

"မောင်လေး .... ရှောင်လင် .... နောက် ဘာတွေ ထူးသေးသလဲ"

ဟု လှမ်းမေးသည်။

ရှောင်လင်က ....

"မရှိတော့ဘူးဗျ .... အဲ .... ဒါပေမယ့် ရယ်စရာတစ်ခုတော့ ပြုပဲခဲ့သေးတယ် .... "

"ပြောစမ်းပါဦး"

ဟုန်ဟုန်က လောဆော်သည်။

"ကျွန်တော် ဟိုလားမားမြင်းကြီးကို ဝမ်းနတ်ဆေးတစ်လုံး ကျွေးခဲ့သေးတယ်ဗျ"

"ဝမ်းနတ်ဆေး ဟုတ်လား"

သုံးယောက် ပြိုင်တူ ဝိုင်းမေးသည်။

□○□

ပြတင်းပေါက်မှ ခုန်ထွက်သွားသည်။

မရေးမနှောင်းမှာပင် ဝမ်ယွင်ချောင်လည်း ခုန်ထွက်သွားသည်။ ဟုန်ဟုန်နှင့် ရင်းလီကြူတို့က လားမားအခန်းကို စောင့်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ကွမ်းတစ်ယာညက်ခန့်အကြာတွင် ဝမ်ယွင်ချောင် ပြန်ရောက်လာသည်။

"ဆရာကြီး သိုင်းရွေးနဲ့ ဆရာကြီးတွမ်ကြွင်းတို့ အခန်းထဲမှာ မရှိတော့ဘူး ...."

ရင်းလီကြူနှင့် ဟုန်ဟုန်တို့မှာ ဝမ်ယွင်ချောင်၏စကားကြောင့် မျက်လုံးပြူးသွားကြလေတော့၏။

❐○❐

ထိုစဉ် သူတို့ကို စကားပြတ်သွားစေသည့် အော်သံတစ်သံ ပေါ်လာသည်။ လားမားကြီး၏ အော်သံတည်း။

"အလကားဂေဟာပိုင်ရှင်၊ အလကား တာဝန်ခံ၊ မင်းတို့ကို အရေခွာပစ်မယ်၊ အသုံးမကျတဲ့ကောင်တွေ"

ရှောင်လင်က နာမည်စာရင်းပိတ်စကို လက်ညှိုးထိုးပြီး တိုးတိုးလေး လှမ်းပြောသည်။

"လားမားကြီး ဒေါပွနေပြီ၊ ဒါ ပျောက်လို့ထင်တယ်"

အားလုံးက ခေါင်းညိတ်ပြလိုက်သည်။ လားမားကြီးသည် ပျာယာခတ်နေသည်။ သူ့အခန်းထဲ၌ ဝုန်းဒိုင်းကြဲနေသည်။ အတန်ကြာသော် အခန်းထဲမှ သုတ်သီးသုတ်ပျာ ထွက်သွားပြန်သည်။

ထိုစဉ် ဟုန်ဟုန်က ဖျတ်ခနဲ လှမ်းပြောသည်။

"ဆရာကြီးနှစ်ယောက်အသံလည်း မကြားရပါလား၊ သူတို့ ဘာဖြစ်လို့ ငြိမ်နေကြတာလဲ .... "

ရှောင်လင်က ....

"ဟုတ်တယ်၊ သူတို့ အိပ်ပျော်နေသလားပဲ၊ ခင်ဗျားတို့ သွားကြည့်လိုက်ကြဦး၊ ကျွန်တော်လည်း ပြန်လိုက်ဦးမယ်"ဟု ဆိုကာ

သည်။ ဝမ်ယွင်ချောင်က အပြင်ထွက်၍စုံစမ်းရန် ဟန်ပြင်သည်။

"အပြင်မှာ သိပ်အေးတယ်၊ အစောင့်အကြပ်တွေလည်း သိပ်များတယ်၊ ဒီထဲက စောင့်ပြီး အကဲခတ်တာက ပိုကောင်းပါတယ်"

သူတို့ ထိုင်စောင့်နေစဉ်မှာပင် ချန်ယောင်နှင့် ရှောင်လင်တို့ ရောက်ရှိလာ၏။ ကျန်လုဂိုဏ်း၏စောင့်ရှောက်ရေးမှူး ချန်ယောင်က

"သူတို့ ဒီမှာတည်းကြလိမ့်မယ်လို့ ထင်ကိုမထင်မိဘူး၊ ခုတော့ မထင်တာတွေ တကယ်ဖြစ်နေပြီ .... ဖြောင်ကျကျ နေကြတယ်ဆိုကတည်းက ပိုင်ကွက်ရှိနေတာ သေချာတယ်၊ ဒီတော့ ကျွန်တော်တို့ ဘက်ကလည်း မိုက်ရူးရဲမလုပ်မိဖို့ အရေးကြီးတယ် .... "

"နောင်ကြီးပြောတာ မှန်ပါတယ်"

ဝမ်ယွင်ချောင်က ထောက်ခံလေ၏။ မန်ချူးတို့သည် ပိုင်ကွက်မရှိဘဲနှင့် ဤသို့ အတင့်ရဲလိမ့်မည် မဟုတ်ချေ။ ရင်းလီကြူက ....

"ဆရာကြီး သိပြီးပြီလားတော့မသိဘူး၊ ဘိုးဘိုးနဲ့ဆရာကြီးတွမ်ကြင်းတို့ ညကတည်းက ပျောက်နေတာ ခုထိ မတွေ့ရသေးဘူး"

"ဟုတ်ကဲ့ .... ရှောင်လင် ပြောပြလို့ သိပြီးပါပြီ"

အားလုံး စကားပြတ်သွားကြပြန်သည်။ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေသဖြင့် တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ သူတို့အနေဖြင့် မန်ချူးများကို စောင့်ကြည့်ရုံမှအပ ဘာမျှမလုပ်နိုင်ကြပေ။ကွမ်းတစ်ယာညက်ခန့်ကြာသောအခါရှောင်လင်ကစိတ်မရှည်ဟန်ဖြင့်ပြောသည်။

"ကျွန်တော် အောင့်မနေနိုင်တော့ဘူး၊ ဒီလို ဥဋ္ဌကြီးထိုင်နေရတာ စိတ်ညစ်စရာအကောင်းဆုံးပဲ၊ သေသေကြေကြေ ချက်ချင်းထွက်တိုက်လိုက်တာ ပိုကောင်းမယ်"

"ဟုတ်တယ် .... ရှောင်လင်ပြောတာလည်း သိပ်မဆိုးပါဘူး၊

အခန်း(၆၀)

ကျွန်လုဂိုဏ်းချုပ် ရောက်ရှိလာခြင်း

မိုးလင်းသောအခါ ဂေဟာတာဝန်ခံကြီး သုတ်သီးသုတ်ပျာဖြင့် ရောက်ရှိလာသည်။ အကျိုးအကြောင်းကို တောင်းတောင်းပန်ပန်ပြောပြီး နေရာရွှေ့ခိုင်းသည်။ ဝမ်ယွင်ချောင်တို့သည် အခြေအနေကို သိပြီးပြီဖြစ်သဖြင့် အနောက်ဆောင်သို့ အလွယ်တကူ ပြောင်းပေးကြသည်။

အခြားတည်းခိုသူများကမူ .... ဆူဆူညံညံ လုပ်ကြသေး၏။ သို့သော် မန်ချူးကေရာဓ်၏အဓိန့်ပါသည်ဆိုသောအခါ ငြိမ်သက်သွားသည်။ ထိုအချိန်အထိ သိုင်းရွာအဘိုးကြီးတို့ ပြန်ရောက်မလာသေးချေ။ နေ့လယ်စာစားချိန်သို့ရောက်သောအခါ ခုတိယအဆောင်ထဲ၌လူများ စည်ကားလာသည်။ ထပ်မံရောက်ရှိလာသည့်လူများ ဖြစ်ပေသည်။

ဝမ်ယွင်ချောင်တို့သည် အခန်းဝမှနေ၍ တစေ့တစောင်းအကဲခတ်ကြသည်။ မန်ချူးစစ်သားများကို အတော်များများတွေ့ရသည်။ တည်းခိုခန်းအပြင်တွင် မြင်းများ၊ မြင်းရထားများ ရပ်ထားသည်။ ထိုရထားများတွင် အကျဉ်းရထားတစ်စီးလည်း ပါနေသည်။ ထိုရထားထဲတွင် ဘယ်ကျော်ရွှေ ဓားကွမ်းရင်းဆန်နှင့် ဆင့်ခြင်းလုံရွှင်တို့ ပါရှိနိုင်

ကျွန်မတို့ငါးယောက်ပေါင်းတိုက်ရင် ဒီကောင်တွေ ခွေးသေဝက်သေ သေမှာ သေချာတယ် .... "

ဟုန်ဟုန်လည်း စိတ်ရှည်ဟန် မတူတော့ပေ။

သူမကလည်း သေသေကြေကြေ တိုက်ချင်နေသည်။ သူမ၏ အဘိုးသည် တည်းခိုခန်းရှေ့ အကျဉ်းရထားထဲ၌ ရှိနေသည်မှာ သေချာသလောက်ဖြစ်နေပြီ မဟုတ်ပါလော။ ကျန်လုဂိုဏ်း၏ ဂိုဏ်းစောင့် ရှောက်ရေးမှူးချုပ် ချွန်ယောင်က ဟုန်ဟုန်၏အဖြစ်ကိုစာနာသည်။

"မီးပုံထဲက ပြောင်းမှုးကို လှမ်းယူရတာဟာ အန္တရာယ်များတာတော့ အမှန်ပဲ၊ ဒါပေမယ့် သိုင်းသမားကောင်းဖြစ်ဖို့အတွက် တစ်ခါတစ်ခါတော့ စွန့်စွန့်စားစား လုပ်ရတာချည်းပါပဲ"

သူတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အေးစက်စွာ ပြုံးလိုက်ကြသည်။ အားလုံးထိုင်ရာမှ ထလိုက်စဉ်မှာပင် အခန်းထဲသို့ လူတစ်ယောက် ဝင်လာလေ၏။

ရှောင်လင်သည် ဝင်လာသူကို မြင်လိုက်သည်နှင့် ထခုန်ပြီး....

"ယက္ခအပေါင်းကို ကယ်တင်ခဲ့တဲ့ ကယ်တင်ရှင်ကြီး 'ကွမ်းရင်းမယ်တော် လာပြီ'ဟု အော်ဟစ်လိုက်တော့သည်။

ကွမ်းရင်းမယ်တော်ဆိုသည်မှာ သိုင်းသမားမဟုတ်ပေ .... ။ သို့သော် သိုင်းသမားများက ဦးခိုက်ရိုသေကြသော မယ်တော်တစ်ပါးဖြစ်သည်။ အခန်းထဲရှိ လူများသည် မဖြစ်နိုင်မှန်း သိလျက်နှင့် တအံ့တသြလှမ်းကြည့်မိကြ၏။ ဝင်လာသူသည် ကွမ်းရင်းမယ်တော်လည်း မဟုတ်။ အဖာတစ်ရာအကျိုကိုဝတ်ထားသည့် ယောကျ်ားကြီးတစ်ယောက်ဖြစ်နေ၏။ အခန်းထဲရှိ လူအားလုံးက ချွန်ယောင်မှတစ်ပါး ပေါက်တီးပေါက်ရွာပြောသော ရှောင်လင်ကို မျက်စောင်းထိုးကြလေ

၏။ ချွန်ယောင်မှာမူ ကဗျာကယာထ၍ လက်သီးနှစ်ဖက် ဆုပ်ကာ ဦးညွှတ်ဂါရဝပြုသည်။

"ဆရာကြီး ဂါရဝပြုပါတယ်ခင်ဗျာ .... "

ထိုလူက တံ့ပြန်ဂါရဝပြုနေစဉ်မှာပင် ရှောင်လင်က ....

"ဖေဖေ နေကောင်းတယ်နော်"ဟု လှမ်းမေးသည်။

ထိုအခြေအနေကြောင့် အခန်းထဲ၌ ရှိနေသူ အားလုံးသည် ဝင်လာသူအား ကျန်လုဂိုဏ်းချုပ်ဆရာကြီး ရှောင်ယွင်ချင်မှန်းသိလိုက်ကြသည်။ ထို့ကြောင့် အားလုံးထ၍ ဂါရဝပြုကြရသည်။

ကျန်လုဂိုဏ်းချုပ်ကြီးသည် သူ၏ခွေးရိုက်တုတ်ကို စားပွဲပေါ် တင်ပြီး အားလုံး ပြန်ထိုင်ရန် အချက်ပြလိုက်၏။

"အင်း .... တစ်နှစ်လုံးလုံး ခွေးတွေ ရိုက်သတ်နေခဲ့တာ .... ဒီတစ်ခါတော့ ကံကောင်းလို့ အကိုက်မခံရတာ၊ မရှောင်တတ် မတိမ်းတတ်ရင် အသားတစ်ထွက်မှာ သေချာတယ် .... "

ရှောင်ယွင်ချင်၏စကားသည် မန်ချူးကို ရည်ရွယ်ပြီး ပြောနေကြောင်း ဝမ်ယွင်ချောင်တို့ သဘောပေါက်ကြသည်။

ရှောင်ယွင်ချင်က ရှောင်လင်ကိုကြည့်ပြီး နှာခေါင်းရှဲ့သွားသည်။ အတယ်ကြောင့် နှာခေါင်းရှဲ့သွားသည်ကို မည်သူကမျှ မသိကြပေ။ သူတို့ သားအဖသာ သိကြပေလိမ့်မည်။ ဂိုဏ်းချုပ်ကြီး ရှောင်ယွင်ချောင်သည် ဂိုဏ်းစောင့်ရှောက်ရေး မှူး ချွန်ယောင်အား သတိပေး၏။

"ကဲ .... အခြေအနေတွေကို တင်ပြရဦးမယ်၊ ဂိုဏ်းစောင့်ရှောက်ရေးမှူးကြီး အပြင်ကို သတိထားပါ"

ချွန်ယောင်သည် ဂိုဏ်းချုပ်ကြီး ရှောင်ယွင်ချင်ကို ဂါရဝပြုပြီး အပြင်သို့ ခုန်ထွက်သွား၏။ မကြာမီ ပြန်ဝင်လာ၏။

"ဆရာကြီး အပြင်မှာ ချောင်းနားထောင်မယ့်လူနဲ့ မသက်ဆိုင်ရာ အရိပ်အရောင်ဆိုလို့ ဘာမှ မတွေ့ရပါဘူး"

ဂိုဏ်းချုပ်ကြီး ရှောင်ယွင်ချင်က ခေါင်းညိတ်ပြီး ထိုင်ရန် အချက်ပြလိုက်၏။

"ကျွပ် ခုလို ခရီးထွက်လာခဲ့တာဟာ သူရဲကောင်းကြီး ဘယ်ကျော် ရွေးနဲ့ ဆင့်ခြင်းလုံရွှင်တို့ကို ကယ်တင်ဖို့ပါပဲ၊ နောက်ပိုင်းမှာ ကျန်ခဲ့တဲ့ အဖွဲ့ဝင်တွေကိုလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး သတိကြီးကြီးထားဖို့ မှာကြားထားခဲ့တယ်၊ လမ်းခုလတ်ရောက်တော့ ဆရာမကြီး ရင်းဆန်းကွေးမှုနဲ့ အဖွဲ့ဝင်တွေ ဟုနန်ကိုရောက်နေပြီလို့ ကြားတယ်၊ ဒါနဲ့ သူတို့နဲ့တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းကြတယ်၊ ဘယ်ပုံဆောင်ရွက်မယ် ဆွေးနွေးပြီးတာနဲ့ စည်းကမ်းထိန်းကြီး ချန်ယောင်ကို ခင်ဗျားဆီ လွှတ်လိုက်တာပါပဲ"

"ဟုတ်ကဲ့ .... "

ဝမ်ယွင်ချောင်က ခေါင်းညိတ်ပြသည်။

ရှောင်လင်က ....

"ဖေဖေကလည်းဗျာ .... ဖေဖေ စကားပြောရင် ဘယ်တော့မှ လိုရင်းကို မပြောဘူး"

ရှောင်ယွင်ချင်က ရှောင်လင်ကို လှမ်းငေါက်၏။

"သမီး နင် ဝင်မရှုပ်စမ်းနဲ့၊ ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် အစကနေ အဆုံးထိအောင် တိတိကျကျပြောမှ ကောင်းတာကွယ်၊ အဖေပြောတာကို အေးအေးဆေးဆေး နားထောင်စမ်းပါ"

ရှောင်လင်သည် ယောက်ျားလေးတစ်ဦးပမာ ဝတ်စားထားသော်လည်း ထိုစကားကြောင့် .... မိန်းကလေးတစ်ယောက်သာဖြစ်

ကြောင်း ဘွင်းဘွင်းကြီး ပေါ်သွားတော့၏။ ရှောင်လင်၏ ဆောင့်ကြီးအောင့်ကြီးအမူအရာကြောင့် အားလုံးရယ်မိကြတော့သည်။ ရှောင်ယွင်ချင်က ချောင်းတစ်ချက်ဟန့်ပြီး ဆက်ပြောသည်။

"မန်ချူး စစ်သည်တော်တွေနဲ့ အကျဉ်းရထား တာဝန်ခံတွေဟာ သူတို့လက်ထဲက အကျဉ်းသားနှစ်ယောက်ကို မန်ချူးတော်လှန်ရေးသမားတွေရဲ့ အလုခံရမယ်ဆိုတာ ကောင်းကောင်းသိနေတယ်"

"ဒါကြောင့်မို့ နေပြည်တော်ကို အကူအညီ ထပ်တောင်းပြီး ထိပ်တန်းသိုင်းပညာရှင်တွေကို ခေါ်ယူတယ်၊ တစ်လမ်းလုံး နည်းပရိယာယ်အမျိုးမျိုး သုံးတယ်၊ ခရီးစဉ် အပြောင်းအလဲကို မြောင်းဆန်အောင် ပြောင်းပစ်တယ်၊ အကျဉ်းရထား အတုတွေကိုလည်း ဟန်ပြလုပ်ထားသေးတယ်၊ ဒါကြောင့်မို့ ဆရာမကြီးရင်းဆန်းကွေးမှုတို့ အဖွဲ့ဟာ မှန်းချက်နဲ့ နှမ်းထွက် မကိုက်ဘဲ အမောသာ အဖတ်တင်ခဲ့ကြရတယ်"

"ခု ဖေဖေရောက်လာပြီပဲ၊ ဒီကောင်တွေပြေးလို့ မလွတ်တော့ပါဘူး .... "

ရှောင်လင်စကားကြောင့် ရှောင်ယွင်ချင် ရုံ့မဲ့သွားသည်။

"အဖေ့မျက်နှာကို ချေပြားလာဇပ်မနေနဲ့၊ ငါကိုယ်တိုင်လည်း အရှုံးဖြစ်ခဲ့ရတာတွေ ရှိသေးတယ်"

"ဘယ်လိုများ အရှုံးဖြစ်ခဲ့ရတာလဲ ဆရာကြီး၊ သိခွင့်ရှိရင် သိပါရစေ .... "

ရင်းလိုကြူက ဝင်မေးသည်။ ရှောင်ယွင်ချင်က ....

"ဟာ .... ပြောရမှာပေါ့။ ဒါမှ ဒီကောင်တွေ ဘယ်လိုဉာဏ်များတယ်ဆိုတာ ဒီကမိတ်ဆွေတွေ သိကြမှာပေါ့"

ရှောင်ယွင်ချင်က ....

"ဒီကနေ ခြောက်မိုင်လောက်ဝေးတဲ့နေရာမှာ အဲဒီဆိပ်ကမ်းရှိတယ် .... "

ရှောင်လင်က ဝင်မေးပြန်၏။

"ဒီတော့ ဖေဖေ ဘယ်လိုထပ်စီစဉ်သလဲ"

"ဖေဖေနဲ့ ရင်းဆန်းကွေးမူတို့က ဝမ်ပိုင်ကိုသွားတဲ့အုပ်စုနောက်ကို လိုက်တယ် .... "

"အို .... အစီစဉ်က ဘယ်လိုပြောင်းသွားပြန်တာလဲ .... "

ရှောင်လင်ကမျက်မှောင်ကြုတ်ပြီး မေးသည်။ ရှောင်ယွင်ချင်က

"ဒီလိုကွယ်၊ မန်ချူးစစ်သည်အုပ်စုနှစ်စု ခွဲသွားတဲ့နေရာမှာ ဝမ်ပိုင်ကို သွားတဲ့အုပ်စုက လူပိုများတယ်၊ အဲဒီအုပ်စုမှာ မြူလိုင်းတပ်ဝင်းကြီးနဲ့ လားမားနှစ်ဦးပါနေတယ်၊ တူတူဘက်ကိုသွားတဲ့အုပ်စုမှာ အဆင့်မြင့်သိုင်းသမား သိပ်မပါဘူး၊ ဒါနဲ့ ဝမ်ပိုင်ကိုလိုက်တာ"

"အကျဉ်းရထားကိုကော သေသေချာချာ တွေ့လို့လား"

ဝမ်ယွင်ချောင်က ဝင်မေးသည်။ ရှောင်ယွင်ချင်က ခေါင်းခါပြီး ဖြေသည်။

"သေသေချာချာတော့ မတွေ့ရဘူး၊ အလှမ်းဝေးလို့ ပိုးတိုးဝါးတားပဲ၊ မြူလိုင်းတပ်ဝင်းတို့ ပါနေတယ်ဆိုတာက ရင်းကြယ်ဟော့ ပို့ထားတဲ့ သတင်း"

"ဖေဖေပြောတာ ပြတ်တောက်ပြတ်တောက်နဲ့ မှားထောင်ရတဲ့လူတွေ အားမရဘူး"

ရှောင်လင်က ရယ်ပြီး လောဆော်သည်။

ရှောင်ယွင်ချင်က သမီးဖြစ်သူအား ခွင့်လွှတ်သောအပြုံးဖြင့်

ရှောင်ယွင်ချင်က စကားကိုရပ်ပြီး ဟိုဟိုသည်သည် လှည့်ကြည့်သည်။ ရှောင်လင်က ....

"ဖေဖေကလည်း စကားပြောရင် ဘယ်တော့မှ လိုရင်းကို မပြောဘူး .... "

ရှောင်ယွင်ချင်သည် ရှောင်လင်ကို အတော်ကလေး ခွင့်လွှတ်ထားရဟန် တူသည်။ ဝမ်ယွင်ချောင်တို့သည် ဘေးမှပြုံးမိကြ၏။

"အေးပါ၊ ဖေဖေ ပြောမှာပဲ၊ အဲ .... တစ်နေ့တော့ အရေးကြီးတဲ့ သတင်းတစ်ခုကို ရခဲ့တယ် .... "

"ဘာသတင်းလဲ၊ အကျဉ်းရထားရှိနေတဲ့ သတင်းလား"

ရှောင်လင်၏အမေးကို ရှောင်ယွင်ချင်က ပြုံး၍ ဖြေသည်။

"အေး .... အကျဉ်းရထား သတင်းပဲ၊ ဆက်သွယ်ရေးသမားက မန်ချူးစစ်သည်တွေနဲ့ အကျဉ်းရထားကို ခိုင်းဟုန်းမှာ တွေ့ခဲ့တယ်လို့ သတင်းပို့တယ်၊ ဒါနဲ့ ရင်းဆန်းကွေးမူနဲ့ တိုင်ပင်ပြီး ခိုင်းဟုန်းကိုလိုက်တယ်၊ အကျဉ်းရထားက တူတူဆိပ်ကမ်းကနေ မြစ်ကိုဖြတ်ပြီး မြောက်ဘက်ကို သွားလိမ့်မယ်လို့ တွေးထားတာ၊ ဒါကြောင့် ဧင်ဗျားတို့ကို ဒီမှာဆုံဖို့ ဂိုဏ်းစောင့်ရှောက်ရေးမှူးကြီး ချွန်ယောင်ကို လွှတ်ပြီး အကြောင်းကြားရတာပဲ၊ ချွန်ယောင်ထွက်သွားပြီး မကြာခင်မှာ မန်ချူးစစ်သည်တွေကို တွေ့ရတယ်၊ ကျွပ်တို့ နောက်ယောင်ခံလိုက်နေတုန်း မန်ချူးစစ်သည်တော်တွေ အုပ်စုနှစ်စု ခွဲထွက်သွားတယ်၊ တစ်စုက တူတူဆိပ်ကမ်းကို ဦးတည်သွားတယ်၊ တစ်စုက ဝမ်ပိုင်ဆိပ်ကမ်းကို ဦးတည်သွားတယ်"

"ဝမ်ပိုင်ဆိပ်ကမ်းက ဘယ်နေရာမှာလဲ"

ဝမ်ယွင်ချောင်က မျက်မှောင်ကြုတ်ပြီးမေးသည်။

ကြည့်သည်။

"ဒါနဲ့ ဝမ်ပိုင်ဘက်ကိုလိုက်တယ်၊ မန်ချူးစစ်သားတွေက ဝမ်ပိုင်မရောက်ခင် သရိုင်းကုန်းတကုန်းမှာ စတည်းချ ရပ်နားတယ်၊ အဲဒီကျမှ အကျဉ်းရထားကို သေသေချာချာ တွေ့ရတယ်၊ အဲဒီမှာပဲ သူတို့ ရွက်ဖျင်တဲတွေ ထိုးတယ်၊ ညစာအတွက် ချက်ပြုတ်ကြတယ်၊ ဒါနဲ့ ကျုပ်နဲ့ရင်းဆန်းကွေးမူတို့ ထပ်ပြီးတော့ တိုင်ပင်ကြတယ်၊ မိုးချုပ်တာနဲ့ မီးလောင်တိုက်သွင်းပြီးဝင်စီးဖို့ ဆုံးဖြတ်ကြတယ်"

"မိုးလည်းချုပ်ရော ရှေ့တော်ပြေး လက်နက်မဲ့ နဂါးသတ်သမား ရင်းကြယ်ဟော့ ရောက်လာတယ် .... ပေးတဲ့သတင်းကတော့ ရန်သူစခန်းတစ်ခုလုံး ထူးထူးခြားခြား ငြိမ်သက်နေသတဲ့၊ ညနေဘက်က တောင်ကုန်းတွေပေါ်မှာ စောင့်နေတဲ့ကင်းတပ်သားတွေကိုလည်း တစ်ယောက်မှ မတွေ့ခဲ့ရဘူးတဲ့၊ ဒါနဲ့သတ်မှတ်ချိန်မတိုင်ခင်မှာပဲ မန်ချူးစခန်းကို မီးရှို့ပြီး ဝင်စီးတယ်၊ ရင်ဆန်းကွေးမူနဲ့ အမျိုးသမီး သူရဲကောင်းတွေက မြောက်ဘက်က ဝင်တယ်၊ ကျုပ်နဲ့ရင်းကြယ်ဟော့က တောင်ဘက်က ဝင်တယ်၊ ဒီတော့မှ ကျုပ်တို့ ခဲလေသမျှ သဲရေကျရတော့တာပဲ .... "

"ဘာဖြစ်လို့လဲ ဖေဖေရဲ့ .... "

ရှောင်လင်က တအံ့တသြမေးသည်။ ရှောင်ယွင်ချင်က သက်ပြင်းချပြီး ဖြေသည်။

"ရန်သူစခန်းထဲမှာ ရန်သူတစ်ယောက်မှ မရှိတော့လို့ပေါ့ကွာ"

ရှောင်ယွင်ချင်က သူ အရှုံးလုပ်ခံခဲ့ရသည်ကို ပြောသည်။ ယခု သေချာစွာ သိရပြီ။ ကွန်လုဂိုဏ်းချုပ်ကြီးတို့မှာ အမှန်တကယ် အရှုံးလုပ်ခံခဲ့ကြရပြီ။

ရှောင်ယွင်ချင်က မချိုပြုံး ပြုံးပြီး တစ်လုံးချင်း ဆက်ပြောသည်။

"ဒါနဲ့ ဝမ်ပိုင်ဘက်ကို တရကြမ်း လိုက်ခဲ့တယ်၊ ဝမ်ပိုင်ဆိပ်ကမ်း မရောက်ခင် တစ်ဗိုင်လောက်အလိုမှာ မန်ချူးစစ်သည်တွေကို မီလာတယ်၊ ဒါပေမယ့် ကျုပ်တို့ ဒုတိယအကြိမ်မြောက် အလိမ်ခံခဲ့ရပြန်တယ် .... "

"ဘယ်လို အလိမ်ခံရတာလဲ ဆရာကြီး"

ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်က တစ်ပြိုင်နက် မေးသည်။

ရှောင်ယွင်ချင်က မသက်မသာ အမူအရာနှင့်ဖြေသည်။

"အကျဉ်းရထားဟာ လူမပါတဲ့ ရထားအတု ဖြစ်နေလို့ပေါ့"

"ကောင်းရော၊ ဖေဖေလုပ်လိုက်ရင် မသေမချာ မရေမရာချည်းပဲ .... "

ဤကဲ့သို့သော ဝေဖန်ချက်မျိုး သိုင်းလောကထဲမှ မည်သည့် သိုင်းသမားမျှ ပေးရဲလိမ့်မည် မဟုတ်ချေ။ သူမက ဆက်ပြောသေးသည်။

"အကျဉ်းရထားထဲမှာ အကျဉ်းသား ပါ၊မပါဆိုတာကို ဖေဖေ စစ်ဆေးဖို့ ကောင်းတာပေါ့"

ရှောင်ယွင်ချင်က သမီးဖြစ်သူကို ဂရုမစိုက်ပေ။ ဝမ်ယွင်ချောင်တို့ကိုသာ ရှင်းပြသည်။

"အကျဉ်းရထားထဲမှာ အကျဉ်းသားတွေ တကယ် ပါ၊မပါဆိုတာ ဘယ်သူမှ အနီးကပ် စစ်ဆေးခွင့်မရပါဘူး၊ အနီးကပ်ခွင့်ရရင် အစောကြီးကတည်းက ကယ်တင်နိုင်တာပေါ့"

"အဲဒီနောက် ဘာတွေ ထပ်ဖြစ်သေးသလဲ"

ရင်းလီကြူက လှမ်းမေးသည်။ ရှောင်ယွင်ချောင်က ....

အခန်း(၆၀)

ဂေဟာတွင်း တိုက်ပွဲ

"ဖေဖေ .... ခု အကျဉ်းရထားကကော အစစ်ဆိုတာ သေချာရဲ့လား .... "

ရှောင်လင်၏အမေးကြောင့် ရှောင်ယွင်ချင် တွေဝေသွားသည်။

"အတုတော့ မဖြစ်နိုင်ဘူးထင်တယ်"

ဖြေသာဖြေသည် ရင်းထဲတွင်ကား မသေချာမရေရာ၊ အဘယ်မှာလျှင် သေချာနိုင်မည်နည်း။

အကျဉ်းရထားပတ်လည်တွင် လက်ချင်းဆက်မျှ အစောင့်အကြပ် ထူထပ်စွာချထားသည် မဟုတ်ပါလော။

ဝမ်ယွင်ချောင်က စဉ်းစဉ်းစားစားအမူအရာနှင့် လှမ်းမေးပြန်သည်။

"ဆရာကြီးခင်ဗျာ .... ကျွန်တော်တို့ ဘယ်အချိန်မှာ စပြီးလှုပ်ရှားမလဲ၊ ဆရာကြီး ရင်ဆန်းကွေးမုန့်ကော ဘယ်လိုဆက်သွယ်ကြမလဲ"

"ကျုပ်စဉ်းစားမိတာက လူခွဲပြီး တိုက်တာထက် လူစုပြီးတိုက်

"အဲဒီနောက်မှာ ထမ်းစင်နဲ့လိုက်လာတဲ့ လားမားနှစ်ဦးရဲ့ မြှုလှိုင်းတံငါတို့ဟာ ထမ်းစင်ပေါ်က ခုန်ချပြီး ထွက်ပြေးကြတယ်၊ တူတူကို ဦးတည်ပြီး ပြေးတာပဲ"

"အင်း .... သူတို့လုပ်ပုံက ကျွားကို တော့ပြောင်းစေတဲ့နည်းပဲ"

ရင်းလီကြူက မှတ်ချက်ချသည်။

ရှောင်ယွင်ချင်က ခေါင်းညိတ်ပြီး ....

"ဟုတ်တယ်၊ ဒီကောင်တွေ ပရိယာယ်များတာတော့ ကြားတဲ့အတိုင်းပဲ၊ ဒါနဲ့ ကျုပ် ဒီကိုဆက်လိုက်ခဲ့တာ၊ ဒီကောင်တွေမြစ်ကို ဖြတ်မကူးသေးဘူးဆိုတော့ ကံကောင်းတယ်လို့ ဆိုရမလားပဲ၊ ဟင်း .... "

ရှောင်ယွင်ချင်သည် စိတ်မောသွားဟန်နှင့် သက်ပြင်းရှည်ကြီး ချလိုက်သည်။ ဟုန်ဟုန်က မေးသည်။

"ဆရာမကြီးရင်းဆန်းကွေးမုတို့ဘာဖြစ်လို့မလာကြသေးတာလဲ"

"ရန်သူ သိသွားမှာစိုးလို့ပါ၊ သူတို့ တူတူဆိပ်ကမ်းနားက ထင်းရှူးတောထဲမှာ ရှိနေပါတယ်၊ ရန်သူတွေဟာ ပတ်ဝန်းကျင်ကို မျက်စိခေါက်ထောက်ကြည့်နေကြတာဆိုတော့ သူတို့ ပြောင်ပြောင်တင်းတင်း လာမစုရဲဘူးပေါ့"

ရှောင်ယွင်ချင်ပြောသည့်စကားအရ မျိုးချစ်အင်အားစုအားလုံးဤတည်းခိုဂေဟာ လာစုကြမည့်သဘောမျိုး ဖြစ်နေသည်။ ကောင်းသည်။ မန်ချူးစစ်သားများနှင့် မျိုးချစ်တော်လှန်ရေးသမားများသည် ဤဂေဟာ၌ တိုက်ပွဲဆင်ကောင်းဆင်ရဲကောလည်။

တာက ပိုကောင်းမယ် ထင်တယ်၊ ဒါမှ လူအင်အားကောဝ စိတ်ခွန်အား ပါ ပိုပြီးကောင်းမယ်၊ ဒီတော့ သူတို့ ဒီကိုလာပေါင်းဖို့ ကျွပ်ကိုယ်တိုင် အကြောင်းသွားကြားမယ်"

ရှောင်ယွင်ချင်သည် ကုလားထိုင်ကို ရှေ့ကိုတိုးရွှေ့ပြီး တိုးတိုး ပြောပြန်သည်။

"အပေါ်ယံကြည့်ရင် ရန်သူအင်အားများတာ မှန်တယ် .... ဒါပေမယ့် တကယ်အစွမ်းထက်တဲ့ သိုင်းပညာရှင်က သုံးယောက်တည်း ဗျ၊ ဒီတော့ ကျွပ်နဲ့ ရင်းဆန်းကွေးမှက လားမားနှစ်ဦးကို ရင်ဆိုင်မယ်၊ ကျန်တဲ့တစ်ယောက်ကို ဘယ်သူ့ကို တာဝန်ပေးရင်ကောင်းမလဲ .... ဒီဘက်ကအပိုင်းကို ကျွပ် မသိဘူး"

"ကျွန်တော် တာဝန်ယူတယ်"

ရှောင်လင်းက ခပ်တည်တည်ပင် ပြောသည်။

ရှောင်ယွင်ချင်းက မျက်မှောင်ကြုတ်ပြီး ....

"သမီး .... အေးအေးနေစမ်း .... လူကြီးတွေစကားပြောနေရင် ဝင်မရွှပ်စမ်းနဲ့ .... "

ရှောင်လင်ရှဲ့မဲ့သွားသည်။

ဝမ်ယွင်ချောင်သည် ဤအချက်ကို သဘောပေါက်သည်။

ရှောင်လင်သည် ပညာထူးချွန်သူဖြစ်သော်လည်း ဤလားမား ကို ယှဉ်ပြိုင်ရန် မဖြစ်နိုင်သေးပါ။

ရှောင်ယွင်ချင်သည် အတန်ကြာအောင် စဉ်းစားနေရာမှ ဝမ်ယွင်ချောင်ကို လှမ်းပြောသည်။

"ရင်းဆန်းကွေးမှက ခင်ဗျားဟာ သိုင်းပညာမတတ်ပေမယ့် အတွင်းအား အင်မတန်ကြီးသူလို့ပြောတယ်၊ ခင်ဗျားရဲ့အတွင်းအားကို

နာမည်ကျော် အဆင့်မြင့်သိုင်းပညာရှင်တွေတောင် မယှဉ်နိုင်ဘူးလို့ ပြောတယ်၊ အဲဒါ ဟုတ်သလား"

"ဟုတ်ပါတယ် .... ကျွန်တော့်အတွင်းအားဟာ ရှောင်လင် ကျောင်းထိုင်တွေကိုတောင် ယှဉ်နိုင်ခဲ့ပါတယ် .... သိုင်းကွက်တော့ ကျွန်တော် ဘာမှမသိဘူး .... အတွင်းအားပညာကြောင့် အခုအထိ အသက်ရှင်နေခဲ့တာပဲ .... "

ရှောင်ယွင်ချင်သည် ဝမ်ယွင်ချောင်ကို အတန်ကြာစူးစိုက်ကြည့် နေသည်။ တစ်စုံတစ်ခုကို ချိတုံချတုံ ဖြစ်နေပုံရသည်။ သူ ဘာတွေ စဉ်းစားနေသည်ကို ဝမ်ယွင်ချောင် မသိပါ။ သူ့အား ဂိုဏ်းချုပ်ကြီးတစ် ဦးက စူးစူးစိုက်စိုက် အကဲခတ်နေသဖြင့် နေမထိ ထိုင်မသာ ဖြစ်နေ သည်။

အတန်ကြာသော် ရှောင်ယွင်ချင်သည် တစ်စုံတစ်ခုကို ဆုံးဖြတ် လိုက်ဟန်ဖြင့် ယတိပြတ် ပြောသည်။

"ကျွပ် တစ်ခုမေးမယ်၊ မောင်ရင်ဟာ မန်ချူးတော်လှန်ရေး အတွက် မောင်ရင့်ဘဝကို ပေးလှူထားသလား"

ဝမ်ယွင်ချောင်မှာ ထိုမေးခွန်းကြောင့် စိတ်မသက်မသာဖြစ် သွားသည်။ သူသည် ကျောင်းမှထွက်လာပြီးကတည်းက သူ့အသက်ကို ဤအရေးတော်ပုံကြီးတွင် မြှုပ်နှံခဲ့သည် မဟုတ်ပါလော။

"ကျွန်တော့်ဘဝကို ပေးလှူထားပါတယ်"

ဝမ်ယွင်ချောင် ဒါပဲ ပြောသည်။

"ကောင်းပြီ၊ ကျွပ်တို့မှာ အစဉ်အလာမရှိဝ, အလုပ်တစ်ခုကို ကျွပ်လုပ်တော့မယ်၊ ကျန်လုဂိုဏ်းရဲ့ သိုင်းကွက်ေ ့ထဲက ခွေးရိုက် တုတ်သုံးကွက်ကို ကျွပ် သင်ပေးမယ်၊ ဒါဟာ ဟန်ဝ ့တ်တွေအတွက်

ကျုပ်စွန့်စားလိုက်တာပဲ၊ ကဲ .... အားလုံး သည်ပြင်အခန်းကိုရောင်းကြ"

အားလုံး အံ့အားသင့်သွားကြသည်။ သို့သော် အရေးကြီးမှန်း သိသဖြင့် အားလုံးပင် ပြတင်းပေါက်များမှ အလျှိုလျှိုခုန်ဆင်းသွားကြလေ၏။

ဝမ်ယွင်ချောင်နှင့် ရှောင်ယွင်ချင်တို့သည် ထမင်းအိုးနှစ်အိုး ကျက်ခန့်ကြာသွားပြီဖြစ်သော်လည်း အတွင်းခန်းထဲမှ ထွက်မလာသေးချေ။

နောက်ထပ် ကွမ်းတစ်ယာညက်ခန့်ကြာသောအခါမှ ဝမ်ယွင်ချောင်နှင့် ရှောင်ယွင်ချင်တို့ ပြန်ထွက်လာကြသည်။

ဝမ်ယွင်ချောင်သည် ထူးခြားစွာ ပြုံးရွှင်နေသည်။ တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေသည်။ ဝမ်ယွင်ချောင်သည် ယခုမှ သိုင်းသမားပီပီသသ ဖြစ်သွားတော့သည်။

ဟုန်ဟုန်သည် လင်ကြူဆရာကြီးထံမှ သိုင်းပညာများကို နှစ်နှင့်ချီ၍ သင်ယူခဲ့ရသည်။

"ထမင်းအိုးနှစ်အိုးကျက် အချိန်ကလေးအတွင်းမှာ အစွမ်းထက်တဲ့ သိုင်းကွက်တွေကို တတ်မြောက်နိုင်ပဲ့မလား၊ တတ်ရင်ကော ဘယ်လောက် အစွမ်းထက်မှာမို့လို့လဲ"ဟု တွေးနေသည်။

ဟုန်ဟုန်သည် အလိုက်သိစွာပင် ဘာမျှ မမေးတော့ချေ။

စင်စစ် ကျန်လုပိုက်ချပ်ကြီး ရှောင်ယွင်ချင်သည် သူ၏နာမည်ကျော် တိုက်ကွက်ကြီး သုံးကွက်ကို ဝမ်ယွင်ချောင်အား သင်ပေးခဲ့ခြင်း ဖြစ်သည်။ ဝမ်ယွင်ချောင်သာ ကိုးနဝင်းအတွင်းအား သိုင်းပညာကို တတ်မြောက်မထားလျှင် ဤသိုင်းကွက်များကို ဤမျှ အချိန်တိုတိုနှင့် သင်ကြားနိုင်လိမ့်မည် မဟုတ်ပေ။

ရှောင်ယွင်ချင်က ....

"ကဲ .... ကျုပ်ရင်းဆန်းကွေးမူတို့ကို သွားပြီး အကြောင်းကြားဦးမယ် .... မောင်ရင်ကတော့ အစီအစဉ်အတိုင်း ဦးဆောင်ပါ၊ ဝိုဏ်းစောင့်ရှောက်ရေးမှူး ချန်ယောင်နဲ့ ရှောင်လင်တို့က မောင်ရင်လိုအပ်သလို ကူညီကြပါလိမ့်မယ် .... "

ရှောင်ယွင်ချင် အပြင်ထွက်ရန် ဟန်ပြင်စဉ်မှာပင် ချန်ယောင်သည် အပေါက်ဝမှ သုတ်ခြေတင် လျှောက်လာသည်။

"ဆရာကြီး အခြေအနေတော်တော်ဆိုးနေတယ်ခင်ဗျ"

ရှောင်ယွင်ချင်သည် တံ့ခနဲ ရပ်သွား၏။

"ဘာတွေ အခြေအနေဆိုးနေတာလဲ၊ ရှင်းရှင်းပြောစမ်းပါ"

ရှောင်ယွင်ချင်က ပြန်မေးသည်။

"အကျဉ်းသားတွေ ထည့်ထားတဲ့ မြင်းရထားကို ဂေဟာရှေ့မြေကွက်လပ်အလယ်တည့်တည့်မှာထားပြီး ဘေးပတ်လည်မှာ မန်ချူးစစ်သားတွေ လက်ချင်းယှက်စောင့်နေကြတယ်ခင်ဗျ"

"ဟေ .... သူတို့ ဒီလောက်တောင် လုပ်ထားကြသလား"

ရှောင်ယွင်ချင်သည် ဝမ်ယွင်ချောင်နှင့်အတူ ပြတင်းတံခါးမှ အပြင်ကို ချောင်းကြည့်သည်။

ချန်ယောင်ပြောသည့်အတိုင်းပင် ဖြစ်နေသည်။

ဤအတိုင်းဆိုလျှင် ဘယ်ကျော်ရွှေဓား ကွမ်းရင်းဆန်တို့ကို ကယ်ဖို့ မလွယ်လှချေ။ ကိုယ်ဖော့ပညာနှင့် အကျဉ်းရထားပေါ် ခုန်တက်လျှင်လည်း ရန်သူက မြားနှင့်ဝိုင်းပစ်မှာ သေချာသည်။

ရှောင်ယွင်ချင်သည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ မကျေမနပ် ရေရွတ်လိုက်သည်။

"တော်တော် ဝိရိယကောင်းနေကြတယ်၊ အေး .... ကြည့်ကြ သေးတာပေါ့၊ မင်းတို့ပဲ ကောင်းနိုင်မလား။ ငါတို့ကပဲ လုနိုင်မလားဆို တာ .... "

ရှောင်ယွင်ချင်က တက်တစ်ချက်ခေါက်ပြီး ဝမ်ယွင်ချောင်ကို လှမ်းပြောသည်။

"ကျုပ် ရင်းဆန်းကွေးမှတို့ဆီ သွားမယ်၊ အကျဉ်းရထားကို စောင့်ရှောက်ကြည့်နေပါ၊ လားမားသုံးဦးကို ကျုပ်တို့ရောက်မှ လူခွဲ တိုက်မယ်၊ မြူလွိုင်းတံငါအဘိုးကြီးနဲ့ မန်ချူးစစ်သားတွေကိုတော့ ကျုပ်သမီးနဲ့ အမျိုးသမီးအုပ်စုကို တာဝန်ပေး တိုက်ခိုက်မယ် .... "

ရှောင်လင်းသည် သူအား သမီးဟု မကြာခဏ သုံးနှုန်းနေသဖြင့် စိတ်ဆိုးမာန်ဆိုး ဖြစ်လာသည်။

"ဖေဖေ ဘာလဲဗျ .... ကျုပ်သမီး ကျုပ်သမီးနဲ့ ကျွန်တော် ယောကျ်ားလေးဆိုတာ မမေ့နေသလား"

ဟုန်ဟုန်တို့သည် ရှောင်လင်းကို ယောကျ်ားလေးမဟုတ်မှန်းကို သိနေကြသော်လည်း သူမ စိတ်ကျေနပ်စေရန် ထိုကိစ္စကို ထုတ်ဖော် မပြောကြတော့ပေ။ ရှောင်ယွင်ချင်သည် သမီးဖြစ်သူကို မျက်စောင်း လှမ်းထိုးလိုက်ပြီး အပြင်သို့ ခုန်ထွက်သွားလေသည်။

ရှောင်ယွင်ချင်က စောင့်ကြည့်နေပါဟု ဆိုသည်။ တကယ်တမ်း စောင့်ကြည့်နေသူများအဖို့မူ အသည်းတယားယားဖြစ်နေကြသည်။ သူတို့သည် မန်ချူးစစ်သားများကို မကြောက်ရွံ့ချေ။ တိဗက်လားမား များနှင့် မြူလွိုင်းတံငါ အဘိုးကြီးတို့ကိုသာ အရေးထားသည်။

ဝမ်ယွင်ချောင်သည် ဦးကြီး ကွမ်းရင်းဆန်အတွက် စိတ်ပူနေသူ ဖြစ်၏။ ဟုန်ဟုန်က သူမ၏အဘို့ ဆင့်ခြင်းလုံရွင်အတွက် စိတ်ပူနေသူ

ဖြစ်၏။ ထို့ပြင် သူတို့အနီး၌ ရှိနေသည့် ရှောင်လင်းနှင့် ကျန်းလုဂိုဏ်း၏ စောင့်ရှောက်ရေးမှူး ဆွန်ယောင်တို့သည် အားထားရလောက်သူများ ဖြစ်နေ၏။

ဝမ်ယွင်ချောင်သည် အခွင့်အရေးရပါက မန်ချူးတို့အား ဝင် တိုက်ပြီး အကျဉ်းသားနှစ်ဦးကို ဝင်လုမည်ဟု ဆုံးဖြတ်ထားလေသည်။

သူတို့သည် ရှောင်ယွင်ချင်ပြန်အလာကို စိတ်မရှည်စွာ စောင့် ဆိုင်းနေကြရလေ၏။ ထမင်းအိုး တစ်လုံးကျက်ခန့်အကြာတွင် ....

"ဟိုမှာ ကြည့်စမ်း၊ အိန္ဒိယပြာ မီးကျည်တန်းနှစ်ခု"

ရှောင်လင်း၏အသံကြောင့် အားလုံးအပြင်သို့ လှမ်းကြည့်လိုက် ကြသည်။ မီးကျည်တန်းနှစ်ခုသည် မိုးပေါ်သို့ တက်သွားပြီး လင်းထိန် သွားသည်။

ရှောင်လင်းက ထိုမီးကျည်နှစ်ခု၏အဓိပ္ပာယ်ကို ဘာသာပြန် လိုက်၏။

"ဒါ မန်ချူးတွေကို တိုက်ဖို့ အချက်ပေးတာပဲ"

သူမ၏စကားက ဝမ်ယွင်ချောင်တို့အား အကြိုက်တွေ့သွားလေ ၏။ ဝမ်ယွင်ချောင်က ဆွန်ယောင်ကိုကြည့်ပြီး ....

"နောင်တော်ကြီး လိုအပ်သလို အမိန့်ပေးပါ"ဟု ပြောသည်။

ဆွန်ယောင်က ....

"ကျုပ်က ဇည့်သည်ပါ သခင်လေး .... သခင်လေးပဲ ဦးစီး ဦးဆောင်လုပ်ပါ .... "

ဝမ်ယွင်ချောင်သည် မည်သို့မျှ စောဒကတက်မနေတော့ဘဲ 'အားလုံးတက်'ဟု အော်လိုက်သည်။

မြန်သည်။ သူတို့အားလုံး တတိယအဆောင်ဝင်းထဲရောက်လာ

"ငါ့နယ် ရွှေငါးတွေနဲ့ ပင်လယ်လိပ်ကြီးတွေလား အောက်မေ့တယ်၊ ချောင်းကြို မြောင်းကြားက ငါးခူလေးတွေကိုး။ ဟား ဟား ဟား"

ရှောင်လင်က လှမ်းအော်၏။

"မြောင်းကြို မြောင်းကြားက ငါးမျှားစားနေတဲ့ တံငါဝိန်က ဘကြီးကြီးကျယ်ကျယ် ပြောနေတာလဲ"

မြူလွိုင်းတံငါအဘိုးကြီးသည် ရှောင်လင်ကို သူငယ်နှပ်စားကလေးသဖွယ် သဘောထားပြီး ရယ်မောလေ၏။

"ငါ့နယ် အော်ကျယ်အော်ကျယ်လုပ်နေလို့ ကမ္ဘာလိပ်ကြီးများလားလို့ လက်စသတ်တော့ ငါးဖားလောင်းလေးကိုး။ ဟား ဟား ဟား"

ပြောရင်းဆိုရင်း သံမဏိ ငါးမျှားတံ ဝင်းခနဲ လက်သွားသည်။

ရှောင်လင်ကား ပုံလွှားထက် မြန်သည်။ ငါးမျှားတံ ရိုက်ချက်ကို ရှောင်ပြီး သံမဏိကျာပွတ်ကို တဝီဝီမြည်အောင် ဝှေ့ယမ်းသွားသည်။

သံမဏိကျာပွတ်ဖျားသည် အဘိုးကြီးခေါင်းပေါ် ရောက်သွားသည်။

မြူလွိုင်းတံငါအဘိုးကြီးသည် ရှောင်လင်ကို ပေါ့ပေါ့ဆဆ သဘောထားမိသဖြင့် ကျာပွတ်ရိုက်ချက်ကို မရှောင်နိုင်ဘဲ ဖြစ်သွားသည်။

သည်။ ထိုမှ ဒုတိယအဆောင်ရှေ့ရှိ ကွက်လပ်ထဲသို့ ချဉ်းကပ်လာကြသည်။ အကျဉ်းရထား ရှိနေသည့် ကွက်လပ်တွင် မန်ချူးစစ်သည်ဆို၍ တစ်ယောက်မျှ မရှိတော့ချေ။ မည်သည့်အချိန်က ဆုတ်ခွာသွားမှန်း သူတို့ လုံးဝမသိလိုက်ပေ။ ချန်ယောင်က သတိပေးသည်။

"သခင်လေး မလောနဲ့နော် သိလား .... "

သတိပေးသံ မဆုံးခင်မှာပင် ဒုတိယအဆောင်ထဲမှ မြားသံများ တရှိုးရှိုး ထွက်လာ၏။ ဝမ်ယွင်ချောင်တို့အားလုံး ရှိသမျှ လက်နက်များဖြင့် ရေပက်မဝင်အောင် ဝှေ့ယမ်းနေကြရလေသည်။

ဝမ်ယွင်ချောင်သည် မြားတံများ ထွက်လာသည့်နေရာသို့ လှမ်းကြည့်ပြီး မြေပြင်တွင် ဒိုးလိမ့်သလို လိမ့်သွား၏။ ထို့နောက် အဆောင်တံခါးကို တဝုန်းဝုန်းကန်ပစ်လိုက်သည်။

တံခါးကြီး ပွင့်ထွက်သွားသည်နှင့် မန်ချူးမြားသမားများ အကြား ခုန်ဝင်ကာ အပြင်းထန်ဆုံး ကန်ကျောက်တိုက်ခိုက်တော့သည်။ မြားပစ်အား ရုတ်တရက် လျော့ကျသွားချိန်မှာပင် ....

"မြားသမားတွေ အားလုံး ရပ်ကြ" ဟူသော အမိန့်သံ ပေါ်လာသည်။ ဝမ်ယွင်ချောင် နောက်သို့ ပြန်ဆုတ်လာစဉ် မြူလွိုင်းတံငါအဘိုးကြီး ခုန်ထွက်လာသည်။ လက်ထဲတွင် ကိုင်ထားသော လက်နက်ကား သံမဏိ ငါးမျှားတံတစ်ချောင်းဖြစ်သည်။

သွေးနောက်တွင် ထောင်ထောင်မောင်းမောင်း မန်ချူးစစ်သားနှစ်ဆယ်ခန့် ပါလာသည်။ သူတို့လက်ထဲမှ မြားချောင်များသည် ဝင်းခနဲ ဝင်းခနဲ ဖြစ်နေသည်။

ဒုတိယဆောင်ရှေ့ကွက်လပ်ထဲ ရောက်သောအခါ မြူလွိုင်းတံငါအဘိုးကြီးက တဟားဟားရယ်ပြီးပြောသည်။

ဒက်ရာရသွားကြသည်။ ဝမ်ယွင်ချောင်၊ ဟုန်ဟုန်၊ ရှောင်လင်နှင့် ရင်းလီကြူတို့သည် တရကြမ်း ဝင်တိုက်တော့သည်။

ဝမ်ယွင်ချောင်သည် ရှောင်ယွင်ချင် သင်ပေးသည့် သိုင်းကွက်သုံးကွက်ကို တိတိကျကျ သုံးနိုင်နေသဖြင့် ရန်သူများ တဝုန်းဝုန်းလဲကျသေဆုံးနေကြသည်။ အတွင်းအားကြီးမားသော ဝမ်ယွင်ချောင် သုံးနေသည့် ခွေးရိုက်တုတ် သိုင်းကွက်သည် ရှောင်လင်သုံးနေသည့် ခွေးရိုက်တုတ်သိုင်းကွက်ထက် အဆပေါင်းများစွာ သာလွန်နေသည်။

ချောင်ယွင်ချင် သင်ပေးသည့် ခွေးရိုက်တုတ်သိုင်းသည် ဝမ်ယွင်ချောင်၏ ကြီးမားသော အတွင်းအားသိုင်းပညာနှင့် ပေါင်းပြီး အလွန်အဆင့်မြင့်နေခြင်း ဖြစ်၏။ ရှောင်လင်၊ ဟုန်ဟုန်၊ ရင်းလီကြူတို့ကလည်း သူ့ပညာနှင့် သူ အစွမ်းကုန်တိုက်ခိုက်နေကြသည်။

မြူလွိုင်းတံငါသည် ဓွန်ယောင်ကို ရင်ဆိုင်နေရာမှ မိမိ၏ဘက်တော်သားများ ကုန်သလောက် ရှိနေသည်ကို တွေ့ရသဖြင့် တုန်လှုပ်ချောက်ချားလာသည်။

သူသည် အဆင့်မြင့် သိုင်းပညာရှင်တစ်ယောက်ဖြစ်သော်လည်း ဓွန်ယောင်၏ တိုက်ကွက်များကို ထိတ်ထိတ်လန့်လန့် ခုခံနေရသည်။ မြူလွိုင်းတံငါ အဘိုးကြီးသည် တိုက်ပွဲအရှိန် မြင့်လာသည်နှင့်အမျှ အခက်အခဲ ပိုတွေ့လာသည်။

"မြူလွိုင်းတံငါ နိုင်ခြေမရှိရင် ဆရာကြီးကို သွားခေါ်ပါလား။ ဘယ့်နှယ်မိုက်ရူးရဲ တိုက်နေရတာလဲ"

အဆောင်ထဲမှ ပေါ်လာသော အသံကြောင့် မြူလွိုင်းတံငါအဘိုးကြီး ဒေါသစာထောင်းထောင်း ထွက်လာသည်။

အရေးထဲ တိဗက်လားများက အသားယူနေသည်။ မိမိ၏ မဟာ

'ထောက်'ခနဲ အသံနှစ်ချက် ဆက်တိုက်မြည်သွားပြီး နဖူးတွင် အစင်းရာကြီးနှစ်ချက် ပေါ်လာသည်။

ထိုအခါကျမှ မြူလွိုင်းတံငါကြီး ဒေါသထွက်တော့သည်။

မာန်သွင်းပြီး ရှောင်လင်ကို ခုန်အုပ်သည်။

ရှောင်လင်က လှစ်ခနဲ ရှောင်ထွက်သွား၏။ ထိုအချိန်တွင် ဓွန်ယောင်က သူ့ရှေ့ကို ဖျတ်ခနဲ ရောက်လာသည်။

မြူလွိုင်းတံငါသည် ဓွန်ယောင်ကို ကောင်းကောင်းမှတ်မိနေသဖြင့် ဖျတ်ခနဲ နောက်ပြန်ဆုတ်လိုက်သည်။

ဓွန်ယောင်ကို တစ်ယောက်ချင်း ရင်ဆိုင်ရန် မလွယ်မှန်း သိသဖြင့် ....

"အားလုံး ဝိုင်းတိုက်"ဟု အော်ဟစ်အမိန့်ပေးလိုက်သည်။

မြူလွိုင်းတံငါကြီးနောက်မှ ကပ်ပါလာကြသော .... မန်ချူးစစ်သားနှစ်ဆယ်သည် မာန်သွင်းသံပေးပြီး တရကြမ်း ဝင်တိုက်တော့သည်။

တိုက်ပွဲကွင်းထဲတွင် လက်နက်ချင်း ရိုက်မိသံများ ဆူညံသွားသည်။ တိုက်ပွဲစပြီး ကွမ်းတယာညက်ခန့်အကြာတွင် မန်ချူးအချို့

မြူလွှိုင်းတံငါအဘိုးကြီးသည် မခံချင်စိတ်နှင့် သိုင်းအားကို မြှင့်တင်သည်။ သံမဏိ ငါးမျှားတံ လက်နက်ကို လေနီကြမ်းတိုက်သလို ဝှေ့ယမ်းပြီး ကျားဆိုးကြီးလို တိုက်လာသည်။

သို့သော် ဘယ်က ဝင်လာမှန်းမသိသော သံလျက်က ပခုံးကို ဖြတ်ချသွားသည်။

ကံကောင်း၍ ပခုံးတစ်ခုလုံး ပြုတ်ကျမသွားသော်လည်း သွေးများ ရဲခနဲဖြစ်လာသည်။ ရုတ်တရက် ဝင်လာသော ဟုန်ဟုန်လက်ချက် ဖြစ်သည်။

လင်္ကျိုး နောက်သို့ ခုန်ဆုတ်လိုက်ရသည်။ ငါးမျှားဟံလက်နက် လွတ်ကျမသွားအောင်ပင် မနည်းဆုပ်ကိုင်ထားရသည်။

အမောဖြေပြီး ခေါင်းမော့လိုက်သောအခါ မျက်စိရှေ့တွင်ရှိသော အဆောင်ခေါင်မိုးပေါ်တွင် တန်းစီရပ်နေသည့် အမျိုးသမီး သိုင်းသမားများကို တွေ့လိုက်ရသဖြင့် မြူလွှိုင်းတံငါအဘိုးကြီးမှာ အကြီးအကျယ် တုန်လှုပ်သွားသည်။

အဆောင်ခေါင်မိုးပေါ်မှ အမျိုးသမီးသိုင်းသမားများသည် ရင်းဆန်းကွေးမှုနှင့် အဖွဲ့ဝင်အမျိုးသမီးများ ဖြစ်ပေသည်။

မိတ်များ ရုံးရိပ်မြင်နေလျှင် ဝင်ကူဖို့ကောင်းသည်။ ယခုတော့ သူတို့က အပင့်အခေါ် စောင့်နေသည်။ အသားယူနေသည်။

မိမိသည် မန်ချူးဘုရင်၏အားကိုးရာ မင်းမူထမ်းအရာရှိကြီးဖြစ်သည်။ ညှဉ်သည်တော်လားမား၏ အထင်အမြင်သေးမှုကို ခေါင်းငုံ့ခံနေ၍ မဖြစ်ချေ။ မိမိ၏ပညာကို အစွမ်းကုန်ထုတ်ပြမှ ဖြစ်လိမ့်မည်။

❐○❐

ထို့ပြင် ကျန်လုဂိုဏ်းချုပ် ရှောင်ယွင်ချင်နှင့် လက်နက်မဲ့ နဂါးသတ် ရင်းကြွယ်ဟော့တို့ကိုလည်း တွေ့ရသည်။

မျိုးချစ်ဘက်၌ အင်ပြည့်အားပြည့် ဖြစ်လာချေပြီ။

မြူလွှိုင်းတံငါအဘိုးကြီးသည် အခြေအနေကိုကြည့်ရင်း အသက်ရှူကျပ်လာ၏။ ဤအတိုင်းဆိုပါက မိမိတို့ လွယ်တော့မည် မဟုတ်ချေ။

ရင်းဆန်းကွေးမူတို့သည် အရှိန်မီရောက်လာခြင်း ဖြစ်သည်။

တိုက်ပွဲ ကွင်းထဲတွင် မန်ချူးသိုင်းစစ်သည်တော်များ ကုန်သလောက် ရှိနေပေပြီ။ ကြောက်စရာကောင်းသော လားမားသုံးဦးမူ ထွက်ပေါ်မလာသေးချေ။

မြူလွှိုင်းတံငါသည် ဝမ်ယွင်ချောင်တို့နှင့် ရင်းဆန်းကွေးမူတို့ကို သည်အတိုင်း ရင်ဆိုင်၍ မဖြစ်မှန်း သိလာသည်နှင့် သဲကုန်အော်ပြီး အကူအညီ တောင်းတော့သည်။

"ဆရာကြီးတို့ အမြန်ထွက်တိုက်ကြပါ။ ရန်သူတွေအများကြီး ရောက်လာပြီ။ မြန်မြန်လာပါ။ မြန်မြန်လာပါ"

ထိုအချိန်မှာပင် ကြီးမားသော အားလှိုင်းတစ်ခုက ကိုယ်ပေါ်ဝိုကျလာသည်။ မြူလွှိုင်းတံငါ မျက်လုံးပြူးသွားသည်။ ငါးမျှားတံလက်နက်ကို ငွေ့ယမ်းလိုက်သော်လည်း ဟူးခနဲ ဝင်လာသောရိုက်အားကြောင့် နောက်သို့ ခုန်ဆုတ်လိုက်ရသည်။

သေသေချာချာကြည့်လိုက်သောအခါ မုန်တိုင်းတိုက်သလို လှုပ်ရှားနေသော ရင်းဆန်းကွေးမူကို တွေ့ရတော့သည်။

မြူလွှိုင်းတံငါ အဘိုးကြီးသည် တရကြမ်းတိုက်ခိုက်ဝင်လာသော တိုက်ကွက်များကို ကြောက်အားလန့်အား ခုခံနေရင်းက ....

"ဆရာကြီးတို့ ဝင်ကူကြပါတော့ .... ကယ်တော်မူပါ" ဟု အော်

ဟစ်လိုက်ပြန်သည်။ ထိုစဉ် ....

"ဝုန်း ...."

ရင်းဆန်းကွေးသည် မြူလွှိုင်းတံငါ အဘိုးကြီးကို မိမိရရကြီး ရိုက်မိသွားသည်။ မြူလွှိုင်းတံငါအဘိုးကြီးမှာ 'အင့်' ဟူသော အသံသာ ထွက်နိုင်ပြီး ဝုန်းခနဲ လဲကျသွားသည်။ ပါးစပ်ထဲမှ အန်ထွက်လာသော သွေးများသည် မြေပြင်တွင် ရဲရဲနီသွားသည်။ ကြည့်မြင်၍ မကောင်းတော့ပေ။

"ဟား ဟား ဟား တကယ်ကောင်းတဲ့ တိုက်ကွက်ပါလား"

အနီရောင်ဝတ်ရုံနှင့် လားမားကြီးသည် အေးစက်စက်အသံနှင့် ပြောရင်း ရင်းဆန်းကွေးမူ အနီးသို့ ရိပ်ခနဲ ကျရောက်လာသည်။

ရင်းဆန်းကွေးမူသည် လားမားကြီးကို သေသေချာချာပင် အကဲခတ်လိုက်သည်။

လားမားကြီးသည် အရပ်ရှည်ရှည် ဝိန်ဝိန်ပါးပါး ဖြစ်သည်။

အသားညိုညို မျက်လုံးအိမ်နီသည်။ အနီရောင်ဝတ်ရုံကို ဝတ်ဆင်ထားသဖြင့် သွေးလူနှင့်တူသည်။ လည်ပင်းတွင် သံမဏိနှင့်ပြုလုပ်ထားသော ပုတီးကို ဆွဲထားသဖြင့် ချောက်ချားဖွယ်ကောင်းနေသည်။

ရှောင်ယွင်ချင်သည် အခြေအနေကို အကဲခတ်နေရင်းက ရှေ့ကို တစ်လှမ်းချင်း တိုးလာသည်။

"ဆရာကြီးက အေးအေးဆေးဆေး တရားဘာဝနာ ပွားများမနေဘဲ အလယ်ပိုင်းဒေသကို ဘာလာလုပ်နေတာလဲ"

ကျန်လုဂိုဏ်းချုပ် ရှောင်ယွင်ချင်၏စကားကြောင့် လားမားကြီး ဖျတ်ခနဲ လှည့်ကြည့်သည်။ ရှောင်ယွင်ချင်သည် ကျန်လားမားနှစ်ဦးပေါ်မလာသေးသဖြင့် သတိကြီးကြီးထားနေသည်။

"တောင်မေးမြောက်မေး မေးမနေနဲ့ ခြေကုပ်မြအောင်သာနေ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်အောင် ကြိုးစား"

လားမားကြီးက လှမ်းငေါက်သည်။

တိုက်ပွဲကွင်းထဲတွင် ရန်သူဆို၍ ဤလားမားကြီးသာ ရှိတော့သဖြင့် ဝမ်ယွင်ချောင်လည်း ရှေ့ကိုတိုးလာသည်။

ဟုန်ဟုန်အပါအဝင် အမျိုးသမီးသူရဲကောင်းများသည် စက်ဝိုင်းခြမ်းသဏ္ဌာန် ဝိုင်းပြီး ရပ်လိုက်ကြ၏။ လားမားကြီးသည် အခြေအနေအားလုံးကို သိမြင်နေသော်လည်း ကြောက်ရွံ့ဟန် စိုးစဉ်းမျှမရှိချေ။

အတန်ကြာအောင် ငြိမ်ပြီး ရပ်နေရာမှ တစ်လုံးချင်း ပြောလာသည်။

"ကျုပ်နာမည်က သံကြေးမုံလားမား၊ ကျောင်းထိုင်ကြီးထင်အိရဲ့ အမိန့်နဲ့လာတာ၊ ရွှေခြူလားမားနဲ့ ငွေခေါင်းလောင်းလားမားလည်း ပါတယ်၊ ရည်ရွယ်ချက်က မိုက်မဲ ဆိုးသွမ်းနေကြတဲ့ ခင်ဗျားတို့လို တိရစ္ဆာန်တွေကို ရှင်းလင်းဖို့ပဲ .... "

ဝမ်ယွင်ချောင်က မထီလေးစား ပြန်ပြောလိုက်၏။

"ဆရာကြီး မှားနေပြီ၊ ဒါဟာ ဆရာကြီးတို့နယ်ပယ်မဟုတ်ဘူး၊ ဒါကြောင့် ကိုယ့်နယ်ကို အေးအေးပြန်ပါ။ မသေချင်ဘူးဆိုရင်ပေါ့"

"လက်ညှိုးလောက် ကောင်ကလေးက ကြီးကြီးကျယ်ကျယ် ပြောနေပါလား၊ ဝမ်ထင်ကွမ်းရဲ့သားဆိုတာ မင်းလား"

"ဟုတ်တယ်"

သံကြေးမုံ လားမား၏ မျက်လုံးအစုံသည် အရောင်တဝင်းဝင်း တောက်လာသည်။ သဘောကျ ကျေနပ်သွားသည်။

"ကောင်းတယ်၊ မင်း ခေါင်းက သူများတွေထက် တန်ဖိုးပိုရှိတယ်၊ ကဲ .... သေဖို့ပြင်ပေတော့ .... "

သံကြေးမုံ လားမားက စကားပြောနေရင်း သံမဏိစိပ်ပုတီးကို ဆွဲဖြုတ်လိုက်သည်။ ဝိုးခနဲ ဝုန်းခနဲ ယမ်းခါလိုက်သောအခါ သံမဏိကျာပွတ်သဏ္ဌာန် ဖြစ်လာသည်။

"တော်တော်ကြီးတဲ့ အားလိုင်းပဲ၊ သူ့ကို ပြိုနိုင်ရင်တော့ ဦးကြီးကွမ်းတို့ကို ကယ်နိုင်မှာ အမှန်ပဲ .... ငါ အသေခံတိုက်လို့ နှစ်ယောက်စလုံး ဒဏ်ရာရရင် ဆရာကြီး ချောင်ယွင်ချင်တို့ အကျဉ်းရထားကို အေးအေးဆေးဆေး မောင်းယူသွားနိုင်လိမ့်မယ်"

ဝမ်ယွင်ချောင်သည် အသက်ငွန့်တိုက်ခိုက်ရန် ဆုံးဖြတ်ပြီး နောက် လားမားကြီးကို လျှပ်တစ်ပြက် ခုန်အုပ်ပြီး တိုက်ခိုက်တော့သည်။ လက်ဝါးရိုက်သံနှင့် အားလိုင်းသံများ ကြောက်မက်ဖွယ်မြည်ဟည်းသွားသည်။

ဝမ်ယွင်ချောင်ကို အထင်သေးနေသော သံကြေးမုံလားမားသည် တကယ်တမ်း အားချင်းယှဉ်မိသောအခါ ဝမ်ယွင်ချောင်အား အထင်သေးရမှန်း သိသွားတော့သည်။

သို့သော် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းနေသဖြင့် သံမဏိစိပ်ပုတီး လက်နက်ကို ပခုံးတွင် ချိတ်ထားလိုက်ပြီး လက်တစ်ဖက်တည်းနှင့် ရင်ဆိုင်သည်။ ဝမ်ယွင်ချောင်အား အထင်သေးသည့်သဘောပင်တည်း။

တရားသာ အောက်မေ့ပေတော့ ....

သူသည် စကားဆုံးသည်နှင့် သံမဏိပုတီးကိုဖြုတ်ကာ ဝိုးခနဲ မြည်အောင် ဖွေယမ်းပြီး တိုက်ခိုက်သည်။ သံမဏိပုတီးသည် ကျာပွတ်ကဲ့သို့ ဝမ်ယွင်ချောင်၏မျက်နှာပေါ် ဝဲကျလာသည်။

ရှောင်ယွင်ချင်သည် အချိန်မီခုန်ဝင်ပြီး သံမဏိပုတီးလက်နက်ကို ရိုက်ထုတ်ပစ်လိုက်သည်။

ရှောင်ယွင်ချင် ဝင်၍သာ ဝမ်ယွင်ချောင်အဖို့ တော်တော့သည်။ သူသည် သွေးအန်နေရာမှ ရုတ်တရက် မထနိုင်သေးပေ။ ရှောင်ယွင်ချင်ကြောင့် သေတွင်းထဲမှ သီသီကလေးလွတ်မြောက်သွားသည်။ ရှောင်ယွင်ချင်၏တိုက်ကွက်သည် အတော်ထိရောက်သော တိုက်ကွက်ဖြစ်သည်။ သို့သော် သိုင်းလောကဓါတ်စည်းကမ်းနှင့်တော့ မညီပေ။

မန်ချူးတို့၏လက်ပါးစေများ ဖြစ်နေ၍ ဘာလုပ်လုပ် တရားသည်ဆိုသောသဘောဖြင့် ဝင်တိုက်ခြင်းသာ ဖြစ်သည်။

မမျှော်လင့်ချိန်၌ တိုက်ခိုက်လိုက်သောကြောင့် သံကြေးမုံလားမား၏လက်တစ်ဖက် ထုံကျဉ်သွား၏။ သံမဏိ စိပ်ပုတီးတွင် လွတ်ကျမတတ် ဖြစ်သွားရသည်။ ထိုအချိန်မှာပင် ရင်းဆန်းကွေးမူတို့ အုပ်စု တစ်ပြိုင်နက် ခုန်ဝင်တိုက်ခိုက်လာကြတော့၏။

စင်စစ် ရင်းဆန်းကွေးမူနှင့် ရှောင်ယွင်ချင်တို့သည် သိုင်းလောကမှ ထိတ်ထိတ်ကြဲ ပုဂ္ဂိုလ်များဖြစ်ကြသည်။ ယခုလို အများနှင့်ဝိုင်း တိုက်သောအလုပ်ကို တစ်ကြိမ်မျှ မလုပ်ခဲ့ကြ။ ယခုမူ သိုင်းစည်းကမ်းကို ချိုးဖောက်ပြီး ဝိုင်းတိုက်နေကြသည်။

အကြောင်းကား ရန်သူသည် နယ်ချဲ့မန်ချူးတို့၏လက်ပါးစေတိုင်းပြည်၏ ရန်ဆူးရန်ငြောင့်ဖြစ်နေသောကြောင့်တည်း။ တိုင်းပြည်

အခန်း(၆၂)

သံကြေးမုံ၏ရုက်စက်မှု

သံကြေးမုံလားမားသည် သူ၏အတွင်းအားများကို အပြည့်အဝ ထုတ်လိုက်၏။ ဝမ်ယွင်ချောင်ဆီသို့ တစ်ရှိန်ထိုး ခုန်ဝင်ပြီး ရိုက်သည်။

ဝမ်ယွင်ချောင်ကလည်း အားကုန်သုံးပြီး ရင်ဆိုင်သည်။

"ဝုန်း" ဟူသော အသံကြီးမြည်သွားပြီးနောက် နှစ်ယောက်စလုံး နောက်သို့ ကန်ထွက်သွား၏။ သံကြေးမုံ လားမားက သုံးလှမ်းဆုတ်ရသည်။ ဝမ်ယွင်ချောင်၏ ပါးစပ်ထဲမှ သွေးများ အန်ထွက်လာသည်။

ရင်းဆန်းကွေးမူတို့ အမျိုးသမီးအုပ်စု တစ်ခုလုံး ထိတ်လန့် တုန်လှုပ်သွားကြသည်။

သံကြေးမုံလားမားသည် ဝါစဉ်ကြီးသိုင်းသမားဖြစ်သည်။

ဝမ်ယွင်ချောင်ဆိုသူမှာ မနေ့တနေ့ကမှ သိုင်းသမားဖြစ်လာသူ ဖြစ်သည်။ သံကြေးမုံလားမားမှာ အထိနာသွားခြင်းအတွက် မချိပြုံးပြုံးသည်။

"တော်တော်ကောင်းတဲ့တိုက်ပွဲပဲ .... ဒီအကွက်ကို ဒီတစ်ခါပဲ ထုတ်နိုင်ရမယ် .... မင်းမှာ အစွမ်းရှိဦးမယ်လို့ ငါ မယုံဘူး။ ကဲ ဘုရား

လွတ်မြောက်ရေးကိစ္စတွင် တတ်နိုင်သမျှ ကြိုးစားတိုက်ခိုက်ရမည်သာ။

သံကြေးမုံ လားမားသည် ရန်သူများအလယ်တွင် စိပ်ပုတီးကို လေကြမ်းတိုက်သလို ဝေ့ယမ်းပြီး စက်ဝိုင်းကဲ့သို့ လည်ပတ်နေ၏။ လူနှင့်လက်နက် ခွဲ၍မရအောင် ရှုပ်ထွေးနေသည်။

ပြင်းထန်သော သိုင်းကွက်နှင့်အတွင်းအားများကြောင့် ရင်းဆန်းကွေးမူတို့ ထိတ်လန့်လာ၏။ ထိုအချိန်မှာပင် သံကြေးမုံလားမားက ဝိုင်းတိုက်နေသူများအကြားမှ ဝုန်းခနဲ ခုန်ထွက်သွားသည်။

ခပ်လှမ်းလှမ်းသို့ရောက်သွားသော သံကြေးမုံလားမားသည် ဝတ်ရုံအတွင်းတွင် ဝှက်ထားသည့် ရှေးကြေးမုံတစ်ချပ်ကို ထုတ်ယူပြီး ယမ်းခါလိုက်သည်။ သံကြေးမုံလားမားနောက်သို့ ထက်ကြပ်ခုန်လိုက်လာသော ရှောင်ယွင်ချင်သည် စူးရှသောအလင်းရောင်ကြောင့် မျက်လုံးများ ပျာပြီး မူးဝေသွားသည်။ သို့သော် ရင်းဆန်းကွေးမူက လျှပ်ပြက်သလိုရောက်လာပြီး အကုအညီပေးသဖြင့် ဒုက္ခရောက်မည့်ဘေးမှ လွတ်ကင်းသွားသည်။ ရှောင်ယွင်ချင်လည်းမျက်လုံးများပျာဝေနေသဖြင့် သံကြေးမုံ လားမားအနီးသို့ မကပ်ရဲတော့ချေ။

သံကြေးမုံလားမားသည် တဟားဟားအော်ရယ်နေရင်းက ....

"ဘယ်နယ်လဲကွ .... သံကြေးမုံအကြောင်း ကောင်းကောင်းသိပြီလား .... ခုနက မင်းတို့ရဲ့လှည်းဘီးတိုက်ကွက်ကို ခံလိုက်ရတာဟာ ပေါ့ဆဆလုပ်မိလို့ကွ .... မင်းတို့အားလုံး သံကြေးမုံရဲ့အစွမ်းကို ကောင်းကောင်းသိစေရမယ် .... ဟား .... ဟား"

သံကြေးမုံလားမားသည် အော်ဟစ်ကြိမ်းဝါးရင်း သံကြေးမုံလက်နက်ကို ဝေ့ယမ်းလိုက်သည်။ ထိုအချိန်မှာပင် ဆန့်ကျင်ဘက်အရပ်ဆီမှ အနီရောင်တန်းတစ်ခုသည် ဝင်းခနဲ လင်းလာပြီး သံကြေးမုံ

ပေါ် ကျရောက်လာသည်။ သံကြေးမုံသည် မီးပွင့်များ တဝင်းဝင်းဖြစ်လာပြီး မီးခိုးများ အုတက်လာသည်။ ထို့နောက် အက်ကွဲသံများ ပေါ်လာပြီးကြေမွသွားသည်။ သံကြေးမုံလားမားသည် လန့်ဖျပ်ပြီး သံကြေးမုံကိုလွှတ်ချလိုက်သည်။

"ဘယ်သူလဲကွ .... ငါ့ကြေးမုံလက်နက်ကို ဖျက်ဆီးတာ"

ထိုအချိန်မှာပင် မြင်ကွင်းထဲသို့ အနက်ရောင်မျက်နှာဖုံးနှင့် အနက်ရောင်ဝတ်စုံကို ဝတ်ထားသော အမျိုးသမီးတစ်ယောက်ပေါ်လာသည်။ ထိုအမျိုးသမီးက သံကြေးမုံလားမားကို လက်ညှိုးထိုးပြီး....

"ရှင့်လက်နက်ကို ဖျက်ဆီးတာ ကျွန်မပဲ"

သံကြေးမုံ လားမားသည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သူသည် အခြေအနေမဟန်မှန်း ရိပ်မိသည်နှင့် အကျဉ်းရထားအနီးသို့ ပြေးသွားပြီး အထဲသို့ တစ်စုံတစ်ခု ပစ်သွင်းသည်။ ထို့နောက် ကိုယ်ဖော့ပညာသုံးကာ ပြေးထွက်သွားလေတော့၏။ ဝမ်ယွင်ချောင်သည် စိုးရိမ်လွန်းသဖြင့် မြင်းရထားအနီးသို့ ပြေးကပ်ရန် ကြံစည်သည်။

"နောက်ဆုတ် .... အကုန်သေမယ်"

စူးရှသောအော်သံကြောင့် ဝမ်ယွင်ချောင် ရပ်တန့်သွားသည်။

အနက်ရောင်ဝတ်စုံနှင့်အမျိုးသမီးသည် အလွန်လျင်မြန် ဖျတ်လတ် မြင်းရထားဆီသို့ ပြေးသွား၏။ မြင်းရထား၌ တပ်ဆင်ထားသော မြင်းများကို လှန့်ထုတ်လိုက်သည်။

ဝမ်ယွင်ချောင်၏စိတ်ထဲ၌ ထိုအမျိုးသမီးသည် မြင်းရထားကို ယူပြီး ပြေးငြိုဟု ထင်မိလိုက်၏။ သူလည်း နောက်ကပြေးလိုက်ရန် ကြံစည်သည်။ ထိုစဉ် ....

"ဝုန်း .... "

အကျဉ်းရထားအတွင်းမှ ပေါက်ကွဲသံများ မြည်ဟည်းပြီး လူနှစ်ယောက် လွင့်ထွက်လာသည်။ အကျဉ်းရထားသည် အစိတ်အစိတ် အမြွာအမြွာဖြစ်ပြီး မီးလောင်သွားသည်။

ဟုန်ဟုန်သည် မြင်ကွင်းကြောင့် တုန်လှုပ်ချောက်ချားသွားပြီး 'ဘိုးဘိုး'ဟု ငယ်သံပါအောင် အော်လိုက်တော့သည်။

ဟုန်ဟုန်သည် သူမ၏ဘိုးဘိုး သေဆုံးသွားပြီကို တွေ့ရသဖြင့် အနက်ရောင်ဝတ်စုံနှင့် အမျိုးသမီးနောက်သို့ လိုက်ကာ တရကြမ်း ခုန်ဝင်တိုက်ခိုက်တော့သည်။

"မိန်းမဆိုး ကွန်မဘိုးဘိုး သေသလို ညည်းလည်းသေရမယ်"

အနက်ရောင် မျက်နှာဖုံးနှင့်အမျိုးသမီးက ဟုန်ဟုန်၏တိုက်ကွက်များကို အေးအေးဆေးဆေးပင် ရှောင်တိမ်းနိုင်သည်။

"ညည်းဘိုးဘိုးက ဘယ်သူလဲ"

"ဆင့်ခြင်းလုံရွှင်"

"ဒီလိုဆိုရင် ညည်း ဟုန်ဟုန်ပေါ့"

"ဟုတ်တယ်၊ ညည်းက မဆိုင်တာတွေပြောပြီး ထွက်ပြေးဖို့ ကြံနေသလား"

"မဟုတ်ပါဘူး .... "

"ဒါဖြင့် ဘာဖြစ်လို့ ပြန်မတိုက်တာလဲ"

"ငါ လူဘဝကို ငြီးငွေ့နေလို့ပေါ့ဟယ်"

အနက်ရောင် မျက်နှာဖုံးရှင်၏အသံသည် ဆွေးမြည့်သံ ပါနေသည်။ ဟုန်ဟုန် အံ့သြပြီး သူစားကို ပြန်ရုပ်သိမ်းလိုက်၏။

"ညည်းက အသေခံချင်နေတယ်ပေါ့၊ ဟုတ်လား"

"အဲဒါထက် လူတစ်ယောက်ကို တစ်သက်လုံး ယူကျုံးမရဖြစ်

စေချင်တာဟာ အဓိကပဲ .... "

"ဘယ်သူကိုလဲ .... "

"ညည်းရင်ထဲကလူ"

"အစ်ကို ဝမ်ယွင်ချောင်ကိုလား"

အနက်ရောင်မျက်နှာဖုံးရှင် နှုတ်ဝိတ်နေသည်။

မျက်လုံးအိမ်ထဲမှ မျက်ရည်များ လိမ့်ကျလာသည်။

ဟုန်ဟုန်သည် သူအဘိုးသေဆုံးရသည့်ကိစ္စကို မေ့လျော့သွားသည်။ သို့သော် ကျီးပျက်နေသော အကျဉ်းရထားနှင့် မီးတောက်မီးလျှံများကိုမြင်လိုက်သည်နှင့်လျော့ကျသွားကာ ဒေါသသည် ဟုန်းခနဲ ပြန်တက်လာသည်။

"တော်ပြီ .... ညည်း ဘယ်သူဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး .... သံကြေးမုံလားမားထွက်ပြေးအောင် ကူညီခဲ့တာဟာ ညည်းအကြောင်းနဲ့ညည်း။ ငါကတော့ ငါ့ဘိုးဘိုးအတွက် လက်တုံ့ပြန်ရမှာပဲ"

ဒေါသဆူပွက်နေသည့် ဟုန်ဟုန်သည် သူစားကို ပြန်ထုတ်လိုက်ပြီး မြှောက်တင်လိုက်သည်။

"ဟုန်ဟုန် ရပ်လိုက်"

သြဇာကြီးသော ဟန့်တားသံကြောင့် ဟုန်ဟုန် တန့်သွား၏။ ရင်းဆန်းကွေးမူသည် အနီးသို့ ရောက်လာသည်။

"ဘာဖြစ်လို့ တဇွတ်ထိုးလုပ်ချင်နေတာလဲ"

"ဘိုးဘိုးအတွက် .... "

ဟုန်ဟုန်က မကျေမနပ်ဟန်နှင့်ပြန်ပြောသည်။

"ဟေ့ .... သေသူတွေဟာ သူရဲကောင်းကြီးဘယ်ကျော်ရွှေစား နဲ့ ဆင့်ခြင်းလုံရွှင်တို့ မဟုတ်ဘူး။ အထင်မမှားကြနဲ့ အထင်မမှားကြနဲ့"

အခန်း(၆၃)

အရေးပါသော ပုဂ္ဂိုလ်တစ်ဦး

ဝမ်ယွင်ချောင်တို့သည် စိတ်ပျက်လက်ပျက်နှင့် တည်းခိုခန်းထဲသို့ ပြန်ရောက်လာကြသည်။

"ဒီမှာကြည့်စမ်း"

ရှောင်လင်က ပြောပြောဆိုဆို စားပွဲပေါ်မှ စာတစ်စောင်ကို ကောက်ယူလိုက်သည်။ စာရွက်ကိုဖြန့်ပြီး ဖတ်ကြည့်သည်။

မြစ်ဝါ တောင်ဘက်ဂွမ်းကနေပြီး အနောက်ဘက်ကိုသွား၊ ထုံကျမ်းမြို့ကိုရောက်လျှင် ထူးခြားလိမ့်မည်။

ထိုစာကို တစ်ယောက်တစ်လှည့်စီ ဖတ်ကြသည်။

အားလုံး အနက်ရောင် မျက်နှာဖုံးနှင့် အမျိုးသမီးရေးထားခဲ့သည်ဟု ယူဆကြသည်။ မှန်သည်။ ယခုအချိန်၌ ထိုအမျိုးသမီးမှလွဲ၍ မည်သူမျှ မဖြစ်နိုင်ချေ။

သူတို့အားလုံး အတွေးကိုယ်စီနှင့် ငြိမ်နေကြပြန်သည်။

ဟုန်ဟုန်သည် အနက်ရောင်မျက်နှာဖုံးနှင့် အမျိုးသမီးကို အတော် စိတ်ဝင်စားနေသည်။ ထိုအမျိုးသမီးသည် လူဘဝကို အဘယ်

ကျန်လူအဖွဲ့ခေါင်းဆောင်ချုပ် ရှောင်ယွင်ချင်၏အော်သံ ဖြစ်သည်။ ဟုန်ဟုန်နှင့် ဝမ်ယွင်ချောင်တို့သည် အကျဉ်းရထားနှင့် မလှမ်းမကမ်းတွင်ရှိနေသော အလောင်းနှစ်လောင်းရှိရာသို့ ပြေးသွားကြသည်။ အလောင်းနှစ်ခုလောင်းသည်လည်း ဘယ်ကျော်ရွှေစား၊ ဆင့်ခြင်းလုံရွှင်တို့ မဟုတ်ကြပေ။ စားစာခံ အဘိုးကြီးနှစ်ယောက်မှာ ကြားထဲမှ အချောင်သေဆုံးသွားကြရှာသည်။

မန်ချူးတို့၏ ကောက်ကျစ်စဉ်းလဲမှုနှင့် ရက်စက်ကြမ်းကြုတ်မှုသည် လက်ဖျားခါလောက်သည်။ လူအသက်ကို ဖက်ရွက်တစ်ရွက်လောက်ပင် သဘောမထားကြောင်း ထင်ရှားလှသည်။

ရှောင်ယွင်ချင်နှင့် ရင်းဆန်းကွေးမူတို့မှာ ခေါင်းမဖော်ရဲအောင် ဖြစ်နေရသည်။ ဘယ်မှာလဲ ဘယ်ကျော်ရွှေစား၊ ဘယ်မှာလဲ ဆင့်ခြင်းလုံရွှင်။ ရှက်စရာကောင်းပါ၏ သိုင်းလောကတွင် နာမည်တစ်လုံးနှင့် နေခဲ့သူများသည် ဘာမဟုတ်သည့် မန်ချူးလက်ပါးစေတို့၏ လှည့်ဖြားချက်ကို တစ်ခါမက ခံနေရသဖြင့် အရှက်ကြီးရှက်နေမိကြသည်။

"သူကို မခေါ်ကြဘူးလား၊ ပြေးပြီ ပြေးပြီ"

ဟုန်ဟုန်အသံကြောင့် အားလုံး လှမ်းကြည့်လိုက်ကြ၏။

အနက်ရောင်မျက်နှာဖုံးနှင့် အမျိုးသမီးသည် ဘာစကားမျှ မပြောဘဲ ထွက်ပြေးသွားလေပြီ။ ကိုယ်ဖော့ပညာကလည်း ကောင်းလှ၏။ သူတို့ပြောပြီး လှည့်အကြည့်တွင် ထိုအမျိုးသမီးသည် အမှောင်ထုထဲသို့ ရောက်ရှိ မျောက်ကွယ်သွားလေတော့၏။

သူမ မည်သူနည်း။

မည်သူမျှ မသိလိုက်ကြချေတကား။

❐○❐

ကြောင့် ငြီးငွေ့နေလေသနည်း။ သူမစကားအရ သူမ၏ခံစားမှုသည် ဝမ်ယွင်ချောင်နှင့်ပတ်သက်နေသည်ကား သေချာလှသည်။ အဘယ်ပုံပတ်သက်နေသည်ကိုကား အဖြေရှာမရချေ။

ရင်းဆန်းကွေးမူကား ထိုအမျိုးသမီးကို ကျေးဇူးတင်နေသည်။ သူမသာ ရောက်မလာခဲ့ပါက အကျဉ်းရထား ပေါက်ကွဲသည်နှင့် ဓိမိတို့လည်း အားလုံးသေမှာ သေချာသည်။

ဝမ်ယွင်ချောင်သည်လည်း ပထမပိုင်း၌ ထိုအမျိုးသမီးကို အထင်လွဲမှားခဲ့၏။ သို့သော် နောက်ပိုင်း၌ အားလုံး၏အသက်သခင်ဟု သဘောထားလာသည်။ ကျေးဇူးတင်စကား ပြောချင်သော်လည်း သူမ မရှိတော့ပေ။ အမှောင်ထုထဲသို့ ထွက်ပြေးခဲ့လေပြီ။

ထိုစဉ် ရှောင်ယွင်ချင်က ....

"စားပွဲပေါ်မှ တင်ထားခဲ့တဲ့စာဟာ အနက်ရောင်မှက်နှာဖုံးရှင် ရေးခဲ့တာ သေချာတယ်။ ရှင်းအောင် ရေးမထားပေမယ့် အကျဉ်းရထားနဲ့ ပတ်သက်တာပဲ ဖြစ်ရမယ် .... "

ထိုစကားကို မည်သူကမျှ ထောက်ခံခြင်း မပြုပေ။ ဖြစ်ပေါ်နေသော ပြဿနာများသည် လိမ်ညာမှုများသာ ဖြစ်နေလေ့ရှိသဖြင့် အလေးအနက်စဉ်းစားနေကြရသည်။

ရှောင်ယွင်ချင်က ဆက်ပြောသည်။

"ကျုပ်တွေးမိတာက တုံးကျမ်းမြို့ဟာ ဝမ်ပိုင်ဆိပ်ကမ်းနဲ့နီးတယ်၊ ဒါကြောင့် ဒီစာကို လျစ်လျူရှုလို့မရဘူး၊ နောက်တစ်ချက်က ဘယ်ကျော်ရွှေစားကွမ်းရင်းဆန်ဟာ မန် ဂျူးတော်လှန်ရေးကိစ္စမှာ အရေးပါအရာရောက်သူဖြစ်နေဟော့ တခြားမျိုးချစ်တွေက ဖြတ်ပြီး ကယ်ထားကောင်း ကယ်ထားနိုင်တယ်"

ရှောင်လင်က ဝင်ပြောပြန်သည်။

"ဖေဖေတို့ မန်ဂျူးတွေ စခန်းချနေတဲ့နေရာကို ဝင်စီးတုန်းက အကျဉ်းရထားထဲမှာ အကျဉ်းသားမရှိဘူးလို့ ပြောခဲ့တယ်၊ ဒီတော့"

ရှောင်ယွင်ချင်၏မျက်နှုံးနှစ်ခုသည် နဖူးပေါ် မြင့်တက်သွားသည်။ သူသည် တစ်စုံတစ်ခုကို တွေးမိသွားလေပြီ။

"ဟုတ်ပြီ၊ သူတို့ကို ထမ်းစင်နဲ့တင်ခေါ်သွားတာ ဖြစ်ရမယ်"

"ဘယ်က ထမ်းစင်လဲ"

"လားမားနဲ့စံဦးစီးတဲ့ ထမ်းစင်"

"ကျွန်တော်သိပြီ .... လားမားနှစ်ဦးစီးတဲ့ထမ်းစင်ပေါ်မှာ .... အကျဉ်းသားဆရာကြီးနှစ်ယောက်ကို ပုံမှားရိုက်ပြီး တင်သွားတဲ့ သဘောပေါ့ .... "

"အဲဒီအတိုင်းပဲ .... "

"ဖေဖေက အဲဒီထမ်းစင်ကို သေသေချာချာ မကြည့်ခဲ့ဘူးလား"

"အကျဉ်းရထားဆီ အာရုံရောက်နေလို့ ထမ်းစင်ကို သိပ်ဂရုမစိုက်မိခဲ့ဘူး၊ ဒါ ဖေဖေ့အမှားပဲ"

"ကောင်းတယ်၊ ဒါကြောင့်မို့ မန်ဂျူးတွေရဲ့လှည့်ကွက်ကို ခံရတာ .... "

ရှောင်လင်က သူ့အဖေကို အပြစ်တင်နေသည်။

ရှောင်ယွင်ချင်သည် သမီးကိုကြည့်ပြီး ပြုံးနေ၏။

ရင်းဆန်းကွေးမူသည် ငြိမ်နေရာမှ ဝင်ပြောလာသည်။

"အဖြေက ရှင်းနေပါပြီ၊ တည်းခိုခန်းထဲကို လားမားတစ်ဦး တည်းရောက်နေတာဟာ .... အဖြေပဲ .... သူတို့တွေ တူတူဆိပ်ကို ဦးတည်ပြီးသွားတာဟာ ဟန်ပြပဲ .... လမ်းတစ်ဝက်ရောက်မှ ဝမ်ပိုင်

ဆိပ်ကို ပြန်လှည့်တာ သေချာတယ်"

"ဒီလိုဆိုရင် သူတို့တွေ မြစ်ဝါကိုဖြတ်ကူးနေပြီထင်တယ်"

ဟုန်ဟုန်က မျက်လုံးပြူးကြီးနှင့် ပြောလာသည်။

"အဲဒီအချက်က ဒုတိယဖြစ်နိုင်ချက်ပဲ မိန်းကလေး .... မြစ်ဝါကို ဖြတ်ကျော်ပြီး မြောက်ကမ်းက မန်ချူးစစ်ကူတွေနဲ့ဆုံရင် ကျွပ်တို့ ကယ်ဖို့ကိစ္စဟာ ပိုပြီးခက်ခဲသွားပြီ .... "

ရှောင်ယွင်ချင်က သက်ပြင်းချသည်။ စိတ်မောစရာပေကိုး။

ဝမ်ယွင်ချောင်သည် သူ၏ဦးကြီးကွမ်းအတွက် စိုးရိမ်စိတ်ပိုလာ၏။ နေပြည်တော်သို့ ရောက်ရှိသွားလျှင် ကယ်၍မလွယ်တော့ပေ။

"ဒီလိုဆိုရင် ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြမလဲ"

"ထုံးကျမ်းကိုသွားရင် ပိုပြီး အကျိုးရှိမယ်ထင်တယ်"

ရှောင်ယွင်ချင်က မယုတ်မလွန် ပြောသည်။

ဟုန်ဟုန်သည်လည်း ဖင်တကြွကြွဖြစ်နေလေပြီ။

"ထိုင်နေရတာထက် ထသွားရတာက ပိုပြီး အကျိုးရှိပါတယ်"

ရှောင်ယွင်ချင်သည် ရင်းဆန်းကွေးမှကို လှည့်ကြည့်ပြီး ....

"ဆရာမကြီး ဘယ်လို အကြံပေးချင်ပါသလဲ၊ ကျွန်တော်တို့ တစ်ခုခုကို မြန်မြန်လုပ်မှ ဖြစ်တော့မယ်"

"ထုံးကျမ်းကိုပဲ သွားမယ်"

ထိုဆုံးဖြတ်ချက်ကို အားလုံးသဘောတူသည်။ သူတို့သည် ယေဘုယျအားဖြင့် ဝတ်စုံနက် မိန်းကလေး၏စာကို ယုံကြည်လိုက်နာရာ ရောက်သွားခဲ့ပေပြီ။

ခေတ္တခဏ အနားယူပြီးသည်နှင့် ခရီးဆက်ရန် ပြင်ဆင်ကြသည်။

မိုးမလင်းခင်မှာပင် တည်းခိုဂေဟာမှ ထွက်ခွာခဲ့ကြသည်။

တူတူ ဆိပ်ကမ်းနှင့် ထုံးကျမ်းမြို့သည် ဆယ်မိုင်ကျော်ကျော်သာ ကွာဝေး၏။ ထို့ကြောင့် မွန်းမတည့်ခင်မှာပင် ထုံးကျမ်းမြို့သို့ ရောက်လာကြသည်။

ထုံးကျမ်းသည် မြို့ငယ်လေးတစ်မြို့ ဖြစ်သော်လည်း ကုန်စုံဆိုင်ကြီးများနှင့် စားသောက်ဆိုင်များ စည်စည်ကားကား ရှိလေသည်။

မြို့လယ်တွင် 'ညည့်ပျော်'စားသောက်တည်းခိုရိပ်သာတစ်ခုရှိသည်။ တစ်မြို့လုံးတွင် ဤတည်းခိုရိပ်သာ တစ်ခုတည်းသာရှိသဖြင့် ဝမ်ယွင်ချောင်တို့အားလုံး ထိုရိပ်သာထဲသို့ ဝင်ခဲ့ကြရ၏။

အထဲဝင်မိသည်နှင့် ဆိုင်ရှင်နှင့်တူသော လူစစ်ယောက်က ခရီးဦးကြို ဂါရဝပြုသည်။ ယင်းသို့ ဂါရဝပြုရင်းက ဆုပ်ထားသော လက်သီးကို ဖြန့်လိုက်၊ ဆုပ်လိုက်နှင့် သုံးခါတိတိလုပ်သည်။

ထိုအချက်ကို မည်သူမျှ သတိမထားမိသော်လည်း ကျွန်လုံကား၌ ရှောင်ယွင်ချင်က သတိပြုမိသည်။ ထိုအပြုအမူသည် မန်ချူးတော်လှန်ရေးသမားတို့၏ လျှို့ဝှက်ဆက်သွယ်မှုအချက်ပြချက်ပင် ဖြစ်သည်။ ဆိုင်ရှင်နှင့်တူသူသည် စားပွဲထိုးတစ်ယောက်အား ညည့်သည်များ စီးလာသည့် မြင်းများကို ချည်တိုင်တွင် ချည်နှောင်းလိုက်ပြီး တည်းခိုခန်းကိုလိုက်ပြသည်။ တည်းခိုရမည့် အခန်းထဲသို့ရောက်သောအခါ ရှောင်ယွင်ချင်၏ အပြုအမူကို မသိကျိုးကျွံပြုပြီး ....

"ဒါနဲ့မိတ်ဆွေကြီးနာမည်ကို သိပါရစေလား"ဟု မေးသည်။

ရှောင်ယွင်ချင်က ပြုံးပြီး ....

"ကျွန်တော့်နာမည် ရှောင်ယွင်ချင်ပါ"ဟု ဖြေသည်။

ထိုအခါကျမှ ဆိုင်ရှင်နှင့်တူ၏မျက်နှာသည် ဝင်းခနဲ ဖြစ်သွား

သည်။ ခါးကျိုးမတတ် အကြိမ်ကြိမ် ဂါရဝပြုသည်။

"ထင်တဲ့အတိုင်း ဖြစ်နေတာကိုး .... ကျွန်တော့်နာမည်က မြစ်ပေါ်သူကြီးပါ ခင်ဗျာ"

ရှောင်ယွင်ချင်လည်း အံ့သြသွားသည်။

"ဝမ်းသာတယ်ဗျာ၊ နာမည်ကိုတော့ ကြားဖူးနေတာ ကြာပါပြီ၊ ခုမှပဲ တွေ့ဖူးတော့တယ်၊ ဟား ဟား"

မြစ်ပေါ်သူကြီးသည် အခြားသူမဟုတ်ပါ။

မန်ချူးတော်လှန်ရေးကို လှုံ့ဆော်ပြီး ဦးဆောင်နေကြသည့် ခေါင်းဆောင်များထဲမှ တစ်ယောက်ဖြစ်ပါသည်။

ကျန်လုံကိတ်ခုပြဲ ရှောင်ယွင်ချင်သည် တိုတောင်လှန်ရေးအဖွဲ့အစည်းတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသော်လည်း တော်လှန်ရေးကို အင်တိုက်အားတိုက် ကူညီသူဖြစ်သည်။ သူသည် နာမည်ခံသူ မဟုတ်ပေ။ နောက်ကွယ်မှ တော်လှန်နေသူသာ ဖြစ်သည်။

သူသည် မြစ်ပေါ်သူကြီး၏ ဂုဏ်သတင်းကို ကြားသိထားပြီး လေးစားနေသူဖြစ်သည်။ ရှောင်ယွင်ချင်သည် မြစ်ပေါ်သူကြီးကို ဝမ်ယွင်ချောင်၊ ရင်းဆန်းကွေးမူတို့နှင့် မိတ်ဆက်ပေးသည်။

မြစ်ပေါ်သူကြီးသည် အမတ်ကြီး ဝမ်ထင်ကွမ်းနှင့် သားဖြစ်သူ ဝမ်ယွင်ချောင်တို့၏သတင်းကို ကြားသိထားပြီးသူဖြစ်၍ ဝမ်ယွင်ချောင်အား လေးစားစွာ ဂါရဝပြုသည်။

"သခင်လေးကို တွေ့ရလို့ အများကြီး ဝမ်းသာပါတယ်၊ သခင်လေး ကြီးစားမှအောင်မြင်လို့ အမတ်ကြီးဝမ်ထင်ကွမ်း ပြန်ရောက်လာရင် နေလရွာက လူတွေအားလုံး သိပ်ဝမ်းသာကြမှာပဲ"

ဝမ်ယွင်ချောင်က ....

"ဟုတ်ကဲ့ .... ခင်ဗျ .... ဒါပေမယ့် အဖေ့ကို သွားခေါ်နိုင်ဖို့ ဆိုတာ မလွယ်သေးဘူးဗျ။ နှင်းပန်းတစ်သောင်း စကြာဝဠာပါကို ဖြတ်ကျော်နိုင်ဖို့ကိစ္စမှာ အရေးအကြီးဆုံးဖြစ်နေတဲ့ နက္ခတ်စုံပြိုင် ပထဝီမြေကျမ်းပညာကို ကျွန်တော် မရသေးဘူးခင်ဗျ ....

"ကဲ .... ကဲ .... ဆရာတို့အားလုံးလည်း ခရီးပန်းနေကြတယ် ဆိုတော့ အေးအေးဆေးဆေး အနားယူလိုက်ကြပါဦး၊ ညနေကျရင် သီးသန့်စားသောက်ပွဲလေး ပြုလုပ်ပေးဖို့ စီစဉ်ထားပါတယ်၊ အဲဒီတော့မှ ဧည့်သည်တစ်ယောက်နဲ့ မိတ်ဆက်ပေးပါဦးမယ်"

မြစ်ပေါ်သူကြီး၏စကားကြောင့် ရှောင်ယွင်ချင်တို့ မျက်မှောင်ကြုတ်သွားသည်။ ရှောင်လင်သည် ယခု ရောက်ရှိလာသူများ၌ အသက်ဆယ့်ခြောက်နှစ်မျှရှိသူဖြစ်ရာ အငယ်ဆုံးဖြစ်နေ၏။ သူမက ချက်ချင်း မေးသည်။

"ဦးကြီးကလည်းဗျာ .... တွေ့ပေးရမယ့် ဧည့်သည်ဆိုရင် မြန်မြန်တွေ့ပေးရင် ပြီးတာပဲဟာ၊ ဘာဖြစ်လို့ အချိန်ဆွဲနေရတာလဲဗျ"

မြစ်ပေါ်သူကြီး ပြုံး၍ ဖြေ၏။

"ဒီလိုပါ။ ကျွန်တော့်အနေနဲ့ အားလုံးနဲ့ တွေ့ပေးဖို့ ဆန္ဒရှိနေပေမယ့် ကာယကံရှင်ရဲ့ဆန္ဒကို လိုက်လျောနေရပါတယ်၊ ခေတ္တခဏတော့ သည်းခံစောင့်စေချင်ပါတယ်"

"နေပါဦး ဆရာကြီးတွေ့ပေးမယ့် ဧည့်သည်ဟာ ယောကျ်ားလား မိန်းမလား၇င့် ....

ဟုန်ဟုန်က အနက်ရောင် မျက်နှာဖုံးရှင် အမျိုးသမီးကို သတိရလာသဖြင့် လှမ်းမေးသည်။

မြစ်ပေါ်သူကြီးက လှုံ့ဆော်မှုနှင့်ဖြေသည်။

လည်း ကျေးဇူးအတင်ခံလိုပုံ မပေါ်။ သူမ၏မျက်လုံးအစုံမှ ဆွေးရိပ်သမ်းမှုသည် စိတ်ဝင်စားစရာကောင်းသည်။

တွေးရင်းတွေးရင်း ငယ်ချစ်ဦး ဝမ်စုလွမ်ကို သတိရလာသည်။ သို့သော် ဝမ်စုလွမ်သည် နှုးညံ့သိမ်မွေ့ပြီး ကြက်တစ်ကောင်ကိုတောင် သတ်ရဲသူ မဟုတ်ချေ။ သိုင်းပညာလည်း တတ်သူမဟုတ်ချေ။

မျက်နှာဖုံးရှင် အမျိုးသမီးကား သိုင်းပညာ တတ်ရုံမျှမက ရောက်နေသော ပညာအဆင့်ပင် အတော်မြင့်နေသည်။

တစ်ချက်တော့ ဝမ်ယွင်ချောင် တွေးသည်။ မိမိသည်ပင်လျှင် မမျှော်လင့်ဘဲနှင့်သိုင်းပညာ တတ်မြောက်ခဲ့လျှင် ဝမ်စုလွမ်သည်လည်း မိမိနှင့်ကွဲကွာနေစဉ်အတွင်း သိုင်းပညာများကို တတ်မြောက်နိုင်သည် မဟုတ်ပါလား။ ဝမ်ယွင်ချောင် တွေးတောငေးမောနေစဉ် ရင်းဆန်းကွေးမှ၏ အသံ ထွက်လာသည်။

"စိတ်တော့မရှိပါနဲ့ရှင်၊ ကျွန်မက မေးစရာရှိရင် တည့်တည့်ပဲ မေးတတ်ပါတယ်၊ ထုံးကျမ်းက ထူးဆန်းမှုဆိုတာ ရှင်များလား"

"မဟုတ်ပါဘူးဗျာ၊ မဟုတ်ပါဘူး၊ ကျွန်တော်က ခင်များတို့ရဲ့ အခက်အခဲတွေကို အနည်းအကျဉ်းသာ ကူညီနိုင်မယ့်လူပါ"

မြစ်ပေါ်သူကြီးက လက်ဝါးကပ်ပြီး နှိမ့်ချစွာ ပြောသည်။

ရောင်ယွင်ချင်က ဘာကိုသဘောကျသည်မသိ၊ တဟားဟားရယ်တော့သည်။

"ဟား .... ဟား .... နောင်တော်ကြီးက တော်တော် ပဟေဠိဆန်နေတာကိုးဗျ၊ ယောကျ်ားလား မိန်းမလားဆိုတာကိုတော့ ပြောသင့်ပါတယ်ဗျာ၊ အနက်ရောင် မျက်နှာဖုံးရှင် အမျိုးသမီးက ထုံးကျမ်းကို ညွှန်ထားတာခင်ဗျ .... ကျုပ်တို့က အခုကိစ္စကို အဲဒီအမျိုးသမီးနဲ့

"အချိန်တန်ရင် ကွဲကွဲပြားပြား သိရပါလိမ့်မယ်ဗျာ၊ ကျွန်တော်ကိုယ်တိုင် တိတိကျကျမပြောနိုင်သေးလို့ပါ၊ စိတ်မရှိကြပါနဲ့၊ ကဲ အလုပ်ကလေးတွေရှိသေးလို့ သွားလိုက်ပါဦးမယ် .... "

မြစ်ပေါ်သူကြီးသည် ကတိပြုထားသည့်အတိုင်း သီးသန့်စားသောက်ပွဲတစ်ပွဲ ခင်းကျင်းပေးသည်။ သို့သော် ဧည့်သည်ပါမလာ။

မေးမြန်းကြည့်သောအခါ အချိန်မရောက်သေးဟု ဆိုသည်။

ထို့ကြောင့် .... ထိုကိစ္စကို အတည်ပျူ၍ မဖြစ်သေးကြောင်း သဘောပေါက်ကြသည်။ ဟုန်ဟုန်ကား မကျေနပ်နိုင်သေးချေ။ စိတ်ထဲတွင် အနက်ရောင် မျက်နှာဖုံးနှင့် အမျိုးသမီးကိုသာ အမှတ်ရနေခဲ့ပြီး ရောက်လာ မည့်ည့်သည်ကို မိန်းမလား ယောကျ်ားလားဟု ထပ်မေးသည်။ သို့သော် မြစ်ပေါ်သူကြီးက ခပ်အေးအေးပင် ဖြေသည်။

"စိတ်မရှိပါနဲ့မိန်းကလေး၊ ကျွန်တော့်မှာ ရောက်လာမယ့် ဧည့်သည် ဘယ်သူဘယ်ဝါဖြစ်တယ်၊ ဘယ်လိုလူမျိုးဖြစ်တယ်ဆိုတာကို ကြိုတင်ပြီး ပြောခွင့်မရှိလို့ပါ၊ ဒါကြောင့် သည်းခံပြီး စောင့်ဆိုင်းကြပါလို့ တောင်းပန်ပါတယ်"

ဝမ်ယွင်ချောင်သည် ယခုမှ ပိုပြီး စိတ်လှုပ်ရှားလာသည်။

ရောက်လာမည့် ဧည့်သည်သည် အနက်ရောင်မျက်နှာဖုံးနှင့် အမျိုးသမီးပေလော။

အကဲခတ်မိသည်ကား ထိုအမျိုးသမီး၏သိုင်းပညာသည် ဟုန်ဟုန်ထက် အဆင့်မြင့်သည်။ သို့သော် ဟုန်ဟုန်ကို ရန်လိုခြင်းမရှိခဲ့။ မိမိကိုလည်း အကျဉ်းရထားပေါက်ကွဲမည့်ဘေးမှ လွတ်ကင်းနိုင်ရန် ဟန့်ဟားခဲ့သေးသည်။ သူမသည် မိမိတို့၏အသက်သခင်ဖြစ်ခဲ့သော်လည်း ကျေးဇူးတင်စကားလေးပင် မပြောလိုက်ရ။ အမျိုးသမီးက

အခန်း(၆၄)

ချစ်သူဝိုင်းလည် သောကသည်

ကိုးနဂါးဆရာသည် သိုင်းလောကဌ် ဝါစဉ်ကြီးသူ အဆင့်မြင့်သူ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါသည်။

သို့သော် သိုင်းလောကမှ တိမ်မြုပ်ပျောက်ကွယ်သွားသဖြင့် ကွယ်လွန်သွားပြီဟု သတင်းဖြစ်ခဲ့သည်မှာ ကြာပြီဖြစ်ပါသည်။

ယခုမူ မည်သို့မျှ မထင်မှတ်ဘဲ 'ကိုးနဂါးဆရာ'ဟု ဆိုလိုက်သောကြောင့် ရင်းဆန်းကွေးမူနှင့် ရှောင်ယွင်ချင်ပါ တအံ့တသြဖြစ်ကြရသည်။

"မှန်တယ် .... အစ်ကိုပြောတာ မမှားဘူး၊ ဝမ်ထင်ကွမ်း ပြီးရင် မန်ချူးတွေ အလိုရှိနေတဲ့ ဒုတိယပုဂ္ဂိုလ်ဟာ ကိုးနဂါးဆရာကြီးပဲ"

ရှောင်လင်က ထောက်ခံ၏။

"ဦးကြီးမြစ်ပေါ်သူကြီး ပြောတဲ့အတိုင်း ကိုးနဂါးဆရာကြီးဟာ နာမည်ကျော်ပုဂ္ဂိုလ်ကြီးဖြစ်မှာပဲနော် .... "

ဟုန်ဟုန်အမေးကို မြစ်ပေါ်သူကြီးက ခေါင်းညိတ်ပြီး ဖြေသည်။

"မှန်ပါတယ် မိန်းကလေး၊ ကိုးနဂါး ဆရာကြီးဟာ အခုလက်ရှိ

ဆက်စပ်တယ်လို့ တွက်ထားကြတာဗျ"

ရှောင်ယွင်ချင်က တည်းခိုခန်းဌ ဖြစ်ပျက်ခဲ့သည်များကို အသေးစိတ် ရှင်းပြလိုက်သည်။

မြစ်ပေါ်သူကြီးက ခေါင်းကိုသာ တွင်တွင်ယမ်းလိုက်လေသည်။

လျှို့ဝှက်ရန် မသင့်တော့ဟု ယူဆမိလာသောကြောင့်လည်း ရှင်းရှင်းပင် ပြောရတော့သည်။

"ခင်ဗျားတို့ အထင်မှားနေကြတာပါဗျာ .... ကျွန်တော့်ကို လျှို့ဝှက်ညွှန်ကြားပြီး ခင်ဗျားတို့ကို အသိပေးခိုင်းနေတဲ့လူဟာ ဝါစဉ်ကြီး သိုင်းဆရာကြီးတစ်ဦးပါ"

"အို .... ကျွန်တော်တို့ တောင်ထင်မြောက်ထင် ထင်နေတာ တလွဲဖြစ်နေပါလား"

ရှောင်လင်က တအံ့တသြပြောသည်။

ရှောင်ယွင်ချင်က ရှောင်လင်ကို ဝင်မရှုပ်နှင့်ဟူသော အကြည့်ဖြင့် တစ်ချက်ကြည့်ပြီးမှ မြစ်ပေါ်သူကြီးကို မေးသည်။

"နောင်တော်ကြီး .... အဲဒီဆရာကြီးရဲ့နာမည်ကို ပြောမပြနိုင်ဘူးလား .... "

"ကိုးနဂါးဆရာကြီးပါ"

"ကိုးနဂါးဆရာ"

ရင်းဆန်းကွေးမူက တအံ့တသြ ရေရွတ်လိုက်သည်။

"လက်စသတ်တော့ သူကိုး"

ရှောင်ယွင်ချင်သည် ခေါင်းတညိတ်ညိတ်လုပ်ပြီး သက်ပြင်းချလိုက်လေ၏။

ရှောင်လင်ဂိုဏ်းချုပ်ကြီးရဲ့ ဆရာဘိုးဘိုးပဲ၊ ကိုးနဂါးဆရာကြီးဟာ လက်ရှိကျောင်းထိုင်ရဲ့ နောင်တော်ကြီးကို ကျောင်းထိုင်နေရာလွှဲအပ်ပြီး တောထွက်သွားတာ နှစ်အတော်ကြာပြီ၊ သိုင်းလောက ပျောက်ကွယ်သွားတာ နှစ်ပေါင်းမနည်းတော့ဘူး"

"ဒါဖြင့် သူ ပြန်ပေါ်လာတာဟာ ဘာဖြစ်လို့လဲ"

"ဘယ်လိုလုပ် မပေါ်လာပဲနေလို့ ဖြစ်တော့မလဲ၊ တရုတ်ပြည်ကြီးတစ်ပြည်လုံး မန်ချူးလက်အောက် ရောက်နေပြီပဲ"

"ဒီလိုဆိုရင် အဒီဆရာကြီး အခု ဘယ်မှာရှိနေပါသလဲ"

"ဘယ်ကျော်ရွှေဘား ကွမ်းရင်းဆန်နဲ့ ဆင့်ခြင်းလုံရွှင်တို့ကို ကယ်တင်မှ ပြန်တယ်လို့ ပြောချင်ပါတယ်"

ကြားရသောစကားကြောင့် ဝမ်ယွင်ချောင်တို့အားလုံး အကြီးအကျယ် အံ့သြသွားကြသည်။

"ထူးခြားမယ်ဆိုတာ ဒါတွေကို ရည်ညွှန်းတာကိုး"

ရှောင်ယွင်ချင်က မှတ်ချက်ချသည်။

ရှောင်လင်က ....

"ဦးကြီးက ဒီကိစ္စကို စောစောကတည်းက ပြောရောပေါ့ဗျာ၊ ကျွန်တော်တို့လည်း ကိုးနဂါးဆရာကြီးကိုယ်တိုင် အကူအညီပေးနေပြီဆိုတာ သိရတော့ တအားတက်ရတာပေါ့"

"ဟဲ .... ဟဲ .... အပြစ်တင်ရင်လည်း ခံရမှာပေါ့ကွယ်၊ ဦးကြီးကတော့ ဒီကိစ္စကို အစောကြီးကတည်းက အသိပေးခဲ့ရင် ကိုးနဂါးဆရာကြီးရဲ့ အစီအစဉ်တွေ ပျက်ကုန်မှာ သေချာနေပါတယ်"

ရင်းဆန်းကွေးမူက ထိုအကြောင်းပြချက်ကို သဘောမကျလှချေ။

ထို့ကြောင့် ....

"တစ်ယောက်တည်း စွမ်းဆောင်တာထက် အများနဲ့ စွမ်းဆောင်တာဟာ ပိုမကောင်းဘူးလား၇င် .... "

"မကောင်းဘူးလို့ မဆိုလိုပါဘူးဗျာ၊ ဒါပေမယ့် တချို့ပြဿနာတွေဟာ လူအင်အားနဲ့ ဖြေရှင်းတာထက် ဦးနှောက်စွမ်းအားနဲ့ ဖြေရှင်းမှ အောင်မြင်တတ်ကြပါတယ်၊ အခုဆိုရင် .... "

သူသည် ကိုင်ထားသော အရက်ခွက်ကို တကျိုက်ကျိုက်မော့လိုက်ပြီး ....

"ကဲ .... ကျွန်တော် မင်္ဂလာသတင်းတစ်ခုကို ပေးပါ့မယ်၊ အဲဒီသတင်းကတော့ ဘယ်ကျော်ရွှေဘား ကွမ်းရင်းဆန်နဲ့ ဆင့်ခြင်းလုံရွှင်တို့က မန်ချူးစစ်သားတွေ လက်ထဲက လွတ်မြောက်သွားပြီဆိုတာပါပဲ ခင်ဗျား .... "

"ဒါ .... တကယ်လား"

တစ်ယောက်ချင်း ပြောလိုက်သော်လည်း မေးခွန်းက တစ်ပြိုင်တည်းထွက်လာသဖြင့် ဟိန်းသွားသည်။

"တကယ်ပါဗျာ၊ ကျုပ်မှာ လိမ်ပြောစရာ အကြောင်းမရှိပါဘူး၊ ဒါက လိမ်ညာပြောလို့ကောင်းတဲ့ကိစ္စမှ မဟုတ်ဘဲ"

မြစ်ပေါ်သူကြီး၏စကားသည် တကယ့် မင်္ဂလာစကားပင် ဖြစ်ပါသည်။ ဟုန်ဟုန်သည် မျက်လုံးလေး ကလည်ကလည်နှင့် ဘာပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ဝမ်ယွင်ချောင်မှာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ဝဲလာသည်။

"နေပါဦး ဦးကြီးရဲ့၊ ဦးကြီးက ဘယ်လိုသိနေတာလဲ"

ရှောင်လင်က အလောတကြီး ဝင်မေးသည်။

မြစ်ပေါ်သူကြီးက ပြုံးပြီးဖြေသည်။

"စားသောက်ပွဲ ခင်းကျင်းနေတုန်းမှာ ကိုးနဂါးဆရာကြီးရဲ့ ဆက်သွယ်ရေးနို ရောက်လာလို့ပါကွယ်"

"ဒါကြောင့်ကိုး .... "

ရှောင်လင် ပြုံးလာသည်။

မြစ်ပေါ်သူကြီးက နိုနှင့်ပါလာသော စာပါအကြောင်းအရာများကို ဆက်ပြီး ရှင်းပြသည်။

"ဆင့်ခြင်းလုံရှင်နဲ့ ဘယ်ကျော်ရွှေစား ကွမ်းရင်းဆန်တို့ဟာ ရန်သူလက်ထဲက လွတ်မြောက်လာကြပေမယ့် သိပ်လူပ်လူပ်ရှားရှား လုပ်လို့ မရသေးဘူးတဲ့၊ ရန်သူတွေကလည်း ဝိုက်စိပ်တိုက်ပြီး ရှာနေကြလို့ ပုန်းအောင်းနေတဲ့ နေရာတွေကတောင် မကြာခဏရွှေ့ပြောင်းနေရတယ်တဲ့၊ ခုတော့ အတော်အတန် လုံခြုံတဲ့နေရာကို ရောက်နေပြီတဲ့"

ရှောင်ယွင်ချင့်နှင့် ရင်းဆန်းကွေးမူတို့သည် ခေါင်းတညိတ်ညိတ် လုပ်နေကြသည်။ ဝမ်ယွင်ချောင်သည် သိုင်းလောကအတွေ့အကြုံမရှိသဖြင့် ဦးကြီးကွမ်းနှင့် ဆင့်ခြင်းလုံရှင်တို့ကို ယခုပင် သွားရောက်ခေါ်ယူသင့်သည်ဟု ထင်နေသည်။

"ခု .... သူတို့ ခိုအောင်းနေတဲ့နေရာဟာ ဘယ်မှာလဲ နောင်တော်ကြီး၊ ဦးကြီးကွမ်းနဲ့ ဦးကြီးဆင့်ခြင်းလုံရှင်တို့သာ ရန်သူရဲ့ ညှဉ်းပန်းနှိပ်စက်မှု ဒဏ်ကိုကော ခရီးပန်းမှု ဒဏ်ကိုပါ ခံနေကြရတဲ့ လူတွေဆိုတော့ ကျန်းမာရေးချို့တဲ့နေမှာ အမှန်ပါပဲ၊ သူတို့ဘယ်မှာ ရှိနေတယ်ဆိုတာကို ပြောပြပါလား နောင်တော်ကြီး"

မြစ်ပေါ်သူကြီးက သက်ပြင်းရှည်ကြီး ချလိုက်သည်။

"သခင်လေး ဘယ်လို ခံစားနေရမယ်ဆိုတာ ကျွန်တော် ကိုယ်

ချင်းစာမိပါတယ်၊ လောလောဆယ်တော့ သွားလို့မဖြစ်သေးဘူး၊ အနိုင်ကျလာရင် အကျိုးအကြောင်း ထပ်သိရမှာပါ"

ဟုန်ဟုန်က အားမလို မေးသည်။

"ဘယ် .... ဘယ်လောက်ကြာအောင် စောင့်ရဦးမှာလဲ ဦးကြီး"

"တစ်ရက်နှစ်ရက်တော့ စောင့်ရဦးမယ်ထင်တယ်၊ အတိအကျတော့ ဘာမှပြောလို့ မရသေးဘူး၊ ကိုးနဂါးဆရာကြီးက လိုအပ်သလို ညွှန်ကြားဦးမှာပါ၊ အားလုံးရဲ့ အကျိုးအတွက် သည်းခံပြီး စောင့်ကြပါဦးဗျာ"

ဝမ်ယွင်ချောင်တို့မှာ မည်သို့မျှ မတတ်နိုင်ကြပါ။ သည်းခံပြီး စောင့်ရုံသာ ရှိတော့သည်။

နောက်ဆုံးတွင် မြစ်ပေါ်သူကြီး၏ တည်ခင်းကျွေးမွေးမှုများကို ခပ်မြန်မြန်စားသောက်လိုက်ကြသည်။ စားသောက်ပြီးသည်နှင့် ကိုယ့်အခန်းရှိရာ ပြန်လာခဲ့ကြ၏။ ညဘက်တွင် ဝမ်ယွင်ချောင်မှာ အိပ်မပျော်နိုင်ချေ။ ထို့ကြောင့် ပြတင်းဝတွင်ထိုင်ကာ အပြင်သို့ငေးမောနေမိ၏။

ထိန်နေအောင် သာနေသည့် လရောင်ကြောင့် လောကသည် ကြည်နူးဖွယ် ဖြစ်နေသည်။ ဝမ်ယွင်ချောင်၏ရင်ထဲတွင်ကား သဘာဝနှင့်ဆန့်ကျင်လျက် ပူပင်သောကများနေသည်။

မျက်နှာဖုံးရှင် မိန်းကလေးကြောင့် ဝမ်စုလွမ်ကို သတိရလာသည်။

ဝမ်စုလွမ်သည် ကလေးဘဝကတည်းက သွားအတူ လာအတူ ကစားအတူ ဖြစ်သည်။ ထို့ကြောင့် အသည်းနှင့်အောင် ချစ်ခင်ခဲ့ရသည်။

ယခုမူ တစ်ယောက် တကမ္ဘာစီ ဝေးနေကြလေပြီ။ သူမနှင့်ခွဲရစဉ်က ....

"အစ်ကို ပြန်လာမယ့်ရက်ကို ညီမ စောင့်နေပါမယ် အစ်ကို ရယ် .... " ဟု ပြောဆိုခဲ့၏။ ထိုအသံကလေးကို ယနေ့တိုင် ကြားယောင်နေမိသည်။

သူမ၏အချစ်ကြီးမှုကို မိမိမှလွဲ၍ မည်သူမျှ မသိနိုင်ချေ။

သို့သော် မိမိဘက်က သစ္စာဖျက်ခဲ့သည်။ မလွဲမရှောင်သာဖြစ်ပေါ်ခဲ့သော ပြဿနာများကြောင့်ဟုဆိုသော်လည်း သစ္စာဖျက်ခြင်းသည် သစ္စာဖျက်ခြင်းသာ ဖြစ်သည်။

အပြစ်မဲ့သူကို ချစ်လျက်နှင့် ပစ်ပယ်ရသောအဖြစ်လောက် ခက်ခဲများသောအဖြစ်သည် ရှိလိမ့်မည် မထင်ချေ။

ဝမ်စုလွမ်ကို သတိရနေရာမှ လီဝိုင်မေရုပ်ပုံသည် အတွေးအိမ်ထဲသို့ တိုးဝင်လာပြန်သည်။

လီဝိုင်မေသည် နတ်မိမယ်လို ချောမောလှပသူဖြစ်၍ တပ်မက်သူ များလှသည်။

သူမ၏ စိတ်နေ စိတ်ထားများကမူ လူနှင့်မလိုက်အောင် ကြမ်းကြုတ်ရက်စက်လှသဖြင့် သူ စိတ်ဖျက်ခဲ့မိသည်။

သူမနှင့်မိမိ လင်မယားအခြေ ရောက်ခဲ့ခြင်းမှာလည်း မလွှဲမရှောင်သာ ဖြစ်ခဲ့ရခြင်းသာ ဖြစ်သည်။

မည်သို့ဆိုစေ မိမိ၏ကျူးလွန်မှုကို မိမိသာ တာဝန်ယူရမည် ဖြစ်သည်။ ဤကိစ္စကြောင့် ငယ်ချစ်ဦးကိုစွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ရသော်လည်း ငယ်ချစ်ဦးနှင့်နှစ်ယောက်သား ပြန်တွေ့ရလျှင် မည်သို့ ရှင်းလင်းရမည် မသိ။

မသေခင် လင်ကြူဆရာကြီး မှာကြားခဲ့သော စကားများကိုလည်း အဖန်ဖန်ကြားယောင်နေမိသည်။ မိမိကိုယ်တိုင် ကျိန်တွယ်

သစ္စာဆိုခဲ့သောစကားများကိုလည်း ပစ်ပယ်ကောင်းသည် မဟုတ်။

လမ်းမှားပေါ်ရောက်နေသော လီဝိုင်မေကို ဆုံးမပဲ့ပြင်ပြီး လက်တွဲခေါ်ရကောင်းမည်လော။

နက္ခတ်စုံဖွိုင် ပထဝီမြေကျမ်း ပညာရပ်ကိစ္စကလည်း ပြီးပြတ်သေးသည် မဟုတ်။ ထို့ကြောင့် လီဝိုင်မေကို ပြန်လည်လက်တွဲကောင်းတွဲရပေဦးမည်။ သို့သော် ယခုအခါ၌ ဟုန်ဟုန်သည် သူ၏ဘေး၌ ရှိနေပြန်သည်။

ရင်းဆန်းကွေးမူကလည်း သူသမီးထွေး မိဟုန်နှင့်ကိစ္စကို မည်သို့ အကျပ်ကိုင်ဦးမည် မသိ။ ဝမ်ယွင်ချောင်မှာ ရင်ပူလွန်းလှသဖြင့် သက်ပြင်းကြီးကိုသာ မှုတ်ထုတ်မိသည်။

ထိုစဉ် လမင်းကို တိမ်ညိုများ အုပ်သွားသဖြင့် လင်းနေသော ပတ်ဝန်းကျင်သည် မှောင်အတိ ဖြစ်သွားသည်။

ရုတ်တရက် ပြတင်းပေါက်အနီးမှ ခြေသံကြားရသည်။

"အစ်ကို .... ကျွန်မ ဝင်လာလို့ ရတယ်မဟုတ်လား .... "

တိုးသက်သောအသံ ဖြစ်ပါ၏။ အသံရှင်သည် ရင်းဆန်းကွေးမူ၏ သမီး မိဟုန်မှန်း သိပါသည်။

ညဉ့်နက်နေပြီမို့ အံ့သြခြင်းတော့ ဖြစ်မိသည်။

"ညီမလေး မိဟုန်၊ ဘာကိစ္စရှိလို့လဲ"

"အရေးကြီးတဲ့ကိစ္စ ပြောချင်လို့ရှင့်"

"ဝင်ခဲ့လေ .... "

မိဟုန်သည် ဖျတ်ခနဲ ခုန်ဝင်လာသည်။ အနားရောက်သည်နှင့် ကိုယ်သင်းနံ့က မွှေးပျံ့သွားသည်။

"ညကြီးမင်းကြီး ညီမလေး မိဟုန်ရယ်၊ ဒီပ်သာပိုင်ရှင်တွေ့လို့

"ဟုတ်တယ် .... အစ်ကိုကလွဲရင် ချုပ်ပေးစရာ ဘယ်သူမှ မရှိဘူး .... အစ်ကို သဘောကျတယ်ဆိုရင် ညီမ ပင်ပန်းရကျိုးနပ်ပါတယ်"

"အင်း .... သာယာတဲ့အချိန်တွေဟာ သိပ်တိုတောင်းတာပဲ နော်အစ်ကို .... ကဲ .... ညီမ သွားတော့မယ်"

မိဟုန်၏အသံသည် သိသိသာသာ တုန်ယင်နေသည်။

မိဟုန်သည် တံခါးပေါက်ရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်ထွက်သွားသည်။

သူမ ပျောက်ကွယ်သွားမှ ဝမ်ယွင်ချောင် သက်ပြင်းချမိသည်။

အခန်းတံခါးကို သေသေချာချာ ပြန်ပိတ်ပြီး ခုတင်ပေါ်တက်လာခဲ့သည်။ တုံးတုံးလုံးပြီး မကြာခင်မှာပင် မှေးခနဲ အိပ်မျော်သွားလေတော့သည်။

□○□

သူဝိုးဆိုပြီးအော်ရင် ဒုက္ခ"

"မဟုတ်ရင် ပြီးတာပဲ အစ်ကိုရာ .... တံခါးပေါက်ကဝင်ရင် မမ ဟုန်ဟုန်တို့ သိသွားမှာစိုးလို့ပါ၊ ဟင်း ဟင်း"

မိဟုန်သည် အဖျိုသွေးဝင်စမို့ တက်ကြွလန်းဆန်းနေသည်။ ဟန်အမူအရာက ကလေးဟန် မပျက်သေး။

"ဘာကိစ္စလဲ .... ပြောလေ"

"အစ်ကိုကလည်း လူဖြင့် ဘယ်နေရာထိုင်ရမှန်းမသိသေးဘူး၊ အမေးအမြန်းက ထူလိုက်တာ၊ ကဲ .... ရော့ .... ဒါလေးယူထား၊ သွားမယ် .... "

ဝမ်ယွင်ချောင်က လက်ထဲရောက်နေသော အထုပ်ကလေးကို ကြည့်ပြီး ....

"ဒါက ဘာလဲ"

မိဟုန် မျက်နှာ ရဲခနဲ ဖြစ်လာသည်။

"သိချင်ရင် မှင့်ကြည့်ပေါ့ .... "

ဝမ်ယွင်ချောင်သည် အထုပ်ကိုဖြေပြီး ကြည့်လိုက်သည်။

နွေးထွေးပျော့ပျောင်းသည့် အင်္ကျီတစ်ထည် ဖြစ်သည်။

မိဟုန်က အင်္ကျီကို ဖြန့်ကြည့်နေသည့် ဝမ်ယွင်ချောင်အား မြတ်နိုးစွာ ငေးကြည့်နေသည်။

ဝမ်ယွင်ချောင် တအံ့တသြ ဖြစ်နေသည်ကိုမြင်ရသောအခါ ....

"အစ် .... အစ်ကို .... သဘောကျတယ် မဟုတ်လား၊ ဒါက ဒီက အပင်ပန်းခံပြီး ချုပ်ထားတာ၊ လက်တွေတောင် အပ်ထိုးမိလို့ နာနေတာ ခုထိ .... "

"ညီမလေးက အစ်ကို့အတွက် ချုပ်ပေးတာကိုး .... "

သက်ဆိုင်သူများ သိစေရန်

ဘယ်ကျော် ရွှေစေး ကွမ်းရင်းဆန်နှင့် ဆင့်ခြင်းလုံရွှင်တို့သည် ရန်သူလက်မှ လွတ်မြောက်ခဲ့ပြီဖြစ်သော်လည်း ရရှိထားသော ဒဏ်ရာဒဏ်ချက်များကြောင့် ဖျားနာနေကြသည်။ ထို့ကြောင့် ဝေးဝေးသို့ မပြေးနိုင်ကြ။ ယခု ရန်သူ၏ဝိုင်းရံမှုကို ခံနေရသည်။ ကျန်လုံကိုးရူပ် ရှောင်ယွင်ချင်နှင့် အတူပါလာကြသော သူရဲကောင်း သိုင်းသမားအားလုံး အမှတ်သုံး လျှို့ဝှက်စခန်းသို့ အမြန်ပြန်လာခဲ့ကြရန် အကြောင်းကြားလိုက်သည်။

စာ၏ အောက်ဆုံးတွင် 'ကိုးနဂါး' ဟု လက်မှတ်ရေးထိုးထား၏။

"အမှတ်သုံး လျှို့ဝှက်စခန်းက ဘယ်မှာလဲ"

ဝမ်ယွင်ချောင်တို့လူစုက ပြိုင်တူမေးလိုက်ကြသည်။

"မြစ်ဝကမ်းနံဘေးက ရွာကလေးတစ်ရွာ .... နည်းနည်းတော့ ခေါင်တယ် .... "

"နောင်တော်ကြီး၊ အဲဒီနေရာကို သိတယ် မဟုတ်လား"

ရှောင်ယွင်ချင်က ထပ်မေးသည်။

မြစ်ပေါ် သူကြီးက ....

"သိပါတယ် .... ကျွပ်ကိုယ်တိုင် လိုက်ပို့မှာပါ။ ကဲ အချိန်မရှိဘူး၊ ခရီးထွက်ဖို့ အမြန်ပြင်ကြပါ"

သူတို့အားလုံး ခရီးထွက်ရန် ပြင်ဆင်ကြသည်။ လိုအပ်သော ဆေးဝါးမှားနှင့် လက်နက်များ ယူဆောင်ပြီးသောအခါ လူစုခွဲပြီး ထွက်ကြသည်။

မြစ်ပေါ် သူကြီး၏ လမ်းပြ ဦးဆောင်မှုနောက်သို့ လိုက်လာခဲ့ကြသော ဝမ်ယွင်ချောင်တို့လူစုသည် အတော် ခရီးပေါက်လာကြသည်။

အမှတ်သုံးလျှို့ဝှက်စခန်းဟု နာမည်ပေးထားသော ရွာကလေး

အခန်း(၆၅)

သတင်းထူး

မိုးလင်းသည်နှင့် ဝမ်ယွင်ချောင်တို့အားလုံး ပြန်လည်စုစည်းမိကြသည်။ နံနက်စာ စားသောက်နေကြစဉ်တွင် မြစ်ပေါ် သူကြီး ရောက်လာသည်။

လက်ထဲတွင် ဆက်သွယ်ရေးခို၏ခြေထောက်တွင် ဆွဲပေးလေ့ရှိသည့် ဝါးဆစ် သေးသေးကလေးတစ်ခု ပါလာ၏။

မြစ်ပေါ် သူကြီးက ဝမ်ယွင်ချောင်နှင့် ရင်းဆန်းကွေးမူတို့ကို ဦးညွတ်နှုတ်ဆက်ပြီး ဝါးဆစ်ထဲမှ စာရွက်လိပ်ကလေး တစ်လိပ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် အားလုံးမြင်သာအောင် စားပွဲပေါ်တွင် ဖြန့်ချလိုက်သည်။

"ဒါ .... ခုပဲ ရောက်လာတဲ့စာ .... ကိုးနဂါး ဆရာကြီးဆီက စာ .... "

မြစ်ပေါ် သူကြီး၏စကားကြောင့် အားလုံး ခေါင်းညိတ်လိုက်ကြသည်။

ထို့နောက် စာရွက်ပေါ်မှစာများကို ဝိုင်းဖတ်ကြသည်။

သည် ထင်ရှားတောကြီးထဲတွင် တည်ရှိနေသည့် ရွာကလေးဖြစ်သည်။

ထိုရွာကလေးသို့ရောက်ရန် တစ်မိုင်ခန့်အလိုမှာပင် မန်ချူးကင်းများကို တွေ့မြင်ရတော့သည်။

ရန်သူ မန်ချူးကင်းများကလည်း မိမိတို့ကို တွေ့မြင်သွားကြလေပြီ။ သို့သော် ရင်ဆိုင်တိုက်ပွဲတော့ မဖြစ်သေးပေ။

ရင်းဆန်းကွေးမူနှင့် ဟုန်ဟုန်က ထိုကင်းစခန်းများကို ဖြိုခွင်းပြီး အတွင်းသို့ ဝင်လိုကြသည်။

ရှောင်ယွင်ချင်က လက်မခံ။

"ကျွပ်တို့ အရမ်းတိုက်လို့ မဖြစ်ဘူး၊ ရန်သူကို အချိန်မကျခင် အင်အားစုခိုင်းသလို ဖြစ်နေလိမ့်မယ်"

ရှောင်ယွင်ချင်၏အယူအဆကို ဝမ်ယွင်ချောင် လက်မခံချင်ပါ။

"မထူးပါဘူး ဆရာကြီးရယ် .... ရန်သူက ကိုယ့်ကို တွေ့နေပြီပဲဟာ .... ဘာလျှို့ဝှက်စရာရှိတော့သလဲ"

"ကျွပ်တွက်တာ တစ်မျိုးပါ မောင်ရင်၊ ရန်သူက ကျွပ်တို့ကို အဓိကရန်သူထင်ပြီး အင်အားကြီးကြီးနဲ့ ဝိုင်းတိုက်ကြရင် ကျွပ်တို့ရဲ့ အရေးတကြီး ဆောင်ရွက်ရမယ့် ကိစ္စတွေ ပျက်ကုန်မှာစိုးလို့ပါ"

ရင်းဆန်းကွေးမူက ခေါင်းခါပြီး ဝင်ပြောသည်။

"သူတို့လူတွေ ဘယ်လောက်များများ ကျွန်မတို့ အားကလည်း သေးတယ်မှမဟုတ်ဘဲရှဉ့်၊ သူတို့ကို မထိုးဖောက်နိုင်ဘူးလို့ ထင်နေသလား .... "

"ကိုယ့်လူတွေကို အထင်သေးလို့ မဟုတ်ပါဘူး၊ ရန်သူဆယ်ယောက်၊ ကိုယ်တစ်ယောက်နည်းကို သုံးချင်လို့ပါ။ နောက်တစ်ချက်က သူတို့ရဲ့ထောင်ချောက်တွေထဲ ဝင်မိမှာလည်း စိုးတယ် .... "

"ရှင်က ရန်သူတွေမှာ ဝိုင်းကွက်ရှိနေတယ်လို့ ထင်နေသလား"

"ရှိနေတယ်လို့ ယူဆတယ်၊ ခုချိန်ဆိုရင် မြစ်ဝါမြောက်ဘက်က မန်ချူးစစ်သားတွေနဲ့ မြစ်ဝါတောင်ဝိုင်းက မန်ချူးစစ်သားတွေဟာ တစ်စုတည်း ပူးပေါင်းမိလောက်ပြီ"

ဝမ်ယွင်ချောင်သည် ထိုအခါကျမှ သူတို့ဆန္ဒစောနေကြောင်းကို သတိပြုမိတော့သည်။

ရှောင်ယွင်ချင်က သက်ပြင်းချပြီး ဆက်ပြောသ်။

"ကျွပ်အမြင်တော့ ကိုးနဂါး ဆရာကြီးဟာ နှယ်နှယ်ရရ ဟုရှိလ်မဟုတ်ဘူး၊ ရန်သူလက်ထက ဘယ်ကျော်ရွှေဆားတို့ကို လုယူနိုင်ခဲ့တာဟာ သာဓကပဲ၊ ဒီတော့ ရန်သူဘက်ကလည်း ပေါ့ပေါ့ဆဆ ဘယ်လုပ်တော့မလဲ၊ အသက်နတ်မရဏဆိုတဲ့လူက ခေတဲ့လူမှ မဟုတ်တာ၊ ကွဲနေကြတဲ့ နောက်လိုက်တွေကို စုရုံးပြီး အားဖြည့်မှာပေါ့"

ဟုန်ဟုန်က ဝင်မေးသည်။

"ကျွန်မ ဓရှင်းလို့ မေးပါရစေ ဆရာကြီး၊ မန်ချူး လက်ပါးစေတွေဟာ အင်အားကြီးမားနေတာတောင် ရွာထဲကို ဘာလို့မဝင်ကြသေးတာလဲ၊ ကိုးနဂါးဆရာကြီးနဲ့ ဘာဖြစ်လို့ ထိပ်တိုက်ရင်မဆိုင်သေးတာလဲ .... "

တစ်ယောက်တစ်ခွန်းပြောနေသောစကားများကို ငြိမ်သက်စွာနားထောင်နေကြသည့် မြစ်ပေါ်သူကြီးက ဝင်ပြီး ရှင်းပြသည်။

"ရန်သူတွေဟာ ရွာထဲကို သိပ်ဝင်ချင်နေကြပါတယ်၊ ဒါပေမယ့် သူတို့လည်း အခက်တွေ့နေတယ်"

"ဘာဖြစ်လို့လဲ .... "

ရင်းဆန်းကွေးမူက လှမ်းမေးသည်။

မြစ်ပေါ်လူကြီးက ....

"ထင်းရှူးတော အဝင်မှာ ငါးသွယ်ပြောင်းပြန် ဝင်္ကပါရှိနေတယ်လေ အဲဒါကို သူတို့ မဖြေရှင်းနိုင်သေးဘူး"

"သြော် .... ဒါကြောင့်ကိုး"

ရှောင်လင်က မှတ်ချက်ချသည်။

ဟုန်ဟုန်တို့ ခေါင်းတညိတ်ညိတ် ဖြစ်သွားကြသည်။

မြစ်ပေါ်သူကြီးက ဆက်ပြီး ရှင်းပြသည်။

"ကိုးနဂါးဆရာကြီးဟာ ဝင်္ကပါထောင်ချောက်ပညာ ကျွမ်းကျင်တယ်၊ ရွာတွင်းမှာကော ရွာပြင်မှာပါ ဝင်္ကပါ ကွက်တွေချထားတယ်၊ ထင်းရှူးတောထဲက ဝင်္ကပါဟာ ကြောက်စရာအကောင်းဆုံးပဲ"

"ဒီလိုအစွမ်းထက်တဲ့ ပညာတွေ တတ်ထားလျက်နဲ့ ကျွန်မတို့ကို ဘာဖြစ်လို့ အကူအညီ ခေါ်ခဲ့တာလဲ .... "

ဟုန်ဟုန်အမေးကို မြစ်ပေါ်သူကြီးက အေးအေးဆေးဆေးဖြေသည်။

"အကြောင်းကတော့ ရန်သူတွေဟာ အကြံကုန်ရင် ထင်းရှူးတောကို မီးရှို့ပြီး မီးလောင်တိုက်သွင်းနိုင်ကြလို့ပဲ၊ ဒါပေမယ့် ဒီအလုပ်ကို လုံးဝမလွဲသာ မရှောင်သာမှ လုပ်ကြမှာပါ။ သူတို့က ကိုးနဂါးဆရာကြီးကို အသေထက် အရှင်ပဲ လိုချင်နေကြတယ်"

"ဒီလိုဆိုရင် လောလောဆယ်ကိစ္စကို ကျွန်တော်တို့ ဘယ်လို ဆောင်ရွက်ကြမလဲ .... "

ဝမ်ယွင်ချောင်၏အမေးကို ရှောင်ယွင်ချင်က ဝင်ဖြေလေသည်။

"လူစုခွဲပြီး ရန်သူကို ရင်ဆိုင်ရင် ပိုကောင်းမယ် .... ကျွပ်တို့ ရန်သူနဲ့ရင်ဆိုင်နေတုန်း မြစ်ပေါ်သူကြီးနဲ့အုပ်စုတစ်စုက ရွာထဲကိုဝင်၊

ကိုးနဂါးဆရာကြီးနဲ့တွေ့၊ အဲဒါ မကောင်းဘူးလား"

"ကောင်းတယ် .... "

မြစ်ပေါ်သူကြီးက သဘောတူသည်။

"ဒီလိုဆိုရင် ကျွန်တော် ပထမဆုံး ဝင်တိုက်မယ်"

ဝမ်ယွင်ချောင်က အဆိုပြုလိုက်၏။ ရှောင်ယွင်ချင်က စဉ်းစဉ်းစားစားပြောသည်။

"မောင်ရင်ရဲ့ လက်ရှိသိုင်းပညာနဲ့ အတွင်းအားအရဆိုရင် နိုင်ချေရှိပါတယ်၊ သိုင်းလောက အတွေ့အကြုံနည်းနေတာပဲပြောစရာရှိပါတယ်၊ ဒါပေမယ့် ဂိုဏ်းစောင့်ရှောက်ရေးမှူးကြီးချွန်ယောင်ဘေးက ကူညီရင်တော့ အဆင်ပြေနိုင်ပါတယ်၊ ဒီတော့ သတိထားပြီး ရင်ဆိုင်ကြပါ"

ဝမ်ယွင်ချောင်သည် တက်တက်ကြွကြွ ဖြစ်လာသည်။ ဆုံးဖြတ်ချက်ချပြီးသည်နှင့် ချွန်ယောင်နှင့်အတူ ထင်းရှူးတောရှိရာ တိုးကပ်လာကြသည်။

ထိုအချိန်မှာပင် ဟုန်ဟုန်၊ ရှောင်လင်နှင့် မိဟုန်တို့ကလည်း နောက်မှ လိုက်ပါလာကြသည်။ ထို့ကြောင့် ငါးယောက်အုပ်စု ဖြစ်သွားသည်။

ထင်းရှူးတောစပ်အနီးသို့ရောက်သောအခါ တုံးခေါက်သံများ ထွက်ပေါ်လာသည်။

တစ်ပြိုင်နက်တည်းမှာပင် မြားတံများ ဝေါခနဲ ပြေးထွက်လာသည်။

ဝမ်ယွင်ချောင်တို့လူစုသည် လျှပ်ပြက်သလို လှုပ်ရှားပြီး မြားတံများကို ရိုက်ထုတ်ကြသည်။

ရန်သူကိုရှာပြီး .... ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြသည်။ တစ်ခဏအတွင်းမှာပင် မြားသမားဆယ်ယောက် ကျဆုံးသွားသည်။

"ထင်းရှူးတောထဲ ဝင်ကြစို့"

ဆွန်ယောင်သည် ဟုန်ဟုန်၊ ရှောင်လင်နှင့် မိဟုန်တို့ကို ခေါ်ပြီး ထင်းရှူးတောရှိရာ ပြေးကြသည်။

စောစောက ထင်းရှူးတောစပ်တွင်ရှိနေသော ဝမ်ယွင်ချောင်းကား ရုတ်တရက် ပျောက်ဆုံးသွားသည်။

"အစ်ကို ဝမ်ယွင်ချောင်းကော .... "

ဟုန်ဟုန်က အထိတ်တလန့် မေးသည်။

"ထင်းရှူးတောထဲ ဝင်သွားတယ်နဲ့တူတယ်"

မိဟုန်က ထင်မြင်ချက်ပေးသည်။

ရှောင်လင်က ထိတ်ထိတ်လန့်လန့် ပြောသည်။

"ဘယ်လိုဖြစ်တာလဲ၊ ရန်သူတွေကို တစ်ယောက်မှ မတွေ့ရ တော့ပါလား"

ကျန်လု ဂိုဏ်းစောင့်ရှောက်ရေးမှူးကြီး ဆွန်ယောင်က ခေါင်းခါပြီး ပြော၏။

"သွားပြီ .... သွားပြီ .... သခင်လေးတော့ ရန်သူ မြို့ဆွယ်မှကို ခံလိုက်ရပြီ"

ထိုအချိန်မှာပင် ကျန်လုဂိုဏ်းချုပ်ရှောင်ယွင်ချင် အပြေးအလွှား ရောက်လာသည်။

"အားလုံး နောက်ပြန်ဆုတ်၊ အားလုံး နောက်ပြန်ဆုတ်"

ရှောင်လင်က ရှောင်ယွင်ချင်ကိုကြည့်ပြီး မျက်လုံးပြူးနှင့် ပြော သည်။

"အစ်ကို ဝမ်ယွင်ချောင်ကို မတွေ့တော့ဘူး၊ ဘယ်ရောက်သွား မှန်းလည်း မသိဘူး"

သားအဖနှစ်ယောက် အလောတကြီး ပြောဆိုနေကြစဉ် မိဟုန် နှင့် ဟုန်ဟုန်သည် ထင်းရှူးတောထဲသို့ ပြေးဝင်သွားကြတော့သည်။ သူတို့ကို ရှောင်ယွင်ချင်က အော်ဟစ်တားမြစ်သေးသည်။ သို့သော် တား၍ မရပေ။

ထိုစဉ် ရှောင်လင်သည်လည်း ဘာမျှမစဉ်းစားဘဲ ထင်းရှူး တောထဲသို့ ဝင်ရန်ဟန်ပြင်သည်။ သူမ လေးငါးလှမ်းသာ လှမ်းလိုက်ရ သည်။ ရှောင်ယွင်ချင်က ဖျတ်ခနဲခုန်ပြီး ဖမ်းဆွဲထားလိုက်၏။

"အရူးမ ဘယ်သွားမလို့လဲ"

"အစ်ကိုဝမ်ယွင်ချောင်နောက် လိုက်မလို့"

"ရူးမနေနဲ့၊ အခြေအနေ သိပ်ဆိုးလာတော့မယ် လာ"

ရှောင်ယွင်ချင်သည် မာထန်ထန်ပြောပြီး သမီးလက်ကိုဆွဲကာ နောက်ပြန်ဆုတ်သည်။

ရှောင်လင်က နှုတ်ခမ်းတစုစုနှင့် ....

"ဘယ်လိုဖြစ်နေတာလဲ အဖေရဲ့"ဟု ပြောသည်။

ရှောင်ယွင်ချင်သည် နောက်သို့ ပြန်ပြေးနေရင်းက ....

"ကိုးနဂါးဆရာကြီးဆီက အကြောင်းကြားစာ ရောက်လာ တယ် .... "

"ကိစ္စ အရေးကြီးသလား .... "

"ကြီးလို့ပေါ့ဟာ၊ မန်ချူးတွေ အားကုန်အင်ကုန်တိုက်ဖို့ စိုင်းပြင်း နေပြီ"

"ဒါများ ဘာဆန်းလို့လဲ"

ရှောင်ယွင်ချင်သည် စကားပြောရင်း နောက်ပြန်ဆုတ်လာသည်။ မကြာခင်မှာပင် ရင်းဆန်းကွေးမူတို့နှင့် ပြန်ဆုံကြသည်။

ရှောင်ယွင်ချင်က ဝမ်ယွင်ချောင်တို့ ထင်းရှူးတောထဲ ဝင်သွားပြီဖြစ်ကြောင်း ပြောပြသည်။

ဝမ်ယွင်ချောင်၏နောက်ကို မိဟုန်နှင့်ဟုန်ဟုန်တို့ပါ ပါသွားကြောင်း သိရသောအခါ ရင်းဆန်းကွေးမူ မျက်စိမျက်နှာ ပျက်သွားတော့သည်။

ရှောင်လင်က ....

"ဖေဖေကလည်း တော်တော်ကို ခက်တာပဲ၊ ကိုးနဂါးဆရာကြီးရဲ့စာရွက်ပေါ်က စာလုံးတွေကို ကြည့်ပြီး ဒီလောက်တောင် ကြောက်နေရသလား၊ ဒီလိုသာ ကြောက်တတ်နေရင် ရန်သူကို ဘယ်လိုရင်ဆိုင်ကြမလဲ"

❐○❐

"မဆန်းဘူး လုပ်မနေနဲ့၊ သူတို့တိုက်မယ့်လက်နက်က ဓားတွေလုံတွေမဟုတ်ဘူး၊ ဝိတုန်းတွေလွှတ်ပြီး တိုက်မှာ"

"ဝိတုန်း ဟုတ်လား"

"ဟုတ်တယ် .... ကိုးနဂါးဆရာက အဲဒီဝိတုန်းတွေအကြောင်း အတိအကျညွှန်ပြထားတယ်၊ ရန်သူတွေကလည်း အဲဒီသတ္တဝါတွေကို လေ့ကျင့်ထားတာတဲ့၊ တိုက်ပြီဆိုရင် အတတ်သာရှိပြီး အဆုတ်မရှိဘူးတဲ့၊ အဆိပ်လောကမှာ အပြင်းဆုံးအဆိပ်တဲ့၊ တစ်ကောင်မှမကျန်အောင် သတ်နိုင်မှ အန္တရာယ်ကင်းမယ်တဲ့"

"ဒါများ အားလုံး သုတ်သင်ပစ်လိုက်ရုံပေါ့"

"အလွယ်မပြောနဲ့ .... ဝိတုန်းတွေက ရာနဲ့ချီပြီး ရောက်လာကြမှာ .... လေးငါးဆယ်ကောင်မဟုတ်ဘူး၊ သူတို့ အကိုက်ခံရတာမပြောနဲ့၊ အနံ့အသက်တွေကတောင် အန္တရာယ်ကောင်းကောင်းပေးနိုင်တဲ့ အကောင်တွေ .... "

"ဒီလိုဆိုရင် အစ်ကိုဝမ်ယွင်ချောင်တို့ကို ပိုပြီး အကြောင်းကြားဖို့ ကောင်းတာပေါ့"

"ခုအချိန်ကျမှ ဘယ်လိုအကြောင်းကြားလို့ မရတော့ဘူး .... ကိုးနဂါးဆရာရဲ့စာထဲမှာ ထင်းရှူးတောထဲကို ဝင်မိရင် သေလိမ့်မယ်လို့ ဆိုထားတယ်"

ရှောင်လင်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ ဖခင်ဖြစ်သူ ရှောင်ယွင်ချင်လက်ထဲမှ လက်ကိုဆောင့်ပြီး ရုန်းပစ်လိုက်သည်။

"ဒီလိုဆိုရင် ဖေဖေက ဘာဖြစ်လို့ ဝင်မကယ်တာလဲ"

"မကယ်ချင်လို့ မဟုတ်ဘူး၊ တို့ပါ အန္တရာယ်ကျရောက်ခဲ့ရင် နောက်ပိုင်းကိစ္စတွေအားလုံး ဆုံးရှုံးကုန်လိမ့်မယ်"

ထိုစဉ် တစ်ကြိမ်တစ်ခါမျှ စကားဝင်မပြောဘူးသော လက်နက်မဲ့ နဂါးသတ် ရင်းကြယ်ဟော့က တစ်လုံးချင်း ဝင်ပြောလာသည်။

"ဖေဖေသာ အချိန်မီရောက်လာရင် သိပ်ကောင်းမယ်"

ရင်းဆန်းကွေးမူက သားကို မျက်စောင်းထိုးသည်။

"ဒီ လူအကြောင်း လာပြောမနေနဲ့၊ အရေးအကြောင်းကျရင် ဘယ်ရောက်နေမှန်းကို မသိဘူး၊ အလကားလူ"

ရင်းလီကြူက ရယ်ပြီးလှမ်းမေးသည်။

"ဘွားဘွားက ဘိုးဘိုး ဘယ်မှာရှိနေတယ်ဆိုတာ မသိဘူးလား"

ထိုမေးခွန်းသည် လူတိုင်းမေးလိုသော မေးခွန်းပင် ဖြစ်ပေသည်။

သိုင်းရူးအဘိုးကြီးနှင့် လက်နှစ်ဖက်မိုးလုန် တွမ်ကြွင်းတို့ ပျောက်ဆုံးခြင်းမလှ ပျောက်နေပုံသည် စိတ်ဝင်စားစရာကောင်းသည်။ သူတို့နှစ်ယောက်အကြောင်းသည် အားလုံး၏ရင်ထဲ၌ ပဟေဠိတစ်ပုဒ် ဖြစ်နေသည်။

ရင်းဆန်းကွေးမူသည် ရင်းလီကြူ၏အမေးကို မဖြေဘဲ ရှောင်ယွင်ချင်ကိုသာ လှမ်းမေးသည်။

"ဆရာကြီး ကိုးနဂါးဆရာကြီးရဲ့ညွှန်ကြားချက်အတိုင်း ကျွန်မတို့ ဆုတ်ခွာပြီးပြီပဲ၊ ရန်သူပိတုန်းတွေက ဘယ်အချိန်မှာ ရောက်လာမှာလဲ"

ရှောင်ယွင်ချင်က သက်ပြင်းချပြီး ဖြေသည်။

"ဒါတော့ ကျွပ်လည်း အတိအကျမပြောနိုင်ဘူး၊ ကျွပ်တို့အနေနဲ့ ဝတ်ရုံရှည်ကြီးတွေ ဝတ်ဆင်ထားမယ်ဆိုရင် စိတ်ချရမယ်၊ သစ်သားပြားတွေလည်း လိုလိမ့်မယ်"

"ဖေဖေ့ဥစ္စာက ဘာဆိုင်လို့လဲ"

ရှောင်လင့်စကားကြောင့် အားလုံး ရုံ့မဲ့သွားသည်။

ရှောင်ယွင်ချင်က ....

"ဟ .... ဝိတုန်းတို့၊ ပျားတို့ဆိုတာ လူကို တုပ်တတ်တဲ့အမျိုးတွေပဲ .... လုံခြုံဖို့ ဝတ်ရုံတွေ လိုသလို ကာဆီးဖို့၊ ရိုက်ဖို့ သစ်သားပြားတွေ လိုအပ်လိမ့်မယ်၊ ဒိုင်းသဘောပေါ့"

"ကျွန်မ သဘောပေါက်ပါတယ်၊ ဒါပေမယ့် ဝမ်ယွင်ချောင်တို့ လူစုဟာ အန္တရာယ်ထဲရောက်နေတယ်၊ ဒီတော့ ရန်သူ လွတ်လိုက်တဲ့ မိုးပျံရွေပိတုန်းတွေကို ရှင်းပစ်တယ်ပဲထားဦး၊ အကျိုးများနိုင်ပါဦးမလား ရှင့်"

"ဆရာကြီး ပြောတာလည်း မှန်တာပဲ၊ ဒီတော့ ဆရာမကြီး ဘယ်လိုဆောင်ရွက်ချင်သလဲဆိုတာ ပြောပါ"

"ရန်သူကိုရှာပြီးတိုက်မယ်၊ ဝမ်ယွင်ချောင်နဲ့ ကျွန်မသမီးတွေကို ဝင်ကယ်မယ်"

"ကြိုက်တယ်၊ အဲဒါမျိုးမှ သူရဲကောင်းပီသတာ"

ရှောင်လင်က လက်သီးလက်မောင်းတန်းပြီး အော်တော့သည်။

မြစ်ပေါ်သူကြီးက တည်ကြည်စွာ ဝင်ပြော၏။

"အားလုံး စိတ်ကို ချုပ်တည်းထားစေချင်ပါတယ်၊ ကိုးနဂါး ဆရာကြီးရဲ့ သတိပေးချက်တွေဟာ အလကားမဟုတ်ပါဘူး၊ ကျုပ်တို့ အနေနဲ့ ဆရာကြီး ရှောင်ယွင်ချင်ပြောတဲ့ပစ္စည်းတွေကိုပဲ ရှာထားသင့်ပါတယ် .... "

"မှန်ပါတယ် အစ်ကိုကြီး .... ကိုးနဂါးဆရာကြီးဟာ အမြင်ကျယ်သလောက် တော်လည်းတော်၊ စွမ်းလည်းစွမ်းပါတယ်၊ ဒါပေမယ့် ဝမ်ယွင်ချောင်နဲ့ ဟုန်ဟုန်တို့၊ မီဟုန်တို့ တိမ်းပါးချွတ်ချော်ခဲ့ရင် နောက်ပိုင်းကိစ္စတွေကို ဘယ်လို ဖြေရှင်းမလဲရှင့်"

"သိပ် စိတ်ပူမနေပါနဲ့ဗျာ .... ကိုးနဂါးဆရာကြီးမှာ ဖြေရှင်းနိုင်တဲ့နည်းတွေ ရှိမယ်ထင်ပါတယ်"

မြစ်ပေါ်သူကြီးက ထိန်းထိန်းသိမ်းသိမ်း ပြောသည်။

ရှောင်ယွင်ချင်ကမူ သူ၏ဂိုဏ်းစောင့်ရှောက်ရေးမှူးကြီး ချွန်ယောင်အား အနီးဆုံး ရွာတစ်ရွာမှ ဝတ်ရုံရှည်ကြီးများနှင့် ပျဉ်ပြားများ ရနိုင်သလောက် ရှာဖွေရန် စေလွှတ်လိုက်လေတော့၏။

ချွန်ယောင်လည်း လေးညှို့မှ ပစ်လွှတ်လိုက်သော မြားနှယ် ပြေးထွက်သွားလေ၏။

❑○❑

အခန်း(၆၆)

ကယ်တင်ရှင် မိန်းကလေး

ထင်းရှူးတောဘက်မှ .... ရွှေရောင်နှင့် အပြာရောင် အစက်အပြောက်များကို ငှက်အုပ်ကြီး ပုံသန်းလာသကဲ့သို့ တွေ့ရသည်။ တစ်ခိုနာရီတည်းတွင် တဝီဝီမြည်ဟည်းလာသော အသံများကိုပါ ကြောက်မက်ဖွယ် ကြားလာရသည်။

"မိုးပုံ ရွှေဝိတုန်းတွေလာပြီ"

ရှောင်ယွင်ချင်က ကောင်းကင်သို့ မော့ကြည့်ပြီး အော်ဟစ်လိုက်၏။

"ဟုတ်တယ်၊ ဆရာကြီးပြောတာ မမှားဘူး"

ရင်းဆန်းကွေးမူက သက်ပြင်းချပြီး ထောက်ခံသည်။

"သတိကြီးကြီးထားကြပါ၊ လောလောဆယ် ပြဿနာဟာ မိုးပုံရွှေဝိတုန်းတွေကို ရင်ဆိုင်ဖို့ပဲ၊ ကျန်တာ နောက်မှ စီစဉ်မယ်"

မြစ်ပေါ်သူကြီးက အထူးသတိပေးသည်။

သူတို့သည် ချွန်ယောင်သယ်ယူလာသည့် ဝတ်ရုံရှည်ကြီးများနှင့် လူတစ်ကိုယ်ကို ကာကွယ်နိုင်သော သစ်သားပြားကြီးများကို အသင့်

ကိုင်ဆောင်ထားကြ၏။

ရှောင်ယွင်ချင်သည် .... ရွှေရောင်အုပ်စုကြီးကို ငေးကြည့်နေရင်း ....

"အားလုံး အသင့်ရှိကြ၊ လုံးဝ ဟာကွက်မရှိစေနဲ့" ဟု အော်နေသည်။

ဝိတုန်းများ နီးလာသည်နှင့် တဝီဝီအသံများသည် နားကွဲမတတ် ဆူညံလာသည်။

ရင်းဆန်းကွေးမူက .... တိုက်ကွင်းတိုက်ကွက်ကို စဉ်းစားနေရင်း ....

"ကျွန်မတို့အားလုံး စက်ဝိုင်းသဏ္ဌာန်စုဝေးပြီး ခုခံမယ်၊ ဒါမှ အားဝိုကြီးပြီး ညီညီညွတ်ညွတ်ရှိမှာ"

ချက်ချင်းလူစုပြီး ဝိုင်းနေလိုက်ကြသည်။ ခွဲကိုင်ထားသော ဒိုင်းများနှင့် လက်နက်များကိုလည်း အသင့်ပြင်ထားကြသည်။

ကောင်းကင်မှ ပုံသန်းလာသော မိုးပုံရွှေပိတုန်းအုပ်စုကြီးသည် ခေါင်းပေါ်သို့ ရောက်နေပြီ။

ထို့နောက် ရင်းဆန်းကွေးမူတို့လူစုရှိနေရာသို့ ထိုးစိုက်ဆင်းလာကြသည်။

ရင်းဆန်းကွေးမူတို့ကလည်း ဒိုင်းများကို မြောက်တင်လိုက်ကြပြီး တဝုန်းဝုန်း ရိုက်ထုတ်ကြတော့သည်။

ရာနှင့်ထောင်နှင့်ချီပြီး တိုးဝင်လာကြသော မိုးပုံရွှေပိတုန်းများသည် ပြင်းထန်သော လေလှိုင်းရိုက်ခတ်မှုနှင့် သစ်သားဒိုင်းဒဏ်ကို မခံနိုင်ကြဘဲ ဝိုးခနဲ ဝိုးခနဲ လွင့်ထွက်သွားကြလေသည်။

မိုးပုံ ရွှေပိတုန်းများ၏အနှံသည် ညှိစိုစိုနှင့် အခံရခက်လှသည်။

ထူးခြားဆန်းကြယ်သော တိုက်ပွဲတစ်ပွဲပင်တည်း။

လေးဘက်လေးတန် သေကြေပြန့်ကျဲသွားကြသည့် မိုးပုံ ရွှေပိတုန်းများကို အမိန့်ပေး စေလွှတ်နေသည့် အမိန့်ပေးခြင်းသံများ ဖြစ်ပေသည်။

ခြင်္သေ့ ရပ်သွားချိန်တွင် မိုးပုံရွှေပိတုန်းအုပ်တစ်အုပ် ပုံသန်းလာပြန်သည်။

ရင်းဆန်းကွေးမူတို့သည် ပထမဆုံးသော မိုးပုံရွှေပိတုန်းများကို သုတ်သင်နိုင်လိုက်သော်လည်း ပေါ့ဆမှု မရှိကြချေ။

ရှေးနည်းအတိုင်း ဒိုင်များကို ဆွဲကိုင်ပြီး စုဝေးနေလိုက်ကြသည်။

ထိုစဉ် နောက်ထပ် မိုးပုံရွှေပိတုန်းအုပ်တစ်အုပ် ပုံတက်လာပြန်သည်။

ရွှေခြင်္သေ့လားမားသည် မိုးပုံရွှေပိတုန်းများကိုတစ်သုတ်ပြီးတစ်သုတ် ဆက်တိုက်လွှတ်နေလေပြီတည်း။

ကျန်လု ခေါင်းဆောင်ချုပ် ရှောင်ယွင်ချင်သည် ဝိတုန်းများကို အာရုံစိုက်ကြည့်ရင်း စိတ်ဓာတ်ကျလာ၏။

ဤမျှ များပြားသော ဝိတုန်းများကို လက်ရှိ လူအားနှင့်ဖြိုခွင်းမရနိုင်ဟုပင် ထင်လာသည်။ မိမိတို့လူစုထဲမှ တစ်ယောက်မဟုတ်တစ်ယောက် ဒုက္ခများမည်မှာ သေချာသည်ဟု တွက်နေသည်။

ရင်းဆန်းကွေးမူလည်း ထိုအတိုင်းပင် ခံစားနေရသည်။

အဟိတ် .... တိရစ္ဆာန်များကို ဖြိုခွင်းတိုက်ခိုက်နေမည့်အစား ထိုသတ္တဝါများကို လွှတ်တင်နေသည့်လူကိုရှာပြီး သူသေကိုယ်သေ တိုက်ချင်လှသည်။

ထိုအချိန်တွင် မိုးပျံ ရွေဝိတုန်းများ မူတ်ထုတ်လိုက်သည့် အဆိပ်ငွေ့များသည် မီးခိုးများလို ပြန့်ထွက်လာသည်။

ရင်းဆန်းကွေးမူ နောက်မှပါလာကြသော အမျိုးသမီးသူရဲကောင်းများသည် တစ်အုပ်ပြီးတစ်အုပ် ထိုးဆင်းလာကြသည့် ဝိတုန်းများကို တကြေမိုး ခုခံနေကြရသည်။

အချိန်အတော်ကြာသောအခါ လပြိုသူများရှိလာလေသည်။

ရင်းဆန်းကွေးမူသည် ဒိုင်းကြီးကို ဝိုးခနဲ ဝိုးခနဲ ယမ်းနေရင်းက ရှောင်ယွင်ချင်ကို လှမ်းပြောသည်။

"ဆရာကြီး .... အခြေအနေက ကြာလေဆိုးလေဖြစ်နေပြီ၊ ဘယ်လို ဖြေရှင်းကြမလဲ"

"အခုအထိတော့ နည်းလမ်းရှာလို့မတွေ့သေးဘူး၊ ဒီအတိုင်းပဲ ခုခံနေရဦးမှာပဲ .... မခုခံရင် သေကုန်မယ်"

"ကျွန်မတို့နှစ်ယောက်အတွက်ကတော့ သိပ်မခက်ဘူး၊ စိတ်ကြိုက်လွှဲပျံရှားလို့ရတယ်၊ ကျန်တဲ့လူတွေအတွက် စဉ်းစားရမယ်"

"မလွယ်ဘူး၊ ဆုတ်ဖို့ မစဉ်းစားနဲ့ဦး"

"လူတွေတုံးလုံးပက်လက်ဖြစ်နေမှ ရန်သူတွေထပ်ရောက်လာရင် ကျားအုပ်ထဲက သိုးတွေဖြစ်သွားမယ်"

ရင်းဆန်းကွေးမူသည် ဒိုင်းကြီးကို တဝုန်းဝုန်း တဟူးဟူးမြည်အောင် တွန်းထုတ်ဝှေ့ယမ်းနေရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

အမျိုးသမီးသူရဲကောင်း ခုနစ်ယောက်၊ ရှစ်ယောက် ဗုန်းဗုန်းလဲနေလေပြီ။ ရင်းဆန်းကွေးမူသည် မျက်စိပျက် မျက်နှာပျက်ဖြစ်သွားပြီး ဒေါသ ပိုကြီးလာသည်။ ထို့ကြောင့် ဒိုင်းကြီးကို ဝုန်းခနဲ ဝုန်းခနဲ

မြည်အောင် တွန်းထုတ်လိုက်ပြန်သည်။

ဝိတုန်းအုပ်စု တစ်စုသည် ဝိုခနဲ ဝိုခနဲ မြည်ပြီး လွင့်ထွက်ကုန်ကြသည်။

မြေပြင်တွင် ပြန့်ကျဲသေကြေနေသော ဝိတုန်းများကလည်း ခြေချစရာမရှိအောင် ပြည့်နေသည်။

သို့သော် တစ်အုပ်ပြီးတစ်အုပ် ရောက်လာသော ဝိတုန်းအုပ်သည် တဝီဝီ ပျံသန်းနေကြဆဲပင်တည်း။

ရင်းဆန်းကွေးမူကော ရှောင်ယွင်ချင်ပါ ချွေးတဒီးဒီးကျနေကြလေပြီ။ သူတို့အဖို့ အကြီးအကျယ် အကျပ်ဆိုက်နေကြလေပြီ။

"ကြောက်မနေကြနဲ့ .... ဒီဝိတုန်းတွေကို ကျွန်မ ချေမှုန်းပစ်မယ် .... "

ရုတ်တရက် ပေါ်လာသောအသံ ဖြစ်သည်။

ထိုအသံကို ရင်းဆန်းကွေးမူကော ရှောင်ယွင်ချင်ပါ ကြားဖူးကြသည်။ သို့သော် အသံရှင်ကို ဂရုမစိုက်နိုင်ကြသေးချေ။

သူတို့အားလုံး ဝိတုန်းများကို အာရုံစိုက်နေကြစဉ်မှာပင် အနီရောင် အလင်းတန်း ဆယ်ခုဆယ့်ငါးခုခန့် မိုးပေါ် ထိုးတက်သွားသည်။ ဝိတုန်းအုပ်ထဲသို့ ရောက်လောက်မှ မီးပန်းများက ပွာခနဲ ပွာခနဲ ဖြစ်သွားပြီး ပေါက်ကွဲသံများ ဆူညံသွားသည်။

ကောင်းကင်တွင် မီးတောက်မီးလျှံများ ဖြစ်ပေါ်လာပြီး ဝိတုန်းကောင်ကြီးများ တဖြုတ်ဖြုတ် ပြုတ်ကျလာသည်။

အစုလိုက် အဆုံလိုက်လည်း ပြုတ်ကျလာကြသည်။

မီးပွင့်မီးပန်းများနှင့် မီးတောက်မီးလျှံများသည် ပေနှစ်ရာပတ်လည်ခန့်ကို လင်းထိန်နေစေသည်။ မီးခိုးနံ့နှင့် ယမ်းနံ့များ အုထွက်နေ

ရှောင်လင် ဝမ်းသာသွားသည်။

"ဘယ်သူများလဲလို့ မမကို၊ အသံကြားကတည်းက မမပဲလို့ ထင်နေတာ၊ မမ ကူညီတာ ဒါပါနဲ့ဆို နှစ်ခါရှိပြီ၊ ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ဘူး"

မျက်နှာပုံးရှင် အမျိုးသမီးသည် ရှောင်လင်ကို စကားမပြော အားပါ။ ဒဏ်ရာရပြီး လဲနေသူများ အနီးသို့သာ ဓပ်သုတ်သုတ်လျှောက်သွားသည်။

ရင်းဆန်းကွေးမှနှင့် ရှောင်ယွင်ချင်တို့ကလည်း လဲနေသူများ၏ ဒဏ်ရာ ဒဏ်ချက်များကို ကမန်းကတန်း စစ်ဆေးကြ၏။

ကြောက်စရာကောင်းသည့် ဝိတုန်း အတုပ်ခံရသူများသည် တစ်ကိုယ်လုံး ယောင်ကိုင်းနေကြသည်။

လူတစ်ယောက်မှ နှစ်ယောက်လို ဖြစ်နေသည်။ တစ်ကြိမ်မျှ မကြံဘူးသော အဆိပ်သင့်မှုပင် ဖြစ်သည်။

ရှောင်လင်သည် တစ်ကိုယ်လုံး ယောင်ကိုင်းပြီး တအင်းအင်း ညည်းညူနေသူများကိုကြည့်ရင်း ရွံကြီးတငင် ငိုတော့၏။

"တော်တော်ကြောက်စရာကောင်းတဲ့ ဝိတုန်းတွေ .... သူတို့

သည်။ တစ်ခို့နှိမ်တည်းမှာပင် ဝိတုန်းကောင်များ ကိုယ်ပေါ်မှ ပေါ်ထွက်နေသည့် ညှီစို့စို့အနံ့များလည်း တထောင်းထောင်းဖြစ်နေသည်။

သို့သော် ကောင်းကင်တွင် ဝိတုန်းများ မရှိတော့။ အားလုံး သေကြေပျက်စီးကုန်ကြပြီ။

ရင်းဆန်းကွေးမှ၊ ရှောင်ယွင်ချင်နှင့် ချွန်ယောင်တို့သည် သက်ပြင်းရှည်ကြီးများ ချမိ၏။

သို့သော် ညှီစို့စို့အနံ့များကြောင့် မူးဝေနောက်ကျိနေကြသည်။ မျက်လုံးများ ပြာဝေနေကြသည်။ အတွင်းအားကို စုစည်းပြီး ဝေဒနာကို တွန်းလှန်နေကြရသည်။ သူတို့ ပုံမှန်အခြေအနေသို့ရောက်သောအခါမှ တုံးလုံးပက်လက်ဖြစ်ပြီး ညည်းညူနေကြသော တပည့်များကို စစ်ဆေးနိုင်းတော့၏။

ရှောင်လင်သည် ဖခင်ကြီး ရှောင်ယွင်ချင်ထံမှ အဆိပ်နိုင်ဆေးများကို သိုင်းပညာသင်ကတည်းက စားထားသူဖြစ်သဖြင့် မူးဝေသော ဝေဒနာမှလွဲ၍ ဘာမျှ မဖြစ်ချေ။

"ကယ်တင်ရှင် မမ ဘယ်မှာလဲ၊ ကျေးဇူးပြု၍ ဇောထွက်လာပါ"

ရှောင်လင်က အော်လိုက်၏။

အော်သံ မဆုံးမီမှာပင် ကျောက်တုံးကြီးတစ်တုံးနောက်မှ ထွက်လာသော ကယ်တင်ရှင်ကို တွေ့ရတော့သည်။

ကယ်တင်ရှင်သည် အခြားသူမဟုတ်။ အနက်ရောင်မျက်နှာပုံးနှင့် အမျိုးသမီးပင် ဖြစ်နေသတည်း။

□○□

သူတို့ အသက်ရှင်မှာ မဟုတ်တော့ဘူး .... "

ရင်းဆန်းကျေးမွှေလည်း ဘက်တော်သားများကိုကြည့်ရင်း မျက်ရည် ဝဲလာသည်။ သူမသည် သူတစ်ပါးအား အကူအညီတောင်းလေ့ရှိသူ မဟုတ်ပေ။ ကိုယ့်မာနနှင့်ကိုယ် နေသူဖြစ်၏။ ယခုအခါတွင်တော့ မာန မထားနိုင်ရှာတော့ပါ။ မျက်နှာပုံးရှင် မိန်းကလေးအား ခဏယဉ်ပြော သည်။

"မွှော်လင့်ချက် ရှိသေးရဲ့လားကွယ်"

မျက်နှာပုံးရှင် အမျိုးသမီးသည် သူမ၏အင်္ကျီအိတ်ထဲမှ တစ်ထွာ ခန့်ရှိသော ပုလင်းလေးတစ်ပုလင်းကို ထုတ်ယူလိုက်ပြီး အဖုံးဖွင့်ကာ လက်ဝါးပေါ် သွန်ချလိုက်သည်။

စိန်တုံးကလေးများလို ဝင်းလက်နေသော အဖြူရောင် ဆေး လုံးကလေးများကို တွေ့ရသည်။ ဆေးလုံးကလေးများသည် နှမ်းစေ့ ခန့်ရှိသော ဆေးလုံးကလေးများ ဖြစ်သည်။

"သေချာပေါက်တော့ အာမခံလို့ မဖြစ်သေးပါဘူး။ ကျွန်မ ဆရာ ပြောထားတာကတော့ ကြောက်စရာကောင်းတဲ့ အဆိပ်ဒဏ်နဲ့ ယောင် ကိုင်းအက်တွဲနေတဲ့ဝေဒနာကို ကုနိုင်တယ်လို့တော့ ပြောဖူးပါတယ်"

မျက်နှာပုံးရှင် အမျိုးသမီးသည် စကားပြောနေရင်းက လူနာ တစ်ယောက်၏ပါးစပ်ထဲသို့ ဆေးလုံးကလေး ငါးလုံးကို သေသေ ချာချာ ထည့်ပေးသည်။

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် ဆေးလိုက်တိုက်၏။

အံ့ဩဖို့ကောင်းသည်။ ရေနွေးအိုး တစ်အိုးကျက်ခန့် ကြာသော အခါတွင် အဆိပ်သင့်နေသူများ၏ ပါးစပ်ထဲမှ အဝါရောင်အရည်များနှင့် အနက်ရောင်အရည်များ အန်ထွက်လာသည်။

လေးငါးကြိမ်မျှ အန်ပြီးသောအခါ ယောင်ကိုင်းနေသူအား လုံး အယောင်လျော့ကျသွားပြီး နဂိုကိုယ်နေကိုယ်ထားအတိုင်း ပြန်ဖြစ်လာ ကြသည်။

နံးချည့်ချည့်ဖြစ်နေရုံမှလွဲ၍ မည်သည့်ဝေဒနာကိုမျှ မခံစားရ တော့ချေ။

ရှောင်လင်သည် အားရဝမ်းသာ ဖြစ်လွန်းသဖြင့် လက်ခုပ် လက်ဝါတီးပြီး အော်ဟစ်လေ၏။ သူမသည် အပျိုပေါက်ဖြစ်နေသော် လည်း ကလေးစိတ် မပျောက်သေးပေ။

"တော်တယ် .... တော်တယ် .... သိပ်တော်တဲ့ မမ .... ကျေးဇူးတင်လိုက်တာ .... ဘယ်လိုကျေးဇူးတင်မှန်း မသိဘူး .... "

ရင်းဆန်းကျေးမွှေလည်း ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်။

"မိန်းကလေးဟာ အားလုံးရဲ့ အသက်သခင် ကျေးဇူးရှင်ပါပဲ၊ မိန်းကလေး ကယ်တင်ခဲ့တာ နှစ်ကြိမ်တောင်ရှိသွားပြီ .... ဟိုတစ်ခါ ကတည်းက မိန်းကလေးကို ပြန်တွေ့ချင်နေတာ၊ မိန်းကလေးရဲ့ နာမည်ကို သိပါရစေ၊ ခုကိစ္စတွေနဲ့ပတ်သက်ပြီး မိန်းကလေးမှာ တစ်စုံ တစ်ရာပတ်သက်မှုရှိတယ်လို့ ထင်မိပါတယ်"

ရင်းဆန်းကျေးမွှ အားတက်သရော ပြောနေသော်လည်း .... မျက်နှာပုံးရှင် မိန်းကလေးကမူ ငြိမ်သက်နေသည်။

အတန်ကြာမှ ....

"ကျွန်မနာမည်သိလို့ ဘာမှအကြောင်းမထူးပါဘူးရှင်၊ ကျွန်မမှာ မလွဲသာမရှောင်သာတဲ့ အကြောင်းတွေ ရှိနေလို့ပါ။ ခုလို ကူညီနိုင်တာ ကိုပဲ ကျေနပ်လို့ မဆုံးပါဘူး"

ရှောင်ယွင်ချင်သည် ပါးစပ်ဝိတ်ပြီး မနေနိုင်တော့သဖြင့် ....

"ကျေးဇူးရှင်မိန်းကလေးရယ်၊ နာမည်လေးပြောရုံနဲ့မိန်းကလေးမှာ ဘာမှမထိခိုက်နိုင်ပါဘူးကွယ်၊ မိန်းကလေး ဘာမှ မပြောပေမယ့်လည်း မိန်းကလေးရဲ့အကြောင်းကို ခန့်မှန်းကြည့်ရင် သိနိုင်ပါတယ်ကွယ်"

မျက်နှာဖုံးရှင် မိန်းကလေးသည် ဘာကြောင့်ရယ်မသိ တွံ့ခနဲဖြစ်သွားသည်။

"ဒီလိုဆိုရင် ဆရာကြီးရဲ့ ခန့်မှန်းချက်ကို ပြောပြပါ"

"ကျုပ်အမြင်ကတော့ မိန်းကလေးဟာ မနံချူးတော်လှန်ရေးစခန်းဖြစ်တဲ့ နေလဘာနချုပ်ရဲ့ ပတ်သက်မှုရှိတယ်လို့ ထင်ပါတယ်"

"ဘယ်လိုအကြောင်းကြောင့်လဲ"

"မိန်းကလေး ချထားခဲ့တဲ့စာကိုကြည့်ရင် မိန်းကလေးဟာ ကျုပ်တို့ မျိုးချစ်သိုင်းသမားတွေရဲ့ လှုပ်ရှားမှုတွေနဲ့ဆက်စပ်နေတယ်ဆိုတာ သိနိုင်ပါတယ်၊ နောက်ပြီး ခုလို ကြီးမားတဲ့အန္တရာယ်တွေကြားထဲကိုဝင်ပြီး ဘာလို့ ကူညီရမှာလဲ"

မျက်နှာဖုံးရှင် အမျိုးသမီးသည် မည်သည့်တုံ့ပြန်မှုမျှမရှိဘဲ ငြိမ်ပြီး နားထောင်နေသည်။

ရှောင်ယွင်ချင်က မျက်နှာဖုံးရှင်အမျိုးသမီးကို သေသေချာချာ အကဲခတ်ပြီး ဆက်မေးသည်။

"ကျုပ် မေးပါရစေ၊ မိန်းကလေးရဲ့ ကျေးဇူးရှင် ဆရာတော်ဟာ သိုင်းလောက,က နှစ်ပေါင်းများစွာ ပျောက်ကွယ်နေခဲ့တဲ့ 'တေဇောကြယ်ရှင် ခုံးဝှာရန်' မဟုတ်လား"

မျက်နှာဖုံးရှင် မိန်းကလေးမှာ ဆတ်ခနဲ တုန်လှုပ်သွားသည်။

"ဆရာကြီး .... ဘယ်လို သိနေတာလဲ"

"မိန်းကလေးရဲ့လှုပ်ရှားမှုနဲ့ မကြာခင်က အသုံးပြုခဲ့တဲ့ လောင်မီးလက်နက်ပညာဟာ ဆရာကြီးခုံးရဲ့ သီးသန့်ပညာရပ်တစ်ခုပဲ၊ သိုင်းလောကမှာ အဲဒီပညာကို သုံးနိုင်သူ ဘယ်သူမှ မရှိခဲ့ဘူး၊ ဒါကြောင့်မို့ မိန်းကလေးဆရာ ဘယ်သူဆိုတာ ခန့်မှန်းနိုင်တာပေါ့"

မျက်နှာဖုံးရှင် အမျိုးသမီးသည် သက်ပြင်းရှည်ကြီး ချလိုက်သည်။

"ဆရာကြီးဟာ သိုင်းလောက ဗဟုသုတနဲ့ ပြည့်စုံသူပါပဲ .... ဆရာကြီး ယူဆတာ မှန်ပါတယ်"

ရှောင်ယွင်ချင်သည် တေဇောကြယ်ရှင် ခုံးဝှာရန်၏တပည့်ကိုယ်တိုင် ဝင်ရောက်ကူညီနေသဖြင့် လွန်စွာ ကျေနပ်ဝမ်းသာနေသည်။ သူသည် ထင်းရှူးတောဆီသို့ အမှတ်မထင် လှမ်းကြည့်လိုက်မိသည်။

"ဟိုက် .... "

ရှောင်ယွင်ချင်၏ အာမေဋိတ်သံကြောင့် ကျန်လူများ သမင်လည်ပြန် ဖြစ်သွားကြသည်။

ထင်းရှူးတောဘက်မှ လူအုပ်တစ်အုပ်သည် တရိပ်ရိပ်ပြေးလာနေကြလေပြီတည်း။

□○□

"မိန်းကလေးဟာ ကိုးနဂါးဆရာရဲ့အကြောကောင်းဘက်ကောင်းတွေကို ရထားသူလို့ ကျွပ်တို့ ယုံကြည်နေတယ်၊ ဒါကြောင့် အခြေအနေတစ်ခုလုံးကို မိန်းကလေးပဲ ဦးစီးစေချင်တယ်၊ ဝို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ဆိုတာလို ကူညီမယ့်ကူညီရင်လည်း အဆုံးရောက်အောင် ကူညီစေချင်ပါတယ်"

ဖြစ်ပေါ်သူကြီး၏ မေတ္တာရပ်ခံတောင်းပန်မှုကြောင့် မိန်းကလေးမှာ တွေဝေသွားသည်။ အတန်ကြာမှ ....

"ဆရာကြီးတို့တောင်းဆိုချက်ကို မငြင်းပုံတော့ပါဘူးရှင်၊ ကျွန်မတတ်နိုင်သလောက် တာဝန်ယူဆောင်ရွက်ပေးပါ့မယ်၊ ဆရာကြီးတို့ကလည်း ကျွန်မဘက်က ချုတ်ယွင်းနေတာတွေ့ရင် ထောက်ပြကြပါ"

မာနကင်းသောအသံဖြစ်သဖြင့် ရှောင်ယွင်ချင်တို့ ကျေနပ်နေသည်။ မိန်းကလေးက ဆက်၍ရှင်းပြ၏။

"မနံ့ချူးတွေ ပင့်ဖိတ်ထားတဲ့ လားမားဆရာ သုံးဦးဟာ တစ်ဦးတစ်မျိုးစီ အစွမ်းထက်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ အဲဒီသုံးဦးထဲက ရွှေခေါင်းလောင်းဆရာဟာ ကြောက်စရာအကောင်းဆုံးပဲ၊ သူ့ရွှေခေါင်းလောင်းသံဟာ လူစိတ်ကို မိန်းမောတွေဝေသွားအောင် ညှို့နှိုင်စွမ်းရှိတယ်၊ အဲဒီခေါင်းလောင်းကို လျှို့ဝှက်လက်နက်အဖြစ်လည်း သုံးလေ့ရှိတယ်၊ အဲဒီ လားမားပေါ်လာရင်တော့ သတိကြီးကြီးထားပြီး ရင်ဆိုင်ဖို့လိုတယ်၊ စိတ်တည်ငြိမ်ဖို့လိုတယ်၊ အလောတကြီး အနိုင်ယူဖို့ မကြိုးစားစေချင်ဘူး"

"အခုလာနေတဲ့ ရွှေခြူးလားမားကကော"

ရှောင်ယွင်ချင်က မေးလိုက်သည်။

မွက်နှာပုံးရှင် အမျိုးသမီးက ....

အခန်း(၆၇)

ကိုးနဂါးဆရာကြီး

မွက်နှာပုံးရှင်အမျိုးသမီးသည် ပြေးလာနေသူများကို အာရုံစိုက်ပြီး ကြည့်နေသည်။ ရွှေဆုံးမှ ဦးဆောင်ပြေးလာသူကား ဝတ်ရုံဖြူကြီးကို ဝတ်ဆင်ထားသော တိဗက်လားမားကြီးတစ်ဦးပေတည်း။ သူ့နောက်တွင် မန်ချူးစစ်သားနှစ်ဆယ်ခန့် ပါလေသည်။

"ရွှေဆုံးက လားမားဟာ ရွှေခြူလားမားပဲ၊ သူ့ကို တစ်နည်းနည်းနဲ့ တားထားနိုင်ရင် ကျွန်မတို့ ထင်းရှူးတောထဲ ဝင်ပြီး ကိုးနဂါးဆရာနဲ့ တွေ့ဆုံနိုင်တယ်"

မွက်နှာပုံးရှင် အမျိုးသမီးစကားကြောင့် ရှောင်ယွင်ချင်က ခေါင်းညိတ်ပြီး ပြန်ပြောသည်။

"လောလောဆယ်မှာ မိန်းကလေးရဲ့အကြံဉာဏ်ကို ခံယူလိုတယ်၊ အစစအရာရာ မိန်းကလေးပဲ စီစဉ်ညွှန်ကြားစေချင်ပါတယ်"

မွက်နှာပုံးရှင်အမျိုးသမီးက ခေါင်းခါ၏။

"ကျွန်မ ဒီလိုမလုပ်ဝံ့ပါဘူး"

အနားတွင်ရပ်နေသော ဖြစ်ပေါ်သူကြီးက ဝင်၍တောင်းပန်၏။

"သူကတော့ အဆိပ်ပိုးကောင်တွေကို ခိုင်းစေတတ်တဲ့ ပညာရှင်ပဲ၊ စောစာက ဝိတုန်းတွေကို အမိန့်ပေးစေခိုင်းနေတာသူပေါ့"

"သံကြေးမုံ လားမားကကော မမ"

ရှောင်လင်၏အမေးကို မျက်နှာဖုံးရှင်အမျိုးသမီးက ပြုံးပြီးဆက်ဖြေသည်။

"သူကတော့ တိုက်အိ နတ်ကြေးမုံကို အထူးအားထားတဲ့ ပုဂ္ဂိုလ်ပါ .... ဒါပေမယ့် အဲဒီလက်နက်ကို ကျွန်မ ဖျက်ဆီးပစ်ခဲ့ပြီးပါပြီ၊ ဒါပေမယ့် ပေါ့ပေါ့ဆဆ တိုက်လို့တော့ မဖြစ်ဘူး၊ သူက တိဗက်မှာလည်း အတော်ကျော်ကြားနေတာ"

"သူတို့ မှော်ပညာတတ်တယ်ဆိုတာ"

ရှောင်လင် စကားကို တစ်ဝက်နှင့် ဖြတ်ထားလိုက်သည်။

မျက်နှာဖုံးရှင် အမျိုးသမီးက ....

"အဲဒါတွေက တမင်ခြောက်လှန့်တဲ့ စကားတွေပါ .... ဒီစကားက သူတို့ရဲ့လက်နက်တစ်မျိုးပဲ .... သူတို့ရဲ့သိုင်းပညာကို လူတွေ ကြောက်သည်ထက် ကြောက်အောင် ဝါဒဖြန့်တာပါ"

"ရန်သူ နီးလာပြီ၊ ဦးကျိုးအောင် တိုက်ကြမလား"

ရင်းဆန်းကွေးမူက ပြေးလိုက် ရပ်လိုက်၊ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လုပ်နေသော လားမားအုပ်စုကိုကြည့်၍ ပြောသည်။

မျက်နှာဖုံးရှင် အမျိုးသမီးက ....

"ခေတ္တ သည်းခံကြပါ၊ သူတို့ ဖြုန်းခနဲ ဝင်မတိုက်ရဲသေးပါဘူး၊ မီးကျည်တွေ တက်လံမှ လူစုခွဲတိုက်ကြတာပေါ့"

"မီးကျည်၊ ဘယ်က မီးကျည်လဲ"

ရှောင်ယွင်ချင်က နားမလည်ဟန်ဖြင့် မေးသည်။

ထိုအချိန်မှာပင် ထင်းရှူးတောဘက်ဆီမှ အနီရောင်မီးကျည်နှင့် အပြာရောင် မီးကျည်နှစ်ခု ကောင်းကင်ပေါ်သို့ ထိုးတက်လာသည်။

မှောင်နေသောပတ်ဝန်းကျင်သည် အဲ့သြဖွယ် လင်းထိန်သွားသည်။

"အချိန်ကျပြီ"

မျက်နှာဖုံးရှင် အမျိုးသမီး၏အသံ ထွက်လာသည်။

ရှောင်လင်က ....

"ဒီမီးကျည်ဟာ ကျွန်မတို့ကို ကူညီမယ့် မီးကျည်ထင်တယ်"

"ဟုတ်တယ်၊ ဆရာကြီးသိုင်းရူးတို့ လွတ်တင်လိုက်တာပဲ"

မျက်နှာဖုံးရှင် အမျိုးသမီးစကားကြောင့် ရှောင်ယွင်ချင်တို့ အံ့အားသင့်သွားကြသည်။

ဤအမျိုးသမီးနှင့် သိုင်းရူးအဘိုးကြီးသည် မည်သို့မည်ပုံ ဆက်သွယ်ခဲ့ကြလေသနည်း။

သိုင်းရူးအဘိုးကြီးဟူသောအသံကို ကြားလိုက်ရသည်နှင့် ရင်းဆန်းကွေးမူသည် ထုံးစံအတိုင်း ဒေါသဖြစ်လာသည်။

"သူပေါ်လာပြီကို့.... နည်းနည်းမှကို ခွင့်လွှတ်ဖို့မကောင်းဘူး"

ထိုစဉ် မျက်နှာဖုံးရှင် အမျိုးသမီး၏ညွှန်ကြားသံ ပေါ်လာသည်။

"ဦးကြီး ရှောင်ယွင်ချင်က ရွှေခြူလားမားကို ရင်ဆိုင်ပါ .... ကျွန်မက ဘေးကနေပြီး လိုအပ်သလို ကူမယ်၊ ဒေါ်ဒေါ်နဲ့ညီမတို့က တော့ ကျန်တဲ့ရန်သူတွေကို တိုက်ပါ"

ထိုအချိန်မှာပင် ရန်သူများ အနီးသို့ ရောက်လာကြသည်။

ရွှေခြူလားမားသည် ရှောင်ယွင်ချင်နှင့် ရင်းဆန်းကွေးမူတို့လူစုကို ရုတ်တရက် ဝင်မတိုက်ပေ။

"နင်တို့ဟာ တော်တော် အသက်ပြင်းတဲ့ဟာတွေပဲ၊ နင်တို့ အသက် ဘယ်လောက်ပြင်းတယ်ဆိုတာ ထပ်ပြီးစမ်းကြည့်ကြသေးတာ ပေါ့"

လားမားကြီးသည် စကားဆုံးသည်နှင့် လက်ထဲမှခြူကို လှုပ်ခါ ဝှေ့ယမ်းလိုက်သည်။ ခြူထဲမှထွက်လာသော လက်နက်ပုန်းများသည် ဝင်းခနဲဖြစ်သွားပြီး ရှောင်ယွင်ချင်တို့ရှိရာ ပြေးလာကြသည်။

ရှောင်ယွင်ချင်မှာ ဂိုက်းချူပ်ကြီးတစ်ဦးဖြစ်၍ ဤလက်နက်ပုန်း လောက်တော့ လုံးဝ ဂရုမစိုက်ပေ။ အကျိုလက်စွဲညှပ်ကို ခါယမ်းပစ်လိုက်ရာ ထိုလက်နက်ပုန်းမှ အဆိပ်အပ်ကလေးများကို စုသိမ်းလိုက်သကဲ့သို့ ဖြစ်သွား၏။

ထိုအချိန်တွင် ရင်းဆန်းကွေးမူတို့ ဦးဆောင်သော အမျိုးသမီး သူရဲကောင်းများသည် မန်ချူးသိုင်းစစ်သားနှစ်ဆယ်ကျော်နှင့် တရကြမ်း တိုက်ခိုက်နေကြလေပြီ။ မွက်နာဖုံးရှင်အမျိုးသမီးသည် အခြေအနေကို ကြီးကြပ်ကွပ်ကဲပြီး စောင့်ကြည့်နေ၏။

ထိုအချိန်မှာပင် ဝိတုန်းအုပ်တစ်အုပ်သည် တဝီဝီပျံသန်းလာကြပြန်သည်။ မွက်နာဖုံးရှင် မိန်းကလေးသည် အသင့်ဆောင်ထားသော လက်နက်များကိုထုတ်ယူပြီး ဦးခနဲ့ ပစ်လွှတ်လိုက်၏။ အနီရောင် အလင်းတန်းဆယ်ခုခန့်ဖြစ်ပေါ်ပြီး ဝိတုန်းအုပ်ထဲသို့ ဝင်သွား၏။ ဆူညံသော ပေါက်ကွဲသံများ မြည်ဟည်းသွားပြီး ကောင်းကင်ယံ၌ မီးပန်းများ ဖွာထွက်သွားသည်။ ဝိတုန်းအုပ်ကြီးသည် တိုက်ပွဲကွင်းထဲသို့ပင် မဆင်းသက်နိုင်ကြဘဲ သဲကြေပျက်စီးသွားကြပြန်သည်။

ရွှေခြူလားမားသည် ဝိတုန်းအုပ်ကြီး သေကြေပျက်စီးသွားသည်နှင့် ငယ်သားများကို အော်ငေါက်အမိန့်ပေးပြီး ထင်းရှူးတော

ဘက်သို့ ဆုတ်ခွာသွားသည်။ ရှောင်ယွင်ချင်တို့သည် ရွှေခြူလားမားကို အလွတ်မခံနိုင်ကြသဖြင့် ရတကြမ်း ပြေးလိုက်ကြသည်။

သို့သော် .... ရွှေခြူလားမားတို့ ထင်းရှူးတောထဲဝင်သွားပြီး မကြာခင်မှာပင် ထင်းရှူးတောထဲမှ မီးတောက်မီးလွှဲများ တက်လာတော့သည်။ ရွှေခြူလားမားတို့သည် ထင်းရှူးဝက်ပါထောင်ချောက်ကို မီးရှို့ဖျက်ဆီးနေကြလေပြီတကား။

ထင်းရှူးတောကို လောင်ကျွမ်းနေသော မီးသည် တစ်ချိန် ထက်တစ်ချိန် ပို၍ ကြောက်စရာကောင်းလာသည်။

မီးတောက်မီးလွှဲများကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံး နီရဲလင်းထိန်နေသည်။

"မန်ချူးတို့ ယုတ်မာကုန်ပြီ၊ ကိုးနဂါးဆရာကြီးကို မီးနဲ့တိုက်နေပြီ၊ ရှေ့ကို တိုးကြ"

မွက်နာဖုံးရှင်အမျိုးသမီး၏ အမိန့်ပေးသံ ဖြစ်သည်။

ရှောင်ယွင်ချင်တို့သည် ထင်းရှူးတောကို ငိုင်ကြည့်နေမိရာမှ အမိန့်သံကိုကြားပြီး ဆတ်ခနဲဖြစ်သွား၏။ တို့နောက် တစ်ဟုန်ထိုး ပြေးဝင်သွားကြလေတော့၏။

ထင်းရှူးတောရှေ့ မီးတောက်မီးလွှဲများ အနီးသို့ ရောက်သော အခါ ဘေးနှစ်ဖက်မှ ပစ်လွှတ်လိုက်သော မြားတံများ တွှီးခွီးထွက်လာသည်။ မန်ချူးများသည် ထင်းရှူးတောအဝင်မှစောင့်၍ လုပ်ကြံကြခြင်းဖြစ်ပေသည်။ ရှောင်ယွင်ချင်တို့သည် ထင်းရှူးတော ဝင်ပေါက်ကို လှမ်းကြည့်ရင်း သူတို့ဆီသို့ ကျရောက်လာသော မြားတံများကို ဝှေ့ယမ်းခါထုတ်ပစ်ကြ၏။

"မြားသမားတွေကိုရှာပြီး ချေမှုန်း"

အမိန့်ပေးသံ မဆုံးမီမှာပင် သိုင်းသမားများသည် မြားတံများ ထွက်လာရာသို့ ရောက်ရှိသွားသည်။ ထို့နောက် ချောင်းမြောင်းပစ်ခတ်နေသည့် မန်ချူးလေးသမားများကို အပြင်းအထန် တိုက်ခိုက်ကြတော့သည်။ လက်ဝါးသံများ၊ အော်ဟစ်သံများ ဆူညံသွားသည်။

ရင်းဆန်းကွေးမူ၏ အမျိုးသမီးသုရဲကောင်း သိုင်းသမားများသည် မြားလက်နက်ရှင်များကို ရွတ်ရွတ်ချန်ချန် တိုက်ခိုက်ကြလေပြီ။

တစ်ခဏအတွင်းမှာပင် မြားသမားဆယ်ယောက် သေဆုံးသွားကြသည်။ ရန်သူအုပ်စုတစ်စု ရှင်းလင်းသွားချိန်တွင် ထင်းရှူးတောအတွင်းရှိ မီးတောက်မီးလျှံများအထဲမှ ခုန်ပျံပြီး ပြေးထွက်လာသော လူတစ်စုကို တွေ့ကြရသည်။

"ကိုးနဂါးဆရာကြီး"

မျက်နှာဖုံးရှင်အမျိုးသမီး၏အော်သံ ဖြစ်သည်။

မြင်ကွင်းကြောင့် အားလုံး ဝမ်းသာသွားကြသည်။

"မိဟုန်လည်း ပါလာတယ်"

ရှောင်လင်က အော်လိုက်၏။

ရင်းဆန်းကွေးမူသည် ကိုးနဂါးဆရာကြီးနောက်မှ လူကိုကြည့်ပြီး 'သူလည်း ပါလာတာကိုး'ဟု ရေရွတ်လိုက်သည်။

သိုင်းရူးအဘိုးကြီးနှင့်တွဲပြီးပါလာသူကား လက်နှစ်ဖက်မိုးလုန်တွမ်ကြွင်းတည်း။

သိုင်းရူးအဘိုးကြီးနှင့်လက်နှစ်ဖက်မိုးလုန်တွမ်ကြွင်းတို့သည် သူတို့ချည်း ကိုယ်လွတ်ရုန်းပြေးလာကြခြင်း မဟုတ်ပေ။ တစ်ယောက်က ကွမ်းရင်းဆန်းကိုထမ်း၍ တ်ယောက်က ဆင့်ခြင်းလုံရွှင်ကိုထမ်းပြီး ပြေးလာကြခြင်း ဖြစ်သည်။

ဝမ်ယွင်ချောင်နှင့် ဟုန်ဟုန်တို့ကား ပါမလာကြပေ။

သိုင်းသမားအားလုံးသည် သိုင်းလောကမှ ဇာတ်မြှုပ်ဟောက်ကွယ်သွားသည့် ကိုးနဂါးဆရာကြီးကို လက်အုပ်ချီ၍ ဂါရဝပြုကြ၏။ ဆရာကြီးမှာ အသက်ကြီးလှပေပြီ။ သို့သော် သိုင်းပညာ၌ တစ်ဘက်ကမ်းခတ် ပေါက်ရောက်နေသဖြင့် လွန်စွာ ပေါ့ပါးစွာ ပြေးလွှားလာနိုင်သည်။ ကိုးနဂါးဆရာကြီးသည် ရင်းဆန်းကွေးမူတို့နှင့် ပေါင်းဆုံမိသည်နှင့် 'နောက်ဆုတ်ကြ .... နောက်ဆုတ်ကြ'ဟု အမိန့်ပေးသည်။

သူတို့အားလုံး မီးတိုက်ကွက်မှ ဆုတ်ခွာပြီး အတော်ဝေးဝေးသို့ ရောက်ရှိလာကြသည်။ ထိုအချိန်မှာပင် သူတို့နောက်သို့ ရန်သူအုပ်စုတရကြမ်းလိုက်လာကြပြန်သည်။ ရှေ့ဆုံးမှ ဦးဆောင်လာသူကား အလွန်တရာအရပ်မြင့်လှသော လားမားကြီးတစ်ဦး ဖြစ်လေ၏။ အကျည်းတန်ရုပ်ဆိုးသလောက် ရက်စက်ကြမ်းကြုတ်မည့်ဟန် အပြည့်ရှိသည်။ ထိုလားမားသည် လားမားသုံးဦးထဲမှ အကြီးဆုံးရွှေခေါင်းလောင်းဆရာဖြစ်သည်။ သူ့နောက်မှလားမားကား ရွှေခြူလားမားဖြစ်သည်။ သံကြေးမုံလားမားကား ဘယ်ရောက်နေသည် မသိ၊ ထိုလူစုထဲတွင် ပါမလာချေ။ ကိုးနဂါးဆရာကြီးသည် ရှောင်ယွင်ချင်နှင့် ရင်းဆန်းကွေးမူတို့ကိုလှမ်းကြည့်ပြီး ....

"အဲဒီလားမားဟာ ရွှေခေါင်းလောင်းလားမားပဲ၊ သူ့ကို သတိထားလိုက်ကြ .... "

ရှောင်လင်နှင့်မိဟုန်သည် ဝမ်ယွင်ချောင်တို့အတွက် စိတ်ပူလွန်းလှသဖြင့် ဆရာတော်အား လက်အုပ်ချီ၍ မေးလျှောက်လေ၏။

"ဆရာကြီး .... ကျွန်တော်တို့ထဲက .... မျိုးချစ်တော်လှန်ရေးသမားတွေကို မတွေ့ဖိဘူးလား .... "

"သူတို့ ရွေခေါင်းလောင်းလားများရဲ့ မေ့ဆေးငွေ့တွေ မိသွားပြီထင်တယ်၊ အဲဒီအတိုင်းဆိုရင်တော့ သံကြေးမုံလားများနဲ့ 'အသက်နုတ် မရဏ'တို့က မြစ်ဝါဘက် ခေါ်သွားလောက်ပြီ"

မိန်းကလေးနှစ်ဦးသည် ဆရာကြီး၏စကားကိုကြားသည်နှင့် မြောက်ဘက်သို့ ပြေးထွက်သွားတော့သည်။ ရှောင်ယွင်ချင်သည် ဝမ်ယွင်ချောင်တို့အတွက်စိတ်ပူပန်မိသဖြင့်ဆရာကြီးအားပန်ကြားကြသည်။

"ဆရာကြီး .... ဒီမှာ ဆရာကြီးရှိနေပြီဆိုတော့ ရန်သူကို ပိုင်ပိုင်နိုင်နိုင် ချေမှုန်းနိုင်ပါလိမ့်မယ်၊ ကျွန်တော် ဝမ်ယွင်ချောင်နောက် လိုက်သွားပါရစေ ဘုရား"

ကိုးနဂါးဆရာက ....

"သွားနိုင်ပါတယ် .... ဒီတိဗက်လားများကိုတော့ ကျွေပ် တားထားနိုင်ပါလိမ့်မယ်"

ရှောင်ယွင်ချင်လည်း ရှောင်လင်တို့နောက်သို့ တရကြမ်း ပြေးလိုက်တော့သည်။

စာစဉ် (၄) ပြီး၏။

စာစဉ် (၅-သိမ်း)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ်နေလင်းအောင်